# Almighty Sword Domain

# အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

(ကောင်းကင်ပြင်ပ)

Book.63 (1078-1092)
တိမ်ပင်လယ်အကယ်ဒမီမှ ဖိတ်ခေါ်ခြင်း

## ၁၀၇၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၇၈ - ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒက သိုင်းသူတော်စင်တွေကို တိုက်ခိုက်နိုင်မလား

ကျန့်ဝူချန်းက ခေါင်းယမ်းကာ သူ့ရှေ့မှမြင်ကွင်းကို ပြန်ကြည့်လိုက်ရင်း "ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို ရဖို့က ဒီလောက်မလွယ်ဘူးဆိုတာ မင်းသိထားသင့်တယ်။ ပြီးတော့ သူက ဒီမှာရှိတဲ့ ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒတွေကို တစ်ခုမကျန် ဝါးမျိုရင်တောင်မှ မဖြစ်နိုင်ဘူး။ ဒီလိုမှမဟုတ်ရင် ငါတို့ဓားကျောင်းတော်ရဲ့

စီနီယာမျိုးဆက်ပညာရှင်တွေက
ဒီဓားစိတ်ဆန္ဒတွေကို ဝါးမျိုတာ ကြာပေါ့။
ဒါ့အပြင်
"သိုင်းပညာအဆင့်သတ်မှတ်ချက်ပြိုင်ပွဲ"က
မင်းထင်သလောက် မရိုးရှင်းဘူး။
အတိုချုပ်ပြောရရင်တော့ အခုအချိန်မှာ ငါတို့က
အဲဒီလူအိုကြီးတွေကို ရှင်းပြဖို့နည်းလမ်းတစ်ခု
အမြန်ဆုံးရှာဖို့ပဲ။ ဓားစိတ်ဆန္ဒစေတီထဲက
ဓားစိတ်ဆန္ဒတွေကို
တစ်ခုမကျန်ဝါးမျိုလိုက်တော့ စေတီတော်ပါ
ပြိုကျသွားပြီ။ ဒါက ငါ့ရဲ့ဓားသခင်
အဆင့်အတန်းနဲ့တောင် ဒုက္ခရောက်နိုင်တယ်”

တာအိုသခင်ဂူ က ရှက်ကိုးရှက်ကန်းနဲ့ ပြုံးပြီး "ဓားသခင်၊ မင်းက နောက်နေတာဖြစ်ရမယ်။ တည်ထောင်သူဘိုးဘေးအပြင် မင်းက ငါတို့ဓားကျောင်းတော်မှာ အစွမ်းထက်ဆုံးလေ။ ဒီတော့ ဘယ်သူကများ မင်းကို ဘယ်လို အပြစ်တင်ပြီး အပြစ်ပေးဝံ့မှာလဲ။ သူတို့က မင်းကို အကြောက်ဆုံးပဲ"

ကျန့်ဝူချန်းက ယန်ယွဲ့ကို အချိန်တော်တော်ကြာစိုက်ကြည့်နေရင်း အသံတိုးတိုးလေးပြောလိုက်သည် "ငါတို့ရဲ့

ခါးကျောင်းတော်ကို သူရောက်လာတာက
ကောင်းချီးတစ်ခုလား ဒါမှမဟုတ်
ကပ်ဘေးလား..."

တာအိုသခင်ဂူ၏ မျက်နှာပေါ်တွင်လည်း
လေးနက်သော အမူအရာ ပေါ်လာသည်။
ယန်ယဲ့၏ခွန်အားကကြောက်စရာကောင်းသော်
လည်း သူ၏ဒုက္ခပေးနိုင်စွမ်းက လုံးဝ
ကြောက်မက်ဖွယ်ကောင်းသည် ။ ထို့အပြင်
ယန်ယဲ့၏အကျင့်စရိုက်ကိုက အားလုံးအပေါ်
လွှမ်းမိုးချုပ်ကိုင်လွန်းသော လုပ်ရပ်ဖြစ်သည်။

မည်သူမျှ သူ့ကို ပြဿနာမရှာလျှင်
အဆင်ပြေသော် လည်း
တစ်စုံတစ်ယောက်ကသာ ပြဿနာရှာလာပါက
ထိုလူကို သေချာပေါက်သတ်ပစ်မည်ဖြစ်သည်။
ထိုသို့သော အကျင့်စရိုက်က
သူ့အားအနိုင်ကျင့်မခံရအောင်
ထောက်ပံ့ထားလေသည်။ သို့သော်လည်း
အကျိုးဆက်ကတော့ သူ့မှာ ရန်သူများ
များပြားလာခြင်းပင်။

တာအိုသခင်ဂူ က သူ၏အချစ်ဆုံးတပည့်ကို
စိုက်ကြည့်ရင်း သက်ပြင်းချကာ

သူ့မျက်လုံးထဲ၌ အနည်းငယ် ရှုပ်ထွေးသော အကြည့်များ ရှိနေသည်။

ယန်ယွဲ့သည် သူ့ပတ်ဝန်းကျင်ရှိ ဓား စိတ်ဆန္ဒများ တစ်ဖြည်းဖြည်း ငြိမ်သက်သွားသည်ထိ အချိန်အတန်ကြာ စောင့်ဆိုင်းနေပြီးနောက်တွင် သူ့မျက်လုံးများကိုဖွင့်လိုက်သည်။

ထို့နောက် သူ့လက်ချောင်းများကို ပူးကပ်ထားပြီး အဝေးတစ်နေရာ ဆီသို့ အသာငေ့ယမ်းလိုက်၏။ လက်ချောင်းများကို လွှဲလိုက်သည်နှင့် အဝေးမီမြေပြင်က

ချက်ချင်းကွဲထွက်သွားပြီး
အောက်ခြေအနက်ကိုမခန့်မှန်းနိုင်သော
တွင်းနက်ကြီးပေါ်လာခဲ့သည်။

ကျန့်ဝူချန်းက မျက်ခွံများ လှုပ်ယမ်းသွားကာ
"ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒ"

ယန်ယဲ့သည် မျက်ခုံးများ အနည်းငယ် တွဲလျက်
"ဒါက ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ
မဟုတ်ဘူးလား"

"မင်းမှာရှိတဲ့အရာနဲ့ပဲပျော်အောင်နေ"
ကျန့်ဝူချန်းက ဆက်ပြောလိုက်သည်
"တည်ထောင်သူဘိုးဘေးနဲ့
ငါတို့ကျောင်းတော်ရဲ့
မဟာပါရမီရှင်တွေကလွဲရင် ငါတို့အားလုံး
ကောင်းကင်အဆင့်
ပြီးပြည့်စုံသောဓားစိတ်ဆန္ဒမှာပဲရှိနေတယ်ဆို
တာ မင်းသိလား။ ကောင်းကင်အဆင့် ၃
ဓားစိတ်ဆန္ဒတွေကြားမှာ
စွမ်းအားကွာဟတယ်ဆိုပေမဲ့ အဆုံးကျ
ကောင်းကင်အဆင့် ဓားစိတ်ဆန္ဒပဲလေ။ ဒါပေမဲ့
မင်းက အသက် ၂၀ အရွယ်နဲ့တင်

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒကို နားလည်ခဲ့ပြီ။ ရိုးရိုးသားသားပြောရရင် ငါတောင် မနာလိုဖြစ်မိတယ်”

ယန်ယဲ့က ရှက်ရွံ့စွာ ပြုံးလိုက်ပြီး "ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒက အသံတိတ်သတ်ဖြတ်ခြင်းစိတ်ဆန္ဒမဟုတ်လား ။ အခု ငါ့ရဲ့ဓားစိတ်ဆန္ဒကလည်း အသံတစ်ချက်တောင်မထွက်ခဲ့ဘူး။ ဒါကြောင့် ဘယ်လိုဖြစ်ပြီး ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ မဟုတ်ဘဲနဲ့ ဟင်းလင်းပြင်တစ်ပိုင်းအဆင့်ပဲ ဖြစ်ရတာလဲ"

"ဘာလို့လဲဆိုတော့ မင်းရဲ့ခံစားစိတ်ဆန္ဒက
ဒီကမ္ဘာရဲ့အကန့်အသတ်ကို မကျော်နိုင်လို့"
တာအိုသခင်ဂူက ရုတ်တရက် ပြောခဲ့သည်
“မင်းရဲ့ လက်ရှိခံစားစိတ်ဆန္ဒက
ဒီကမ္ဘာရဲ့အကန့်အသတ်နဲ့ ညီမျှနေပြီလို့
ယူဆနိုင်တယ်။ ဒီတော့ အဲဒါကို
အာရုံခံနိုင်သေးတယ်။

ဟုတ်တယ်၊ သာမန်လူတွေက ဒီလောကကို
နားလည်သဘောပေါက်လာခဲ့တဲ့ ပါရမီရှင်တွေ
ဒါမှမဟုတ် သိုင်းသူတော်စင် နဲ့
ခြေလှမ်းတစ်လှမ်းဝက်လောက်ပဲဝေးတော့တဲ့

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်မဟုတ်ရင်တော့ သာမာန်လူတွေက ဖော်ထုတ်နိုင်မှာ မဟုတ်ဘူး။ တိုတိုပြောရရင် သူတို့က ကမ္ဘာကြီးကို နားမလည်သေးရင် ဒါမှမဟုတ် သိုင်းသူတော်စင် မဟုတ်ရင် အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်တွေတောင်မှ မင်းရဲ့ ဓားစိတ်ဆန္ဒကို အာရုံခံနိုင်မှာမဟုတ်ဘူး"

ယန်ယွဲ့က "ဒါဆို ဒီတပည့်က စစ်မှန်တဲ့ ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို ရအောင် ဘယ်လိုလုပ်ရမလဲ"

ထိုစကားကို ကြားလိုက်သည့်အခါ

တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း တို့နှစ်ဦးလုံး

မျက်နှာပေါ်တွင်

လေးနက်သောအမူအရာများကို

ထုတ်ပြကြသည်။ တာအိုသခင်ဂူ က

လေးလေးနက်နက်ပြောခဲ့သည် "ကလေး၊

မင်းက ကိုယ်တတ်နိုင်တာထက်

လက်လှမ်းမမီတဲ့အရာကို ဆုပ်ကိုင်ဖို့

ဘယ်တော့မှ မကြိုးစားမိစေနဲ့။

မင်းရဲ့ကျင့်ကြံမှုကို အလျင်စလိုလုပ်တာဟာ

ဘယ်တော့မှ အကျိုးမရှိဘူး”

ယန်ယဲ့က ခေါင်းညိတ်ပြီး "လမ်းညွှန်မှုအတွက် ကျေးဇူးတင်ပါတယ်" အမှန်တော့ ထိုစကားများပြောမိသည်ကို နောင်တရနေပါသည်။ သူက စိတ်လှုပ်ရှားနေချိန်ဖြစ်ရာ အတော်လေးစိတ်မရှည်သလိုဖြစ်သွားသည်မဟုတ်လော။

ကျန့်ဝူချန်း နှင့် တာအိုသခင်ဂူ တို့လည်း ဒီကိစ္စအပေါ် ယန်ယဲ့၏ သဘောထားကို မြင်သောအခါ စိတ်သက်သာရာရသွားကြသည်။ ကျန့်ဝူချန်းက

"စစ်မှန်တဲ့ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒက မဟာနတ်ဘုံကမ္ဘာနဲ့
တခြားပြင်ပကမ္ဘာတွေမှာတော့ ရှိနိုင်တယ်။
ဒါပေမဲ့ ပြင်ပအရာတွေကို အားကိုးပြီး
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
နားလည်နိုင်သူကလည်း
အတော်လေးနည်းတယ်။ အနည်းဆုံးတော့
ဘယ်သူက အောင်မြင်သွားတယ်ဆိုတာ
တစ်ခါမှ မတွေ့ဖူးဘူး။ ဒါဆို
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
ရယူချင်တယ်ဆိုရင် မင်းက
ကိုယ်ပိုင်နားလည်နိုင်စွမ်းကိုပဲ

အားကိုးနိုင်တယ်။ အဲဒါကို
နားလည်တယ်ဆိုရင်တော့
မင်းရဲ့ဓားစိတ်ဆန္ဒဟာ သဘာဝအတိုင်း
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
ရောက်သွားလိမ့်မယ်"

ယန်ယဲ့က ရုတ်တရက် မေးလိုက်သည် "ငါတို့
ဓားကျောင်းတော်မှာ
တည်ထောင်သူဘိုးဘေးကလွဲရင်
တခြားဘယ်သူမှ ဟင်းလင်းပြင်အဆင့်
ဓားစိတ်ဆန္ဒကို မရောက်ခဲ့ဘူးလား"

ကျန့်ဝူချန်းက ခေါင်းညိတ်ပြီး
"ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒက
တချို့တွေရှိတယ်၊ ဒါပေမဲ့ အများကြီးမရှိဘူး"

ယန်ယွဲ့က ခေါင်းညိတ်လိုက်ကာ "
ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒကို
သုံးပြီး သိုင်းသူတော်စင်တွေကို
တိုက်ခိုက်လို့ရနိုင်မလား"

တာအိုသခင်ဂူ နှင့် ကျန့်ဝူချန်း
တို့နှစ်ယောက်လုံး

အကြည့်ချင်းဖလှယ်ကြပြီး
နှစ်ယောက်စလုံး၏မျက်နှာပေါ်တွင်
အပြုံးတစ်ခုစီရှိနေသည်။

တာအိုသခင်ဂူ က "ကလေး! လာ... မင်းငါ့ကို
တိုက်ခိုက်ဖို့ မကြိုးစားဘူးလား"ဟု ပြောရင်း
သူ့မျက်နှာမှာ ပြုံးပြနေလေသည်။

“ကောင်းပြီလေ” ယန်ယွဲ့၏မျက်လုံးထဲ၌
တိုက်ပွဲဝင်လိုစိတ်များ
ပြင်းပြစွာထွက်ပေါ်လာသည်။

သူ၏ခံစားစိတ်ဆန္ဒကို
ပြန်လည်ရယူနိုင်ခဲ့သည့်အပြင်

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒပါ ရရှိခဲ့သဖြင့် သူနှင့် တိုက်ခိုက်မည့်အဖော်ကောင်းတစ်ယောက်ကို ရှာဖွေချင်နေပြီဖြစ်သည်။

တာအိုသခင်ဂူ က သူ့လက်ချောင်းကို ပွတ်ဆွဲလိုက်ရာ ဓားစွမ်းအင်လှိုင်းတစ်လိုင်းက ရှေ့သို့ ပစ်လွှတ်လိုက်သည်။ ဓားစွမ်းအင်လှိုင်းက သိပ်ပြီးမမြန်သော်လည်း ယန်ယဲ့ဟာ အနည်းငယ်မျှပင် မပေါ့ဆဝံ့ပေ။ ဓားစိတ်ဆန္ဒကိုထုတ်ဖော်ခင် သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင် များက

ညာဖက်လက်ထဲသို့

တလဟောစီးဝင်သွားသည်။ ထို့နောက်တွင်

ယန်ယဲ့က သူ၏လက်ညှိုးနှင့် လက်ခလယ်ကို

ဖိကပ်လိုက်ကာ ရှေ့သို့ညွှန်လိုက်သည်။

ဓားစွမ်းအင်ကြိုး ၁ ချောင်းက

ရှေ့သို့ကွဲထွက်လာပြီး

တာအိုသခင်ဂူ၏ဓားစွမ်းအင်နှင့်

တိုက်မိသွားသည်။

ဆူး!

ယန်ယဲ့၏ဓားစွမ်းအင်ကြိုးက

ချက်ချင်းပေါက်ကွဲထွက်သွားလေသည်။

ယန်ယဲလည်း ဒီမြင်ကွင်းကို အံ့အားသင့်စွာ

ကြည့်နေချိန်မှာပဲ

တာအိုသခင်ဂူ၏ဓားစွမ်းအင်က သူ့ရင်ဘတ်ကို

ထိမှန်သွားသည်။

ဘုန်း!

ယန်ယဲ့၏ခန္ဓာကိုယ်သည်

နောက်အတော်ဝေးဝေးထိလွင့်ပျံသွားကာ

နောက်ဆုံး မရပ်တန့်နိုင်မီ ၆

ကီလိုမီတာနီးပါးသို့ပင် လွင့်ထွက်သွားခဲ့သည်။

"ဘယ်လောက်တောင် သန်မာလိုက်သလဲ"

ယန်ယဲ့၏ မျက်လုံးများတွင်

အလွန်လေးနက်သောအမူအရာများ

ပေါ်လာကာ တာအိုသခင်ဂူကို

ပြန်ပြီးမော့ကြည့်လိုက်မိသည်။

"သိုင်းသူတော်စင် ဆိုတာ ဘာလဲ "

တာအိုသခင်ဂူ က ဆက်ပြောလိုက်သည်

"သိုင်းသူတော်စင်တွေက ကမ္ဘာကြီးရဲ့

ချုပ်နှောင်မှုကို ကျော်လွန်တဲ့အပြင်
ဥပဒေသစွမ်းအင်တွေကိုပါ ကျော်ပြီး
ကမ္ဘာကြီးရဲ့စွမ်းအင်ကို
အသုံးချနိုင်စွမ်းရှိတယ်။ အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့် မှာ
သိုင်းသူတော်စင်တွေကို တိုက်ခိုက်နိုင်တဲ့
ပါရမီရှင်တချို့တော့ ရှိတယ်။ ဒါပေမဲ့
သိုင်းကေရာဇ်အဆင့်နဲ့ သိုင်းသူတော်စင်ကို
တိုက်ခိုက်နိုင်တဲ့ ပါရမီရှင်မျိုး တစ်ခါမှ
မတွေ့ဖူးဘူး။ ဗဟိုနတ်ဘုရားစီရင်စုမှာ
တချို့တလေ ရှိကောင်းရှိနိုင်ပေမဲ့ ငါတို့ရဲ့
ထင်းရှူးစီရင်စုမှာတော့ ဘယ်သူမှမရှိဘူး"

"ငါတော်တော်အားနည်းနေသေးတာပဲ"

ယန်ယဲ့သည်အသက်ပြင်းပြင်းရှူလိုက်သည်။

သူသည် ဟင်းလင်းပြင်တစ်ပိုင်းအဆင့်

ဓားစိတ်ဆန္ဒကို နားလည်ပြီးနောက်

သိုင်းသူတော်စင်များနှင့် မယှဉ်နိုင်လျှင်ပင်

အနည်းဆုံး အချိန်တစ်ခုကြာ

တိုက်ခိုက်နိုင်သည်ဟု ထင်ခဲ့၏။ သို့သော်လည်း

အဖြစ်မှန်ကတော့

အတော်လေးရက်စက်လှသည်။ သူက

ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒကို

သုံးထားသော်လည်း သိုင်းသူတော်စင်ဖြစ်သည့်

တာအိုသခင်ဂူ ထံမှ တစ်ချက်တိုက်ခိုက်မှုကိုပင်
မခံနိုင်ခဲ့ပါ။

သို့သော်လည်း ကောင်းကင်သခင်လေးက
သိုင်းသူတော်စင်တစ်ယောက်ကိုပင်
လက်ရည်တူတိုက်ခိုက်နိုင်သည်ဟု
နာမည်ကျော်နေသည့်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်သည်။ ထို့ကြောင့် ယခုအချိန်မှာ သူက
ကောင်းကင်သခင်လေးကို တိုက်ခိုက်လျှင်
အနိုင်ရဖို့ မျှော်လင့်ချက်မရှိပေ။

ဓားဝိဉာဉ်နိုးထလာပါက သူသည် စစ်မှန်သော ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို ထုတ်ဖော်နိုင်မည်ဖြစ်သည်။ ထိုအချိန်တွင် သူက ကောင်းကင်သခင်လေးကို အနိုင်ရဖို့ ဖြစ်နိုင်ပေသည်။ သို့သော်လည်း ပြဿနာက ဓားဝိဉာဉ်ဟာ ယခုအချိန်ထိ သတိလစ်နေဆဲပင်။

ထို့အပြင် သူမ နိုးထလာလျှင်ပင် စစ်မှန်သော ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို ချက်ချင်းထုတ်ဖော်နိုင်မှာမဟုတ်ပါ။ အကယ်၍ အတင်းအကြပ်ထုတ်ဖော်ပါက သူ၏ခန္ဓာကိုယ်ကို

အပြင်းအထန်ဒဏ်ရာရသွားစေနိုင်သည်။
ထို့အပြင် ဓားဝိညာဉ် နှင့် မူလစေတီကိုပါ
အန္တရာယ်များစေပါလိမ့်မည်။

၁၀၇၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၇၉ - ကောင်းကင်ဘုံနတ်ဘုရားခန်းမ
နှင့် ကောင်းကင်သခင်လေးထံမှ ဖိတ်ခေါ်စာ

သူက စစ်မှန်သော
ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို

အသုံးမပြုနိုင်လျှင် ကောင်းကင်သခင်လေးကို တိုက်ခိုက်နိုင်မှာမဟုတ်ပေ။ သို့တည်းမဟုတ် အတိအကျဆိုရသော် ကောင်းကင်ဘုံနတ်ဘုရားခန်းမတစ်ခုလုံးကို မည်သို့တိုက်ခိုက်နိုင်မည်နည်း။

တာအိုသခင်ဂူ က ရုတ်တရက် ရယ်မောလိုက်ပြီး "ကလေး၊ မင်းရဲ့ ယုံကြည်မှုကို ထိခိုက်စေခဲ့တာတော့ မဟုတ်ဘူးမလား"

ယန်ယဲ့သည် သူ့အတွေးကို ထိန်းကာ
ခေါင်းခါလိုက်သည်။
"ဒီအဖြစ်အပျက်ပြီးတဲ့နောက်မှာ ကိုယ့်ကိုယ်ကို
အရမ်းအားနည်းနေသေးတယ်ဆိုတာ
ပိုပြီးသိသွားရတယ်"

တာအိုသခင်ဂူ က "ဒါက မင်းကိုယ်မင်း
ဘယ်သူနဲ့ ခိုင်းနှိုင်းနေလဲဆိုတဲ့ အပေါ်မှာ
မူတည်တယ်။ တကယ်လို့
လူငယ်မျိုးဆက်တွေထဲမှာဆိုရင်
ထင်းရှူးစီရင်စုတစ်ခုလုံးမှာ မင်းကို
အနိုင်ယူနိုင်တာက ၁၀ ယောက်ထက် မပိုဘူး။

ဒါပေမဲ့ ငါတို့လို သိုင်းသူတော်စင်တွေကို တိုက်ခိုက်ရင်.... ရိုးရိုးရှင်းရှင်းပြောရရင် မင်းရဲ့အင်အားက မလုံလောက်ဘူး။ ငါတို့ကို မပြောနဲ့၊ မင်းက လုံးဝရှေးကျတဲ့ အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် တချို့အတွက် ပြိုင်ဖက်တောင် မဟုတ်ဘူး"

"တပည့်က ပိုကြိုးစားရမှာပါ" ယန်ယဲ့က ခေါင်းညိတ်ကာ ပြောလိုက်သည်။

လုဝမ်အာ၊ ချင်ဒေါင်ဖူ သို့မဟုတ် ကောင်းကင်သခင်လေး ပင်ဖြစ်စေ ထိုလူများထဲ တစ်ယောက်ကိုမျှ သူ့စိတ်ထဲ

လျှော့မတွက်ဝံ့ပေ။ သူတို့ ပိုင်ဆိုင်ထားသော ပင်ကိုယ်စွမ်းရည်များက မနိမ့်ကျသည့်အပြင် ပလက်တီနမ်အဆင့် ဂိုဏ်းများက အပြည့်အဝပြုစုပျိုးထောင်ပေးထားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် သူတို့ပိုင်ဆိုင်သော အမွေအနှစ်များနှင့် နည်းစနစ်များသည် ထင်းရှူးစီရင်စုအတွင်း အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် ပါရမီရှင်တစ်ဦးကိုအသာထား၊ သာမန်လူတစ်ဦးသည်ပင် ထိုကဲ့သို့သ အရင်းအမြစ်များဖြင့်

ပြုစုပျိုးထောင်ပေးခံရပါက သချောပေါက်
အောင်မြင်မှုများကို ရရှိပါလိမ့်မည် ။

"ဒီလိုတွေးတာက အကောင်းဆုံးပဲ"
တာအိုသခင်ဂူ က ခေါင်းညိတ်လိုက်ပြီး
သူ့ညာလက်ကို ဝှေ့ယမ်းလိုက်ရာ ဟာကျူလီယံ
ဓားက ယန်ယွဲ့ပြီး ရှေ့တွင် ပေါ်လာသည်။

ယခုအချိန်တွင်မူ
ဟာကျူလီယံဓားကိုယ်ထည်ပေါ်၌
နဂါးအမှတ်အသားရှိနေသည်။
ဓားထိပ်ဖျားပိုင်းမှာ နဂါးဦးခေါင်းရှိနေပြီး နဂါး

အမြီးပိုင်းကတော့

ဓားလက်ကိုင်နားတွင်ရှိနေပါသည်။

တစ်နည်းဆိုရသော် နဂါးက

ဓားကိုယ်ထည်တစ်ခုလုံးအား ဖုံးအုပ်ထားပြီး

နဂါးတစ်ကောင်အသွင်ပြောင်းထားသည့်

သက်ရှိနဂါးဓားတစ်လက် လိုပင်။

တာအိုသခင်ဂူ က “ငါ ဒီနဂါးကို

ဓားနဲ့ပေါင်းစပ်ပေးထားတယ်။ ဒါကြောင့်

အရင်ကထက် အများကြီး ပိုအားကောင်းတယ်၊

ဒါပေမဲ့ ပိုလည်း

ပိုလေးလာတယ်။အမှန်တိုင်းပြောရရင်

နတ်ဆိုးမျိုးနွယ်ရဲ့
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်တွေပဲ
သူတပြန်ကိုယ်တပြန်တိုက်ခိုက်နိုင်မယ်ထင်တယ်"

ယန်ယဲ့သည် ဟာကျူလီယံဓားကို ယူလိုက်ရာ သူ့လက်က ဓားအလေးချိန်ကြောင့် အောက်ကိုင်းကျသွားသည်ကို ချက်ချင်းခံစားလိုက်ရသည်။ သူက အသက်ပြင်းပြင်းရှူပြီး လက်နှစ်ဖက်လုံးနှင့် ဓားလက်ကိုင်ရိုးကို ဆုပ်ကိုင်လိုက်သည်။ သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်များက

လက်နှစ်ဖက်ထဲ စီးဝင်လာကာ ရှတ်တရက်
ဓားကိုမြှောက်လိုက်ပြီး ခုတ်ပိုင်းလိုက်သည်။

ဂျုန်း!

အာကာသဟင်းလင်းပြင်သည်
အက်ကြောင်းများစွာ ထပ်လာပြီး
အပြင်းအထန် တုန်ခါသွားခဲ့လေသည်။
ထိုအရာက အလွန်ပင် ထိတ်လန့်ဖွယ်ရာ
မြင်ကွင်းတစ်ခု ဖြစ်သည်။

သို့သော်လည်း ယန်ယဲ့၏ခန္ဓာကိုယ်သည်
တဖြည်းဖြည်းနှင့် ရှေ့ကိုကွေးညွတ်လာကာ
အသက်ရှူကြပ်မတတ်ပင်
ခံစားလိုက်ရလေသည်။

"မင်းသာ အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
ရုပ်ခန္ဓာကို ပိုင်ဆိုင်ထားရင်
ဓားချက်ယမ်းရုံနဲ့တင်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်တောင်
ဘာမှမတတ်နိုင်ဘဲ ကြေမွသွားလိမ့်မယ်"
တာအိုသခင်ဂူ၏မျက်လုံးများတွင်
လေးနက်သော အမူအရာ တစ်ခု ပေါ်လာသည်။

သူက "ကံမကောင်းစွာပဲ၊
မင်းရဲ့ရုပ်ခန္ဓာခွန်အားနဲ့တောင်မှ
ဒီဟာကျူလီယံနဂါးဓားကို အသုံးချဖို့
မလုံလောက်သေးဘူး"

“သူ့ရဲ့ ရုပ်ခန္ဓာက လုံလောက်ပါတယ်။ သူက
ကျင့်ကြံမှုပဲ လိုနေတာ" ကျန့်ဝူချန်းက
ရုတ်တရက် ဝင်ပြောသည် "သူ့ကို
အချိန်ခဏလောက်ပေးပြီး ပုံမှန်အတိုင်း
သုံးနိုင်အောင် ကျင့်ကြံခိုင်းသင့်တယ်"

ယန်ယဲ့က ရုတ်တရက် "ဒါဆို ဒီတပည့်က တံခါးပိတ်ကျင့်ကြံတော့မယ်" ယန်ယဲ့က ဟာကျူလီယံနဂါးဓားကို လေ့ကျင့်ပြီးသားရလိုရုံမျှမကဘဲ သူနားလည်ထားသည့် ဟင်းလင်းပြင်တစ်ပိုင်းအဆင့် ဓားစိတ်ဆန္ဒကိုပါ ခိုင်မာသွားအောင် လေ့ကျင့်လိုနေသည်။

ထို့အပြင် သူက တာအိုအမိန့်တော်၏တည်ထောင်သူဘိုးဘေး ထံမှ အမွေဆက်ခံထားသည့် "ဖျက်ဆီးခြင်းနတ်လက်သီး"ကိုလည်း

လေ့ကျင့်ဖို့ ရည်ရွယ်ထားသည်။ နောက်ဆုံးတွင်
ထိုအရာက
အဆင့်မြင့်သူတော်စင်နည်းစနစ်ပင်မဟုတ်ပေ
လား။ ထို့အပြင် ယန်ယဲ့သည်
သူ၏ကျင့်ကြံမှုကိုလည်း အနည်းဆုံး
သိုင်းကျောဇ်အထွတ်အထိပ်အဆင့်ထိ
တက်လှမ်းဖို့ရည်ရွယ်ထား၏။
ထိုအရာများထက် ပိုအရေးကြီးသည်မှာ သူက
အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို
ဝါးမျိုပြီး ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကို
ဆန်းကြယ်ရွှေချီကန် ထဲသို့
ပို့လွှတ်ပေးရမှာကိုပါ။

ဆန်းကြယ်ရွှေချီကန်သာ

အပြည့်အဝပြန်ကောင်းလာပါက

ဖိနှိပ်ရေးကျောက်တုံးအပြင် စုချင်းရှီ နှင့်

အခြားသူများကိုပါ

အပြင်ပြန်ခေါ်ထုတ်နိုင်ပါလိမ့်မည်။

......

ယန်ယဲ့သည် တံခါးပိတ်ကျင့်ကြံနေချိန်တွင်

တာအိုသခင်ဂူသည် ရုတ်တရက်ကြီး

ကောင်းကင်ဘုံနတ်ဘုရားခန်းမမှ ပေးပို့သော

မင်္ဂလာပွဲဖိတ်ကြားချက်တစ်ခုကိုရရှိခဲ့သည်။

ဖိတ်စာထဲပါ အကြောင်းအရာများက
ဤသို့ပင်...
"ဤအချိန်မှစ၍ နောက်တစ်နှစ်ခန့်အကြာတွင် ကောင်းကင်သခင်လေးက ကောင်းကင်ဘုံနတ်ဘုရားခန်းမ၏အကြီးအကဲ မုဟာန်ရှန်း၊ အန်နန်ကျင်း၊ ကောင်းကင်နတ်ဆိုးမြေခွေးကလန်၏သခင်မလေး ယွန်ဟာန်တျန်း တို့ နှင့် လက်ထပ်တော့မည်"ဟူ၍ပင်။

မင်္ဂလာပွဲတက်ရောက်ဖို့ဖိတ်စာအပြင်
တိုက်ပွဲအတွက် ဖိတ်စာလည်း
ထပ်မံရောက်လာခဲ့သည်။

ထိုဖိတ်စာကတော့ လော့ချန်းရှောင်
ကိုယ်တိုင်ပေးပို့လိုက်သော ဖိတ်
ကြားချက်ပင်ဖြစ်၏။ ဖိတ်စာပါ
အကြောင်းအရာများက "ထင်းရှူးစီရင်စုရဲ့
မဟာထိပ်သီးပါရမီရှင်တွေ! ဘယ်သူမဆို ငါ့ကို
တိုက်ခိုက်နိုင်သလား"

"ထင်းရှူးစီရင်စုရဲ့မဟာပါရမီရှင်တွေအားလုံး!
မင်းတို့ ငါ့ကို တိုက်ခိုက်ဝံ့သလား..."

ဤစကားများ ပြန့်နှံ့သွားသည်နှင့် တပြိုင်နက် ထင်းရှူးစီရင်စုတစ်ခုလုံး ဆူပွက်နေပြီဟုပင် ဆိုနိုင်ပေသည်။ လော့ချန်းရှောင်က လုဝမ်အာ၊ ဟင်းလင်းပြင်သခင်လေး၊ ရှန့်ကွမ်းယုဟိုင် နှင့် ချင်ဒေါင်ဖူ တို့အား နှိမ့်ချရုံသာမကဘဲ စီရင်စုတစ်ခွင်မှ ပါရမီရှင်များအားလုံးကိုပင် နှိမ့်ချခဲ့သည် ။

ဤအချိန်တွင် ထင်းရှူးစီရင်စုတစ်ခုလုံးမှ
မရေမတွက်နိုင်သော ပါရမီရှင်များသည်
တောင်ပိုင်းဒေသရှိ
ကောင်းကင်ဘုံနတ်ဘုရားခန်းမ သို့
ခရီးစတင်နှင့်ခဲ့ကြသည်။

သို့သော် အံ့သြစရာကောင်းသည်မှာ လုဝမ်အာ၊
ရှန့်ကွမ်းယုဟိုင်၊ ချင်ဒေါင်ဖူ နှင့်
ဟင်းလင်းပြင်သခင်လေးတို့က
လော့ချန်းရှောင်၏နိမ့်ချသောစကားကို
ဒေါသမထွက်ခဲ့ကြပေ။

ထိုလူ ၄ ယောက်စလုံးက အကြောင်းမပြန်ပေ။
သက်ဆိုင်ရာဂိုဏ်းများကသာ
သူတို့၏အဖွဲ့ဝင်များကိုတက်ရောက်ဖို့
စေလွှတ်မည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဤတစ်ကြိမ်မှာတော့ လူတော်တော်များများက
စိတ်လှုပ်ရှားနေကြပါပြီ။

လော့ချန်းရှောင် နှင့် အဆင့်တူပါရမီရှင်များကို
စေလွှတ်ရုံကလွဲ၍ ဂိုဏ်း၏အခြားသော
မည်သည့်တပည့်ကိုမျှ စေလွှတ်ဖို့
လုံးဝမဖြစ်နိုင်ပေ။ အမှန်တော့

သူတို့လွှတ်လိုက်သည့်
ဂိုဏ်း၏ကိုယ်စားလှယ်များသာ
အားနည်းနေပါက သက်ဆိုင်ရာဂိုဏ်းများကို
အရှက်ရစေပါလိမ့်မည်။

ထို့ကြောင့် လူတိုင်းက မကြာခင်မှာ
ထင်းရှူးစီရင်စု၏
မဟာထိပ်သီးပါရမီရှင်(၅)ယောက်ကြားမှ
တိုက်ပွဲဖြစ်လာတော့မည်ကို သိရှိနေကြသည်။

သတင်းကိုကြားလိုက်ရုံနှင့် အားလုံး
သွေးများဆူပွက်သွားလောက်အောင်ပါ။

မရေမတွက်နိုင်သော ကျင့်ကြံသူများက
ထင်းရှူးစီရင်စု၏မဟာပါရမီရှင်(၅)ဦးကြားမှ
ခမ်းနားသော တိုက်ပွဲကို စောင့်ကြည့်ဖို့အတွက်
ကောင်းကင်ဘုံနတ်ဘုရားခန်းမသို့
စတင်၍ခရီးထွက်ခဲ့ကြတော့သည်။

...

ရှေးဟောင်းဓားကျောင်းတော်....။

တောင်ထိပ်တစ်ခုပေါ်တွင် ယန်ယွဲ့ နှင့်
လုဝမ်အာ တို့က

တစ်ယောက်လက်ကိုတစ်ယောက်ကကိုင်လျှ
က် တောင်ထိပ်အလယ်ရှိ
ပန်းပွင့်ဥယျာဉ်ကြီးထဲ၌ ဖြည်းညှင်းစွာ
လျှောက်နေကြသည်။ နှစ်ယောက်စလုံးက
အဆုံးအစမဲ့သော ပန်းပွင့်များကြားတွင်
ဖြည်းညှင်းစွာ လမ်းလျှောက်လာခဲ့ကြရာ
လှပလွန်းသည့် မြင်ကွင်းတစ်ခုပင်ဖြစ်ခဲ့သည်။

"သူက အစွမ်းထက်ဆုံးဖြစ်ချင်နေတယ်"
လုဝမ်အာက လမ်းလျှောက်နေရင်း
ရုတ်ချည်းပြောလာခဲ့သည်
"ထင်းရှူးစီရင်စုရဲ့သမိုင်းတစ်လျှောက်

လူငယ်မျိုးဆက်ထဲမှာ အစွမ်းထက်ဆုံးလို့

ဘယ်သူမှ ကိုယ့်ကိုယ်ကို မပြောဝံ့ကြဘူး။

ဘာကြောင့်လဲဆိုတော့ စီရင်စုတစ်ခုလုံးမှာ

မရေမတွက်နိုင်တဲ့ ပါရမီရှင်တွေ ရှိနေသလို

ကိုယ့်ကိုယ်ကို

အမြဲတမ်းဖုံးကွယ်နေတဲ့သူတွေရှိတယ်။

အထူးသဖြင့်တော့

နာမည်ကျော်မဟုတ်တဲ့သူတွေ၊

နာမည်ဂုဏ်သတင်းကို ဂရုမစိုက်တဲ့

ပါရမီရှင်တွေက

ပိုပြီးကြောက်စရာကောင်းတယ်။ ဒီမူကို

ငါတို့အားလုံး နားလည်ထားတယ်၊ သူလည်း

အဲဒီလိုပဲလေ။ သူမအောင်မြင်ရင် ကောင်းကင်ဘုံနတ်ဘုရားခန်းမက စီရင်စုရဲ့ ရယ်စရာတွေ ဖြစ်လာမယ်ဆိုတာ အသေအချာ သိမှာပါ။ ဒါပေမဲ့လည်း သူက တိုက်ပွဲဖိတ်ခေါ်စာကို ထုတ်ခဲ့သေးတယ်။ သူက စီရင်စုရဲ့ ပါရမီရှင်တွေအားလုံးကို စိန်ခေါ် ရဲတယ်ဆိုမှတော့ သူ့ကိုယ်သူ လုံးဝယုံကြည်မှုရှိတယ်လို့ ငါထင်တယ်”

ယန်ယဲ့က ဘာစကားမှ မပြောသေးပေ။ အတန်ကြာမှသာ သူက လုဝမ်အာကို လှည့်ကြည့်ကာ "ဝမ်အာ၊ မင်းက ငါ အခု

ကောင်းကင်ဘုံနတ်ဘုရားခန်းမကိုတိုက်ခိုက်မှာ စိုးရိမ်လို့ ဒီနေ့ ငါ့ကိုလာတွေ့တာမဟုတ်လား"

၁၀၈၀

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၀ - တံခါးပိတ်ကျင့်ကြံခြင်း

လုဝမ်အာက ပြန်မပြောခင် ခဏလောက် လေးလေးနက်နက် စဉ်းစားနေပုံရ၏။

“ငါ့အမြင်အရတော့ နင်မလုပ်ဝံ့တာ ဘာမှမရှိပါဘူး။ လော့ချန်းရှောင်က

အရမ်းမောက်မာပေမဲ့ သူ့မှာနထောင်လွှားမှုက နင်နဲ့ယှဉ်ရင် ကလေးကစားစရာလို့ ငါထင်တယ်"

ယန်ယဲ့ဟာ ဆန်းကြယ်တိုက်ကြီးတွင် ရှိနေချိန်က မည်သို့ပြုမူတတ်သည်ကို သူမ မမေ့ခဲ့ပါ။ ထိုအချိန်က ထိုလူဟာ ပြီးပြည့်စုံသော အရှူးဖြစ်သည်။ သူသည် မြင့်မြတ်နယ်မြေနှင့် နယ်ခြားမိစ္ဆာများကိုပါ တပြိုင်တည်း ရင်ဆိုင်ရဲသူဖြစ်၏။

မြင့်မြတ်နယ်မြေကို အသာထား၊ နယ်ခြားမိစ္ဆာများက မည်မျှထိ

ကြောက်စရာကောင်းပါသနည်း။ အကယ်၍
၎င်းတို့သာ မူလခွန်အားကို ပြန်ရခဲ့ပါက
ထင်းရှူးစီရင်စုတစ်ခုလုံးသာမကဘဲ
ရောင်စဉ်ဖြာဒေသတစ်ခုလုံးသည်ပင်
ပျက်သုဉ်းသွားနိုင်ပေသည်။

လွန်ခဲ့သည့်အတိတ်က နယ်ခြားမိစ္ဆာများ
ရှုံးနိမ့်ခဲ့ရသည့် အကြောင်းရင်းမှာ ၎င်းတို့
မညီညွတ်ခြင်းကြောင့် မဟုတ်ဘဲ
ရောင်စဉ်ဖြာဒေသက ပြင်ပအကူအညီကို
ရယူခဲ့ခြင်းကြောင့်သာ။

အတိုချုပ်ဆိုရသော် အနီ့ယန်ယဲ့သာ ဒေါသထွက်နေပါက ကောင်းကင်ဘုံနတ်ဘုရားခန်းမကို တိုက်ခိုက်ဖို့မပြောနှင့် ကောင်းကင်ကိုပင် ထက်ပိုင်းဖြတ်ဝံ့ပါလိမ့်မည်။

ယန်ယဲ့က ပြုံးပြီးပြောလိုက်ပါသည် "ဝမ်အာ! မင်းစိတ်ထဲမှာ ငါက အရမ်းမောက်မာပြီး မာနကြီးတယ်လို့ ခံစားရလား"

လုဝမ်အာက ခေါင်းခါပြီး “နင့်မှာ အစွန်းနှစ်ဖက်ရှိတယ်။ ဆိုးတဲ့ဖက်နဲ့

ကြင်နာတတ်တဲ့ တစ်ဖက်နဲ့ နင်ပြသတဲ့
ဖက်ခြမ်းက တခြားသူတွေ နင့်ကို
ဆက်ဆံတဲ့အပေါ် မူတည်တယ်။ သူများတွေ
နင့်ကို မစော်ကားရင် နင်လည်း ဘယ်သူ့ကိုမှ
မစော်ကားတတ်ဘူး။

ဒါပေမဲ့တစ်ယောက်ယောက်က နင့်ကို
စော်ကားလိုက်တာနဲ့ နင်ဟာဘာကိုမှ
မကြောက်တဲ့ နတ်ဆိုးအဖြစ်
ပြောင်းလဲသွားလိမ့်မယ်"

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
ခပ်လှမ်းလှမ်းကို မျှော်ကြည့်ကာ "ဝမ်အာ၊

လူကောင်းတွေက ဒီကမ္ဘာမှာ
ကြာကြာအသက်ရှင်တတ်ဘူးဆိုတာ
မင်းသဘောပေါက်ရမယ်။
ငါအမြဲဒီလိုဖြစ်ဖူးတယ်။ ငါက တခြားသူတွေကို
မစော်ကားပေမဲ့ ငါ့ကိုလာစော်ကားရင်
အကုန်သတ်ပစ်လိုက်တယ်။ ဒါပေမဲ့
စိတ်မပူပါနဲ့၊ ငါ အခုထိ ဒေါသတကြီး လုပ်မှာ
မဟုတ်ဘူး။ အခု ငါ့ရဲ့ရည်ရွယ်ချက်က
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
တိုက်ခိုက်ဖို့မဟုတ်သေးဘူး၊ ငါ့ခွန်အားကို
အမြန်ဆုံးမြှင့်တင်ဖို့ပဲ။ ငါက သူတို့ကို

လုံလောက်တဲ့ ခွန်အားနဲ့ သတ်နိုင်မှပါ၊
မဟုတ်ရင် ငါပဲ အသတ်ခံရမှာသေချာတယ်”

လုဝမ်အာက "ကြိုးစားပါ၊... အဲ အချိန်ကျရင် ငါ
နင့်နောက်ကို လိုက်ခဲ့မယ်"

ယန်ယဲ့က ပြုံးပြီး "ငါ့နောက်ကိုလိုက်ရင်
ဘာတစ်ခုမှကောင်းတာမဖြစ်နိုင်ဘူး"

လုဝမ်အာက ရုတ်တရက် "နင်ငါ့ကိုပေးခဲ့တဲ့
အမွေအနှစ်က ဘာလဲဆိုတာ နင်သိလား"

ယန်ယဲ့က ခေါင်းညိတ်ကာ “ငါလည်း အဲဒါကို အရမ်းသိချင်နေတယ်” ဟုပြန်ပြောလိုက်သည်။

ဓားဝိညာဉ်၏ ဒုတိယသခင်သည် မည်မျှအားကောင်းသနည်း။ ယန်ယဲ့သည်လည်း ထိုမေးခွန်း၏ အဖြေကို အမှန်တကယ် မသိခဲ့ပါ။ မည်သို့ပင်ဆိုစေကာမူ ဓားဝိညာဉ်၏ဒုတိယသခင်က အလွန်သန်မာသည်၊ အလွန်အစွမ်းထက်သည်ဟုသာ သိခဲ့သည်။ သူ့အမြင်အရ ဓားဝိညာဉ်၏ဒုတိယသခင်ဟာ ရှေးဟောင်းဓားကျောင်းတော်၏

ဆားသခင်ထက်မနိမ့်ကျပေ။ ထို့အပြင်
သူ့လက်ထဲ၌ ရှေးဟောင်းနတ်ဆားကို
ကိုင်ထားပါက သိုင်းသူတော်စင်အဆင့်
အထက်ပညာရှင်များကိုပင် သတ်နိုင်၏။

“စောင့်ကြည့်လေ” စကားပြောပြီးသည်နှင့်
လုဝမ်အာက ရှေ့သို့ ခြေတစ်လှမ်းတိုးကာ
သူမ၏ခါးပေါ် ရှိ ဓားရှည်ကို ဖြည်းညှင်းစွာ
ဆုပ်ကိုင်လိုက်သည်။ ထို့နောက်မှာတော့
ယန်ယဲ့၏မျက်လုံးရှေ့တွင် ထူးဆန်းသော
မြင်ကွင်းတစ်ခု ပေါ်လာသည်။
လုဝမ်အာ၏မူလစိတ်ဝိညာဉ်က ရုတ်တရက်

သူမ၏ ခန္ဓာကိုယ်မှ ထွက်သွားပြီး
သူမ၏ခေါင်းထက်သို့ ရောက်ရှိသွားသည်။
တစ်ချိန်တည်းမှာပင် သူမ၏ ဝိညာဉ်သည်
သူမ၏ ခန္ဓာကိုယ်နှင့် တူညီသော
ဝိညာဉ်ခန္ဓာကိုယ်အသွင် ပြောင်းလဲခဲ့သည်။

"ခုတ်ပိုင်းစမ်း!" လုဝမ်အား၏အသံသည်
ရုတ်တရက်ထွက်လာသည့်နောက်
သူမ၏မူလခန္ဓာကိုယ် နှင့် ဝိညာဉ်ခန္ဓာကိုယ်
တို့နှစ်ခုလုံးက သူမ၏ ဓားကို ကိုင်ကာ
ခုတ်ပိုင်းလိုက်သည် ။

တိုက်ခိုက်မှုသည် အသံတစ်သံမှပင်
ထွက်မလာသော်လည်း အဝေးတစ်နေရာမှာ ၃
ကီလိုမီတာ နှင့် ၅၀၀ မီတာ နီးပါးရှိ
တောင်တန်းကြီးကို အလယ်ဗဟိုကနေ
ထက်ပိုင်းဖြတ်သွားခဲ့လေသည်။
တောင်တန်း၏အလယ်ဗဟိုတည့်တည့်ကနေ
ရောမအက်ကြောင်းကြီးပေါ်လာကာ
အစွန်းနှစ်ဖက်စလုံးက မှန်တစ်ချပ်ကဲ့သို့
ချောမွေ့နေပါသည်။

ဒီမြင်ကွင်းကို ကြည့်နေရင်း
ယန်ယဲ့၏မျက်လုံးများတွင်

လေးနက်သောအမူအရာများ ပေါ်လာကာ အနည်းငယ် ကျဉ်းမြောင်းသွားသည်။

ထိုအချိန်တွင် လုဝမ်အာ၏ဝိညာဉ်ခန္ဓာကိုယ်က မူလခန္ဓာကိုယ်ဆီ ပြန်ဝင်သွားသည်။ ထို့နောက် လုဝမ်အာက ယန်ယွဲ့ဆီကို ပြန်လျှောက်လာပြီး "ဒါက

အရမ်းကြောက်စရာကောင်းတဲ့အမွေအနှစ်တစ်ခုပဲ။ရှေးဟောင်းဓားကျောင်းတော်မှာတောင် အရမ်းကြောက်စရာကောင်းတယ်လို့ ပြောရမယ်။ ဒီနည်းစနစ်က မူလခန္ဓာကိုယ်နှင့် စိတ်ဝိညာဉ်ရဲ့ပြီးပြည့်စုံတဲ့ ပေါင်းစပ်မှုကို

အလေးထားလေ့ကျင့်ရတာ။ ပြီးတော့ အဲဒါက မူလခန္ဓာကိုယ်နဲ့ စိတ်ဝိညာဉ်ခန္ဓာကိုယ်ရဲ့ ပေါင်းစပ်ခွန်အား၊ ကမ္ဘာကြီးရဲ့စွမ်းအင်နဲ့ ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒကို ပေါင်းစပ်အသုံးပြုတယ်။ ဒီတော့ လုံးဝကို အစွမ်းထက်တဲ့အပြင် စွမ်းအင်အတက်အကျတွေကိုပါ ဖုံးကွယ်ထားနိုင်တယ်။ တစ်ချိန်က ဒီနည်းစနစ်ကိုသုံးပြီး အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ဖို့ခဲ့တယ်”

ယန်ယဲ့က ပြုံးပြီး မသိစိတ်က
သူ့လက်ကိုဆန့်မိကာ လုဝမ်အာ၏ခေါင်းကို
ပွတ်သပ်ပေးဖို့ ပြင်လိုက်သည်။ သို့သော်လည်း
သူ့စိတ်ထဲ၌ တစ်ခုခုကို တွေးမိသည့်အလား
လက်ကို ရုပ်လိုက်ကာ "လော့ချန်းရှောင် နဲ့
ငါ့ကြားက ကွာဟချက်ကို
မင်းငါ့ကိုသတိပေးချင်နေတာ ငါသိပါတယ်။
စိတ်မပူနဲ့၊ ငါ သူ့ကို သေတဲ့အထိ တိုက်ခိုက်မှာ
မဟုတ်ဘူး"

လုဝမ်အာက ရုတ်တရက် မေးလာသည်
"နင်ဘာကိုကြောက်နေတာလဲ"

ယန်ယဲ့က အနည်းငယ် အံ့သြသွားပြီး
"ဘာမှမဟုတ်ပါဘူးလေ"

သူမက ယန်ယဲ့ကို
မျက်လုံးချင်းတည့်တည့်ကြည့်နေပြီး
"နင်သဘောကျရင် လုပ်လိုက်ပါ။
နင်မလုပ်နိုင်တာဘာမှမရှိဘူးလို့ပြောခဲ့တယ်မ
ဟုတ်လား"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး
ထို့နောက်တွင် သူက အတော်လေး

ရှက်ရွံ့သွားခဲ့သည်။ အတိတ်တွင် သူက ယန်ယောင်အာ နှင့် ပေါင်အာ တို့ကို သူညီမလေးများကဲ့သို့ ဆက်ဆံခဲ့ဖူးသည်။ ထို့ကြောင့် ခေါင်းကိုပွတ်သပ်ပေးခြင်းက သူ၏အကျင့်တစ်ခုလိုဖြစ်နေပါပြီ။ သို့သော်လည်း လုဝမ်အာက အရွယ်ရောက်နေပြီဖြစ်ရာ သူ ဒီလိုဆက်လုပ်နေလို့ မသင့်တော်ပါ။

လုဝမ်အာက "ဒါမှမဟုတ် အခု နှင့်ထက်ငါ ပိုသန်မာနေတယ်လို့ နင်ထင်လို့ မဝံ့ရဲတာဖြစ်ကောင်းဖြစ်နိုင်မလား"

ယန်ယဲ့က ရယ်မောလိုက်ပြီး သူ့လက်ကို
ဆန့်တန်းကာ သူမခေါင်းကို ပွတ်သပ်ပေးရင်း
“အခုရော ဘယ်လိုလဲ”

လုဝမ်အာ၏ ပါးစပ်ထောင့်တွင်
အပြုံးအနည်းငယ် ပေါ်လာသည်။ သူမက
"နင်သိလား… နင်ငါ့ခေါင်းကို
ပွတ်သပ်ပေးလိုက်တိုင်း ငါ့အပေါ်
လုံခြုံစေတယ်လို့ခံစားကတယ်။
အဲဒီခံစားချက်ကို ငါ အရမ်းကြိုက်တယ်။
ကောင်းပြီ၊ ငါ နင့်ကို မနှောင့်ယှက်တော့ဘူး။

နင်က ကျင့်ကြံမှုကို ကြိုးစားပြီး
အလျင်အမြန်လုပ်ပါ။ နင်
သူတော်စင်တစ်ပိုင်းအဆင့်ကို ရောက်တာနဲ့
ငါတို့ တိုက်ခိုက်လို့ရပြီ"

ထိုစကားပြောပြီးသည်နှင့် လုဝမ်အာက
သူမ၏လက်ကို ဝှေ့ယမ်းကာ
အလင်းတန်းတစ်ခုအသွင်ပြောင်း၍
မိုးကုပ်စက်ဝိုင်းသို့ ပျောက်ကွယ်သွားသည်။

ယန်ယဲ့သည် နေရာတွင် ရပ်နေပြီး လုဝမ်အာ
ထွက်သွားသည့်တိုင်အောင်

အချိန်တော်တော်ကြာအထိ
စိုက်ကြည့်နေပြီးနောက်မှသာ
သူ့အခန်းထဲသို့ပြန်သွားခဲ့သည်။

သူ၏ကိုယ်ပိုင်ကျင့်ကြံရာအခန်းက
အလွန်ကျယ်ဝန်းပါသည်။ မျက်စိတစ်ဆုံးပင်
မဆုံ့လောက်အောင်ကို ကြီးမားကျယ်ဝန်းလှ၏။

ထို့အပြင် အခန်းကို
သိုင်းသူတော်စင်ဖန်တီးထားသည့်
ဝက်ပါအစီအရင်များဖြင့် လွှမ်းခြုံထားကာ
လုံးဝတိုးမပေါက်သော
စစ်ခံတပ်တစ်ခုသဖွယ်ဟုပင်ဆိုနိုင်သည်။

ထို့ကြောင့် သူ့ကို မပြောဘဲ၊ အဆင့်မြင့်
သိုင်းသူတော်စင် ၁၀ ယောက်
ပူးပေါင်းတိုက်ခိုက်လျှင်ပင် အတားအဆီးကို
လှုပ်ခါနိုင်မည်မဟုတ်ပေ။

ယန်ယဲ့သည် အခန်းထဲ၌ ကြမ်းပြင်ပေါ်
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်ရင်း
အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ သန်းကို
ထုတ်ကာ သူ့ရှေ့တွင် စုပုံထားလိုက်သည်။
ထို့နောက်တွင် သူက
အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို
တစ်ခုပြီးတစ်ခု ဝါးမျိုကာ

အထဲကစွမ်းအင်များကို
စတင်စုပ်ယူပါတော့သည်။

စွမ်းအင်ကျောက်တုံးများက
ဝိညာဉ်စွမ်းအင်အဖြစ်ပြောင်းလဲသွားသည်နှင့်
တပြိုင်နက် အားလုံး သူ့ခန္ဓာကိုယ်ထဲသို့
စီးဝင်သွားသည်။ ထို့နောက်တွင်
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်အဖြစ်
ထပ်ဆင့် ပြောင်းလဲသွားကာ
ဆန်းကြယ်ရွှေချီကန် ထဲသို့
တိုက်ရိုက်တိုးဝင်လာပါတော့သည်။

လက်ရှိအချိန်မှာတော့ ဆန်းကြယ်ရွှေချီကန်က
ဝိညာဉ်စွမ်းအင်ကို သူ့ဘာသာသူ စုပ်ယူနိုင်ပါပြီ။
ထို့ကြောင့် သူက
အဆင့်လွန်စွမ်းအင်ကျောက်တုံးများကို
ထုတ်ယူပြီး လောင်ကျွမ်းပေးလိုက်ရုံသာ။
ယန်ယဲ့သည် ဆန်းကြယ်ရွှေချီကန်ကို ထပ်ပြီး
အာရုံမစိုက်တော့ဘဲ
ဖျက်ဆီးခြင်းနတ်လက်သီးကို
စတင်လေ့ကျင့်လိုက်တော့သည်။

ဖျက်ဆီးခြင်းနတ်လက်သီးက
သူ၏ရုပ်ခန္ဓာဖြင့်ပင် လေ့ကျင့်ဖို့

အတော်လေးခက်ခဲခဲ့သည်။
ကံကောင်းထောက်မစွာ သူ့ခန္ဓာကိုယ်က
အရမ်းကြီးနိမ့်ကျမနေခဲ့ပေ။

ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်နှင့်ပတ်သက်၍တော့ သိုင်းသူတော်စင်အဆင့်ရောက်သည်နှင့်အမျှ သူ၏ခွန်အားမြင့်တက်လာရုံကလွဲ၍ အခြားလိုအပ်ချက်သိပ်မရှိသဖြင့် ၎င်းကို စတင်လေ့ကျင့်နိုင်ခဲ့သည်။ ထိုကဲ့သို့ ထူးခြားဆန်းကြယ်သောနည်းစနစ်၏စွမ်းအားကို သူလည်း

မငြင်းဆန်နိုင်ပါ။နည်းစနစ်၏နောက်ဆက်တွဲအဆင့်များနှင့်ပတ်သက်၍မူ သူက ဆက်ပြီးလေ့ကျင့်ဖို့ မရည်ရွယ်ခဲ့ပေ။ သောက်ကျိုးနည်း! နောက်ထပ် အဆင့်များကို ဆက်၍လေ့ကျင့်ပါက ဒုက္ခိတဖြစ်မည့်အခြေအနေကို သူ လုံးဝခံနိုင်ရည်ရှိမှာမဟုတ်ပေ။

ထိုကဲ့သို့ပင် ယန်ယွဲ့သည် "ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်"နှင့်" ဖျက်ဆီးခြင်းနတ်လက်သီးနည်းစနစ်"တို့ကို လေ့ကျင့်ရင်း အဆင့်လွန်

စွမ်းအင်ကျောက်တုံးများမှ စွမ်းအင်ကို
မပြတ်စုပ်ယူခဲ့သည်။ ထို့အပြင် သူသည်
တစ်ခါတစ်ရံတွင် ဟာကျူလီယံနဂါးဓားနှင့်ပါ
လေ့ကျင့်ခဲ့သည်။

အသံတစ်ချက်မထွက်ဘဲ လတစ်လက
လျင်မြန်စွာပဲ ကုန်ဆုံးသွားသည် ။

ယန်ယဲ့သည် ဤအတောအတွင်း အဆင့်လွန်
စွမ်းအင်ကျောက်တုံး ၂ သန်းထိ စုပ်ယူခဲ့၏။
သို့ပါသော်လည်း ဆန်းကြယ်ရွှေချီကန်က
ရွေ့လျားခြင်းမရှိသည့်အပြင် ၎င်းအတွင်းမှ

မည်သည့်အရာမှ

ထုတ်လွှတ်ခြင်းလည်းမရှိခဲ့ပေ။

ယန်ယဲ့သည်လည်း ဤရလာဒ်ကြောင့်

စကားမပြောနိုင်လောက်အောင်

ဖြစ်သွားခဲ့သည်။ သို့သော် သူက နောက်ထပ်

အဆင့်လွန် စွမ်းအင်ကျောက်တုံးများကို

ဆက်ပြီးစုပ်ယူရုံကလွဲ၍ ရွေးချယ်စရာမရှိပေ။

၁၀၈၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၁ - ဇီအာ

(ခရမ်းရောင်မင့်ခ်ကလေး)ထွက်လာပြီ

ဆန်းကြယ်ရွှေချီကန်က လှုပ်ရှားမှု
မရှိသော်လည်း ယန်ယဲ့သည်
ဖျက်ဆီးခြင်းနတ်လက်သီးနှင့်
ဟာကျူလီယံနဂါးဓား တို့အပေါ်
ပို၍ကျွမ်းကျင်လာခဲ့သည်။
တာအိုအမိန့်တော်၏တည်ထောင်သူဘိုးဘေးက
နည်းစနစ်နှင့် ပတ်သက်၍
အသေးစိတ်အချက်အလက်များသာမကဘဲ
၎င်း၏ဘဝတစ်သက်တာ အတွေ့အကြုံများ၊

မှတ်တမ်းမှတ်ရာများလည်းလွှဲပြောင်းပေးခဲ့ခြ
င်းပါ။ ထို့အတွက် ယန်ယဲ့အနေနှင့်
ဖျက်ဆီးခြင်းနတ်လက်သီးကို လေ့ကျင့်ရာတွင်
သိပ်ပြီးအခက်အခဲမရှိပေ။

အချိန်အတော်ကြာအောင်
လေ့ကျင့်ပြီးနောက်တွင် သူက
ဖျက်ဆီးခြင်းနတ်လက်သီးကို
အတော်လေးကျွမ်းကျင်လာပါသည်။
နည်းစနစ်၏ သဘောသဘာဝက
သိပ်အစွမ်းထက်သည်မဟုတ်သော်လည်း
အားနည်းသည်ဟုလည်းမဆိုနိုင်ပါ။
ဖျက်ဆီးခြင်းနတ်လက်သီးတစ်ချက်က

အနည်းဆုံး

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကြီး ၂၀ ထပ်

ထက်အားမနည်းလှပေ။ သို့မဟုတ်

ပိုအားကောင်းသည်ဟုပင်ဆိုနိုင်၏။ ၎င်းက

ကောင်းကင်အဆင့် ၃ ဓားစိတ်ဆန္ဒဖြင့်

မြှင့်တင်ထားသော ဓားကြီးထပ် ၂၀ ထက်ပင်

ပို၍အစွမ်းထက်နေသေးသည်။

ဖျက်ဆီးခြင်းနတ်လက်သီး အပြင် ယန်ယဲ့က

ယခုအခါ ဟာကျူလီယံနဂါးဓားကို အသုံးပြုရ

အတော်လေးကျင့်သားရနေပြီဖြစ်သည်။ ဓားကို

သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ဖို့မလိုတော့ပေ။

ထို့အပြင် သူက ဓားတစ်ချက်လွှဲယမ်းရုံဖြင့် ဓားချက် ၁၀ ချက်တိတိအထိပင် ထုတ်ဖော်နိုင်ပါသည်။

သာမာန်ဓားတစ်လက်သာဖြစ်ခဲ့ရင် အကြိမ်ပေါင်းထောင်ချီ လွှဲယမ်းသည့်တိုင်အောင် ဘာပြဿနာမှမရှိနိုင်ပါ။ သို့သော်လည်း ဟာကျူလီယံဓားကို ခဏလေးနှင့် ၁၀ ကြိမ်လောက်လွှဲယမ်းနိုင်သည်ကပင် မဆိုးလှဟုသာ ပြောနိုင်သည်။

အကယ်၍ ဟာကျူလီယံနဂါးဓားဖြင့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်တစ်ဦးကို
ခုတ်ပိုင်းလိုက်ပါက ၎င်းကို အသက်ရှင်လျက်
အပိုင်းပိုင်းချေမွနိုင်မည်ဖြစ်သည်။
သိုင်းကျောရာဇ်အဆင့် ပညာရှင်အချို့ပင်လျှင်
ဟာကျူလီယံနဂါးဓား၏အရှိန်အဝါကို
ခုခံနိုင်မှာမဟုတ်ပေ။

"ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်"က
တော့ လေ့ကျင့်ရ သိပ်မခက်လှပေ။
အမှန်စင်စစ် နည်းစနစ်၏ ပထမအဆင့်က
လုံးဝမခက်ခဲဟုဆိုလိုခြင်းပါ။

ပထမအဆင့်ကို လေ့ကျင့်ဖို့က

အနည်းငယ်နာကျင်ရုံသာဖြစ်သည်။ ၎င်းသည်

လူတစ်ဦး၏ ခန္ဓာကိုယ်ကြံ့ခိုင်မှုနှင့်ပတ်သက်၍

ကြီးမားသောလိုအပ်ချက်များရှိခဲ့သည်။

သို့သော်လည်း ယန်ယဲ့၏ရုပ်ခန္ဓာက

ပထမအဆင့်ကို လေ့ကျင့်ဖို့

လိုအပ်သည်ထက်ပင် ပိုနေပါပြီ။

နာကျင်မှုဝေဒနာနှင့်ပတ်သက်၍တော့

သူ့ဘဝတစ်လျှောက်လုံး နာကျင်မှုများစွာကို

ခံစားခဲ့ရသည်က

လုံလောက်သည်ထက်ပိုနေသည်ဖြစ်ရာ

ဤမျှလောက် နာကျင်မှုက ဘာမှမဟုတ်ခဲ့ပေ။

ကိုးဘဝပြန်လည်မွေးဖွားခြင်းနည်းစနစ်၏

ပထမအဆင့်ကို လေ့ကျင့်ဖို့ သူလုပ်ရမည့်

အရာက

သူတော်စင်တစ်ပိုင်းအဆင့်ကိုရောက်အောင်

ကျင့်ကြံဖို့သာဖြစ်၏။

အချိန်များက တဖြည်းဖြည်း

ကုန်ဆုံးလာပြီးနောက် လပေါင်းများစွာပင်

ကုန်ဆုံးလာခဲ့သည်။ ဤကာလ၌ ယန်ယဲ့သည်

ဖျက်ဆီးခြင်းနတ်လက်သီးကို ၆ဝ သို့မဟုတ်

၇ဝ ရာခိုင်နှုန်း နီးပါးထိပင်

ကျွမ်းကျင်လာခဲ့သည်။

ဟာကျူလီယံနဂါးဓားကိုတော့ သူက အကြိမ်
၃၀ ခန့် ခုတ်ပိုင်းနိုင်ခဲ့သည်။ ခြွင်းချက်မှာ
ဓားချက် ၃၀ နှင့် သူ၏ပြိုင်ဖက်ကို
မသတ်နိုင်ပါက
သူ့ခွန်အားကုန်ဆုံးသွားမည်ဖြစ်ရာ
အမြန်ဆုံးထွက်ပြေးရမည်ဖြစ်သည်။

အရာအားလုံး အဆင်ပြေသော်လည်း ယန်ယဲ့ကို
စိတ်ဓာတ်ကျစေသည့် တစ်ခုတည်းသော
အရာက အဆင့်လွှန်စွမ်းအင်ကျောက်တုံးများ
ကုန်ဆုံးသွားသည့်တိုင် ဆန်းကြယ်ရွှေချိကန်က
ဘာလှုပ်ရှားမှုမှ မရှိခြင်းပင်။

ယန်ယဲ့သည် အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး ၎င်းကို လက်လျှော့လိုက်ပါသည် ။

သို့သော်လည်း ထိုအခိုက်

ဆန်းကြယ်ရွှေချီကန်က ရုတ်တရက် တဝီဝီ

လှည့်ပတ်သွားပြီးနောက် ယန်ယဲ့ရှေ့တွင်

မိန်းမငယ်လေးတစ်ဦး ပေါ်လာသည်။

ယန်ယဲ့လည်း သူ့ရှေ့တွင်

ရုတ်တရက်ပေါ်လာသည့် မိန်းမငယ်လေးကို

မြင်သောအခါ ထိတ်လန့်သွားသည်။ သူက

ဤမိန်းမငယ်လေးကို တစ်ခါမှမမြင်တွေ့ဖူးပေ။

သို့သော်လည်း ယန်ယဲ့ဟာ သူမဆီကနေ သူနှင့် ထူးထူးခြားခြား ရင်းနှီးသလို ခံစားလိုက်ရသည်။

မိန်းမငယ်လေးက အသက် ၁၆ နှစ်ဝန်းကျင်သာရှိကာ အတော်လေးငယ်ရွယ်နေသေး၏။ သူမ၏ အသားအရေက နှင်းကဲ့သို့ဖြူဖွေးနေပြီး မျက်နှာသေးသေးလေးဟာ ဝိုင်းစက်နေကာ အလွန်တရာမှကို လှပသည်ဟု ဆိုနိုင်ပါသည်။ ထူးခြားချက်မှာ မိန်းမငယ်လေးက ခရမ်းရောင်ဝတ်ရုံရှည်ကို ဝတ်ဆင်ထားပြီး သူမ၏သေးသွယ်သောခါးလေးက

ခရမ်းရောင်တစ်ဝက်ရွှေရောင်တစ်ဝက်
ခါးစည်းကြိုးတစ်ချောင်းကို ပတ်ချည်ထား၏။
သူမက အသက် ငယ်ရွယ်ပုံပေါက်သော်လည်း
ရုပ်ရည်ချောမောပြေပြစ်ပြီး ဂုဏ်သိက္ခာရှိသော
အသွင်အပြင်ကို ပိုင်ဆိုင်ထားသည်။

ယန်ယဲ့ သူမကို ငေးကြည့်နေဆဲပင်ရှိသေး၊
မိန်းမငယ်လေးက ရုတ်တရက် သူ့ကို
ပွေ့ဖက်လိုက်ကာ စကားမပြောဘဲ
ချက်ချင်းတန်းပြီး ငိုကြွေးပါတော့သည်။
သူမက အဆက်မပြတ်ငိုနေသည်ဖြစ်ရာ
ယန်ယဲ့၏ဝတ်ရုံရှည်က

မိန်းမငယ်လေး၏မျက်ရည်များဖြင့်
ရွှဲရွှဲစိုလာခဲ့သည်။

ယန်ယွဲ့လည်း ရုတ်တရက် အခြေအနေကြောင့်
လုံးဝအံ့အားသင့်သွားပြီး
ဘာလုပ်ရမှန်းမသိတော့ပေ။

သူက လက်ကိုဆန့်ကာ သူ့ရင်ခွင်ထဲ၌
အချိန်အတော်ကြာအောင် ငိုနေသော
မိန်းမငယ်လေး၏ကျောကို
အသာအယာပုတ်ပြီး “ကလေးမလေး! မင်းက
ဘယ်သူလဲ” ဟုမေးလိုက်ပါသည်။

မိန်းမငယ်လေးက ခေါင်းမော့လာ၏။

မျက်ရည်ပုလဲလုံးများဝေ့သီနေသော

မျက်ဝန်းများက သနားစဖွယ်ကောင်းစွာပဲ

ယန်ယဲ့ကို စိုက်ကြည့်နေလေသည်။

သူမ၏အသွင်အပြင်က

အတော်လေးသနားကောင်းသောမြင်ကွင်းတစ်

ခုပင်။ မိန်းမငယ်လေးက ရုတ်တရက် ယန်ယဲ့၏

ခေါင်းကို လက်သေးသေးလေး နှစ်ဖက်ဖြင့်

ကိုင်ကာ သူမ၏ပါးဖြင့် ယန်ယဲ့ကို

အဆက်မပြတ် ပွတ်သပ်နေသည်...။

ဖောင်း!

ယန်ယွဲ့ဟာ စိတ်ဝိညာဉ်တစ်ခုလုံး
ပေါက်ကွဲထွက်သွားသလို ခံစားလိုက်ရပြီး
သူ့တစ်ကိုယ်လုံးလည်း
တောင့်တင်းသွားခဲ့သည်။

အချိန်အတော်ကြာအောင် သူ့လက်နှစ်ဖက်ဖြင့်
မိန်းမငယ်လေးကို တင်းတင်းကြပ်ကြပ်
ဖက်ထားရင်း "ဧီအာ.... ဧီအာ၊ ဧီအာ...."

မှန်ပါသည်၊ သူ့ရှေ့မှ မိန်းမငယ်လေးက ခရမ်းရောင်မင့်ခ်ကလေး တစ်ဖြစ်တည်း ဇီအာပင်ဖြစ်သည်။ ယခုအချိန်မှာ သူမလေးက လူသားပုံစံပြောင်းထားခြင်းပါ။

ယန်ယွဲ့၏ဘဝတစ်သက်တာတွင် မမေ့နိုင်ဆုံးလူကိုပြရပါက ဇီအာပင်ဖြစ်ပါလိမ့်မည်။ သူမလေးက သူ့ဘဝတစ်လျှောက်လုံး အနားကနေကပ်လျက်လိုက်ပါခဲ့၏။ သူတို့နှစ်ယောက်ကြား ဆက်ဆံရေးကို သာမန်စကားလုံးများဖြင့်ပင် ရိုးရှင်းစွာ ဖော်ပြ၍မရနိုင်ပါ။

ဒီအချိန်မှာ နှစ်ယောက်သား အချိန် ၁ နာရီခန့်ကြာသည်ထိ တစ်ယောက်ကိုတစ်ယော ပွေ့ဖက်ထားကြသည်။

ယန်ယဲ့က သူ့လက်ကိုဆန့်ပြီး ဇီအာလေး၏မျက်နှာကိုပွတ်သပ်ကာ "ဇီအာ! အထဲမှာ အားလုံးအဆင်ပြေရဲ့လား” ဟုမေးရင်း သူမလေး၏မျက်နှာပေါ်မှမျက်ရည်များကို ညင်သာစွာသုတ်ပေးလိုက်သည်။

ဇီအာက ခေါင်းညိတ်လိုက်သည်။ ထို့နောက် ယန်ယဲ့ကို ထပ်ပြီး တင်းကျပ်စွာ ပွေ့ဖက်လိုက်ရင်း အသံတိုးတိုးလေးပြောလိုက်သည် "အဲဒီနေ့က အဖြစ်အပျက်ကြောင့် ဆန်းကြယ်ရွှေချိုကန်ထဲမှာ ကမ္ဘာကြီးက ရုတ်တရက် ပြောင်းလဲသွားတယ်။ ပြီးတော့ လျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားတစ်ခုက ကမ္ဘာကို ဆန်းကြယ်ရွှေချိုကန်ထဲမှာပဲ ချိတ်ပိတ်ထားလိုက်တယ်။ ဒါကြောင့်မို့လို့ ငါတို့က ပြင်ပကမ္ဘာနဲ့ အဆက်အသွယ် မရခဲ့ဘူး။ ငါတို့ နင့်ကို ဘယ်လောက်

စိတ်ပူနေလဲ မင်းသိလား။ ငါတို့က တကယ်ကို စိတ်ပူနေတာ၊ တကယ်ကို စိတ်ပူနေတာ... ဟင့်...ဟင့်...."

ယန်ယဲ့က အတော်လေးကို တုန်လှုပ်သွားပါသည်။ "ဧီအာ! အဲအချိန်တုန်းက ငါလည်း အတော်လေးဒုက္ခရောက်နေတယ်။ ကံကောင်းစွာပဲ၊ အခု အားလုံးအဆင်ပြေပါတယ်။ ဟုတ်တယ်၊ ဒါနဲ့ မင်း အဲဒီကနေ ထွက်လာနိုင်တော့ ချင်းရှီ နဲ့ တခြားသူတွေလည်း ဒီလိုပဲ လုပ်နိုင်မှာလား"

ဇီအာ က ခေါင်းယမ်းလိုက်သည်။
“ဒီလျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားက
လုံးဝပျောက်ကွယ်မသွားသေးဘူး။ ဒါပေမဲ့
ခရမ်းရောင်စွမ်းအင်တွေအများကြီး
မူလစေတီထဲပို ဝင်ရောက်လာလို့
အဲဒီလျှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားတွေ
အားနည်းသွားတယ်။ ပြီးတော့ တဖြည်းဖြည်းနဲ့
ပျောက်ကွယ်လာပြီ။ ငါထွက်လာနိုင်တဲ့
အကြောင်းရင်းက ငါပိုင်ဆိုင်တဲ့
အဆင့်မြင့်လေဟာနယ်ဖန်တီးခြင်းစွမ်းရည်နဲ့
အထဲကလူတိုင်းငါ့ကိုကူညီပေးခဲ့ကြလို့သာပေါ့။

ဒါကြောင့် ငါက သူတို့ရဲ့အကူအညီနဲ့
လှို့ဝှက်ဆန်းကြယ်တဲ့စွမ်းအားကို
ဖြတ်ကျော်လာနိုင်တာ။ သူတို့ကတော့
ဒီလှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားတွေ
ဒီထက်ပိုပြီး အားပျော့သွားမှပဲ
ထွက်လာနိုင်မှာပါ”

"လှို့ဝှက်ဆန်းကြယ်တဲ့ စွမ်းအားလား"
ယန်ယွဲ့က မျက်မှောင်ကြုတ်ကာ
“မူလစေတီထဲမှာ နောက်ထပ် အင်အားတစ်ခု
ဘယ်လိုရှိနိုင်မှာလဲ”

"မူလစေတီက ဖန်တီးထားတာ ဖြစ်နိုင်တယ်"
ဇီအာ ကရုတ်တရက် ပြောလိုက်သည် "နင်က
တားမြစ်အဆင့်လို့ပြောနိုင်တဲ့ ဓားနည်းစနစ်ကို
အသုံးပြုခဲ့တော့ မူလစေတီလည်း
ဒဏ်ရာရသွားတယ်လေ။ ဒါကြောင့် စေတီထဲက
ကမ္ဘာကို ဖုံးကွယ်ဖို့ လျို့ဝှက်ဆန်းကြယ်တဲ့
စွမ်းအင်ကို ထုတ်လွှတ်လိုက်တာ။
ကံမကောင်းစွာနဲ့ မူလစေတီက အခုထိ
ဒဏ်ရာရနေတုန်းပဲ။ လက်ရှိအခြေအနေမှာ
သူဖန်တီးထားတဲ့ စည်းတံဆိပ်ကို ဖယ်ရှားဖို့
မဖြစ်နိုင်သေးဘူး။ ဒါကြောင့်လည်း
ခရမ်းရောင်စွမ်းအင်တွေကို

ဆက်တိုက်စုပ်ယူနေတာလေ။
ဘာကြောင့်လဲဆိုတော့ မူလစေတီ
ဒဏ်ရာကနေ ပြန်ကောင်းလာမှသာ
အဲဒီစွမ်းအင်ကို ဖယ်ရှားနိုင်မှာမို့လို့ပဲ”

ဒီစကားကို ကြားလိုက်မှသာ
ယန်ယွဲ့၏မျက်နှာပေါ်က အမူအရာဟာ
အနည်းငယ်
ပြေလျော့သွားပါသည်။အဘယ်ကြောင့်ဆိုသော်
တစ်စုံတစ်ယောက်က သူ့ခန္ဓာကိုယ်ထဲကို
တိတ်တဆိတ်ဝင်ရောက်၍ မူလစေတီအား
ချိတ်ပိတ်ပစ်မှာကို စိုးရိမ်နေသောကြောင့်ပါ။

အကယ်၍ ထိုအရသာ အမှန်ဖြစ်နေပါက
အလွန်အမင်းကို
ကြောက်စရာကောင်းပါလိမ့်မည်။
ကံကောင်းထောက်မစွာ ၎င်းသည်
မူလစေတီက ကိုယ်တိုင်ချိတ်ပိတ်လိုက်ခြင်း
ဖြစ်နေခဲ့သည်။ ထို့အတွက်
အဆင့်လွန်စွမ်းအင်ကျောက်တုံးများ
အလုံအလောက်ရှိပါက
မူလစေတီ၏စည်းတံဆိပ်ကို
ဖယ်ရှားနိုင်မည်ဖြစ်သည်။

ဤအချက်ကို စဉ်းစားလိုက်သောအခါ ယန်ယွဲ့၏စိတ်ထဲတွင် စိုးရိမ်ပူပန်မှုများ ပြေလျော့သွားခဲ့သည်။

သူက ဇီအာ ကို ခဏတာစစ်ဆေးကြည့်လိုက်ရင်း သူ့မျက်လုံးထဲ၌ ထိတ်လန့်နေဟန်များ ပေါ်လာလေသည် "ဇီအာ! မင်းက.... မင်း သူတော်စင်တစ်ပိုင်းအဆင့်ကို ရောက်သွားပြီလား"

"ငါအဆင့်တက်နိုင်ခဲ့တယ်" ဇီအာ က ပြုံးပြီး “ဒါက မူလစေတီထဲကနေ ငါထွက်လာနိုင်တဲ့

အကြောင်းရင်းပဲ။ ငါ့ကျင့်ကြံမှုက အခုအချိန်မှာ သိပ်ပြီးမတည်ငြိမ်သေးတော့ အချိန်အတိုင်းအတာတစ်ခုအထိ လေ့ကျင့်ရဦးမယ်" ဇီအာ က စကားပြောနေရင်း ရုတ်တရက် မျက်မှောင်ကြုတ်သွားပြီးနောက် သူမ၏လက်သေးသေးလေးနှစ်ဖက်ကို ယန်ယဲ့၏ဝတ်ရုံရှည်အောက် ဖိချလိုက်သည်။

၁၀၈၂

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၈၂ - တိမ်ပင်လယ်အကယ်ဒမီမှ ဖိတ်ခေါ်စာ

ဘုန်း!

ဇီအာက ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ်သွားကာ ပြင်းထန်သောပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ယန်ယွဲ့ရှေ့တွင် အမျိုးသမီး ၂ ဦး ပေါ်လာသည်။ သူတို့က ချင်းနှင့်ဟုန် ဟုခေါ်သော စပါးအုံးမြွေ ၂ ကောင်ပင်ဖြစ်သည်။

"နင်ကဘယ်လိုနတ်ဆိုးဘုရင်လဲ" ဟုန်က မျက်လုံးများတွင် သတိနှင့် ရန်လိုမှု အရိပ်အယောင်များ ရှိနေစဉ် ဇီအာကို စိုက်ကြည့်နေသည်။

"ငါ့လူပဲ.." ယန်ယဲ့က ဇီအာ ဆီကို ရုတ်တရက် လျှောက်လာပြီး "အဆင်ပြေရဲ့လား အငယ်လေး"

ဇီအာက အနည်းငယ် ခေါင်းခါပြီး "ဘာလို့ မြွေ ၂ ကောင်ရှိနေတာလဲ"

"ဒါက ဇာတ်လမ်းရှည်ကြီးပါ၊ နောင်ကျရင်
မင်းကိုပြောပြမယ်" သူစကားပြောပြီးသည်နှင့်
ချင်း နှင့် ဟုန် တို့ကို လှည့်ကြည့်လိုက်သည်။
တစ်ဆက်တည်း သူ့မျက်လုံးထဲ၌ လေးလံမှုနှင့်
သတိထားမှု အရိပ်အယောင်များပင် ရှိနေသည်။
သူတို့က ဧီအာ နှင့် အဆင့်တူ အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များ
ဖြစ်နေသည့်တိုင် သူတို့၏ခွန်အားက
အတော်လေးသာလွန်နေပေသည်။
သို့သော်လည်း ထိုနေ့က သူတို့နှစ်ယောက်လုံး

သိုင်းသူတော်စင်အဆင့် တက်ဖို့
ကြိုးစားနေသောကြောင့် အဓိပ္ပါယ်ရှိပေသည်။

ချင်း နှင့် ဟုန် က အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များ
ဖြစ်သည့်တိုင်အောင်
သာမန်အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်
များမဟုတ်ကြပါ။

ယန်ယွဲ့က ခဏကြာ လေးလေးနက်နက်
တွေးတောပြီး ပြောလိုက်လေသည် "
နှစ်ယောက်လုံး ငါ့အမှားကြောင့်

ကောင်းကင်ဘုံရဲ့အမျက်ဒေါသနဲ့
ဒဏ်ခတ်ခံခဲ့ရတာပါ။ ဒါပေမဲ့ မင်းတို့ရဲ့
ခွန်အားတွေ လုံးဝ
ပြန်ကောင်းမလာဘူးဆိုရင်တောင် ငါ့ရဲ့
ခရမ်းရောင် ဆန်းကြယ်ချီစွမ်းအင်တွေနဲ့
ကုသလို့အဆင်ပြေခဲ့တယ်မဟုတ်လား။
ငါ့အထင် မင်းတို့က နဂိုခွန်အားရဲ့ ၈၀
ဒါမှမဟုတ် ၉၀ ရာခိုင်နှုန်းလောက်
ပြန်ကောင်းလာလောက်ပါပြီ။ ဒါဆို
မင်းတို့နှစ်ယောက်လုံး အခုထွက်သွားလို့ရပြီ"

သူက ခဏကြာတွေးတောပြီး
ဤအမျိုးသမီးနှစ်ယောက်နှင့် ခပ်ခွာခွာနေဖို့သာ
ဆုံးဖြတ်လိုက်၏။အထူးသဖြင့်
ဟုန်အမျိုးသမီးကို
သူနှံဘေးထားနေရသည်ကိုက သူ့အတွက်
အလွန်ပင်အန္တရာယ်များလှသည်။

"နင် ငါတို့ကို နှင်ထုတ်ဖို့ ကြိုးစားနေတာလား"
ဟုန်၏မျက်လုံးထဲ၌
ရန်ငြိုးထားသောအမူအရာများပေါ်လာကာ
မျက်နှာသည် အနည်းငယ် မှိန်ကျသွားခဲ့သည်။

ယန်ယဲ့က "မင်းအဲဒီလိုလုပ်ရင်
ငါဘာမှမတတ်နိုင်ဘူး"

ဟုန်က "ငါငြင်းတယ်"

ယန်ယဲ့က အနည်းငယ် အံ့အားသင့်သွားပြီး
"မင်းတို့အခု ငါ့ကိုပါ ဆွဲချဖို့
ကြိုးစားနေတာလား"

ထိုအချိန်တွင် ချင် က ယန်ယဲ့ ဆီသို့
လျှောက်လာပြီး
"ငါတို့နည်းနည်းသက်သာသွားပေမဲ့

အပြည့်အဝပြန်ကောင်းမလာသေးဘူး။ ငါတို့က နဂိုခွန်အားပြန်ရဖို့ဆိုရင် နင့်ရဲ့ ဆန်းကြယ်ချီစွမ်းအင်ကို စုပ်ယူမှရမယ်။ မဟုတ်လို့ရှိ ရာစုနှစ်တစ်ခုစာလောက် ကြာသွားနိုင်တယ်။ ဒါဆို ငါတို့ကို နင့်ဘေးနားမှာ နေခွင့်ပေးပါ ဟုတ်တယ်မလား၊ တချို့အရေးကြီးတိုက်ပွဲတွေမှာ ငါတို့ နင့်ကို ကူညီမယ်"

ယန်ယဲ့က "မင်းက သိုင်းသူတော်စင်အဆင့်ကို ရောက်ဖို့ ဘယ်လောက်အထိ ယုံကြည်မှုရှိလဲ" ဟု မပြောခင် နှုတ်ဆိတ်နေခဲ့သည်။

"နင်က
ခရမ်းရောင်ဆန်းကြယ်ချီစွမ်းအင်ကိုသုံးပြီး
ငါတို့ကို ကူညီမယ်ဆိုရင်  အနည်းဆုံး ၄၀
ရာခိုင်နှုန်း ယုံကြည်မှုရှိတယ်"
ချင်၏မျက်လုံးများသည် စိတ်လှုပ်ရှားမှုများဖြင့်
တောက်ပသွားသည်။

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
“အောင်မြင်နိုင်ချေက ရာနှုန်း ၄၀ ပဲလား”

"အဲ့လောက်လွယ်မယ်ထင်လား" ဟုန်က ဒေါသတကြီးနှင့် "အခွင့်အရေး ၄၀ ရာခိုင်နှုန်းက အရမ်းမြင့်တယ်လို့ ယူဆတယ်။ နောက်ဆုံးမှာ မရေမတွက်နိုင်တဲ့ အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်တွေထဲမှာ သိုင်းသူတော်စင်အဆင့်ကို တက်နိုင်မယ်လို့ ၁၀ ရာခိုင်နှုန်းတော ယုံကြည်မှုမရှိကြဘူး"

ယန်ယဲ့က ဟုန်ကို လျစ်လျူရှုကာ ချင်ကိုသာ စိုက်ကြည့်ရင်း "မင်းတို့နှစ်ယောက်လုံး ဆက်နေနိုင်ပါတယ်။ ဒါပေမဲ့ ငါ့ရဲ့အခြေအနေတစ်ခုကို

မင်းသဘောတူမှရမယ်။ မင်းတို့ သိုင်းသူတော်စင်အဆင့်ကို ရောက်နိုင်ရင် ငါ့ကို ကိစ္စ ၃ ခု ကူညီပေးရမယ်"

"ဘာလို့လုပ်ရမှာလဲ" ဟုန်က ယန်ယဲ့ရှေ့တွင် ပေါ်လာသည် " "ဒါဆို ငါတို့...."

"မင်းတို့နှစ်ယောက် အခုချက်ချင်းထွက်သွားလို့ရပြီ" ယန်ယဲ့က ဟုန်ကို စူးစိုက်ကြည့်ရင်း သူ့လက်ကို အခန်းအပြင်သို့ ညွှန်ပြလိုက်သည်။

"နင်..." ဟုန်က ဒေါသတကြီးဖြစ်ကာ ယန်ယဲ့ကို စူးစူးရဲရဲကြည့်ပြီး "ငါပြောတာယုံလား၊ ငါ နင့်ကို အခုချက်ချင်း အရှင်လတ်လတ် မျိုချလိုက်မယ်"

"ငါကသတင်းပို့အဆောင်တစ်ခုပို့ဖို့ အသက်ရှူ ၂ ရှိုက်စာလောက်ပဲလိုတယ်နော်။ ပြီးတော့ အနည်းဆုံး သိုင်းသူတော်စင် ၅ ယောက်က ဒီကိုချက်ချင်းရောက်လာလိမ့်မယ်" ယန်ယဲ့က ဟုန်ကို အေးစက်စွာ ကြည့်နေသည် ။ ဤနေရာက ရှေးဟောင်းဓားကျောင်းတော်၏ နယ်မြေဖြစ်သည်မဟုတ်ပါလား။ ထို့ကြောင့်

သူသာအလိုရှိပါက ကျောင်းတော်၏
အထက်အာဏာပိုင်များကို ချက်ချင်း
အကူအညီလှမ်းတောင်းနိုင်၏။ အမှန်စင်စစ်
ရှေးဟောင်းဓားကျောင်းတော်၏အထက်အာ
ဏာပိုင်များက သူ့ကို အာရုံစိုက်ထားပြီးသားဟု
ဆိုနိုင်သည်။

ဟုန်က တစ်ခုခုပြန်ပြောဖို့
ရည်ရွယ်ထားသော်လည်း ချင်က သူမကို
တားလိုက်ပြီး "ငါတို့ သဘောတူပါတယ်။
တကယ်လို့ ငါတို့တွေ သိုင်း
သူတော်စင်အဆင့်ကို ရောက်ခဲ့ရင် နင့်ကို ကိစ္စ

၃ ခု ကူညီပေးမယ်။ ဒါပေမဲ့ ငါတို့
သိုင်းသူတော်စင်အဆင့်
တက်လှမ်းတဲ့အချိန်ကျရင်တော့ နင် ငါတို့ကို
လက်တစ်ကမ်း ငှားပေးမယ်လို့
မျှော်လင့်ပါတယ်”

ယန်ယဲ့က "ကောင်းပြီလေ"

ဟုန်က ရုတ်တရက်
"ငါတို့စကားပြန်ပြင်ပြောမှာကို
မကြောက်ဘူးလား"

ယန်ယဲ့က ပြုံးပြီး “နတ်ဆိုးသားရဲတွေက အများအားဖြင့်
တော်တော်လေးယုံကြည်လို့ရတယ်။
မင်းတို့သဘောတူပြီးသားမို့ နှစ်ယောက်စလုံးက သိပ်ခက်ခဲတာမဟုတ်ရင်
ငါ့တောင်းဆိုချက်တွေကို
သဘောတူသင့်တယ်"

ဟုန်က ယန်ယဲ့ကို ကြည့်လိုက်ပြီး အေးစက်စွာ ညည်းညူရင်း "နင့်ကို သိနေတာကြာပြီ၊ နင်က မှန်တဲ့ စကားကို ပထမဆုံး ပြောလိုက်တာပဲ"
သူမစကားပြောပြီးသည်နှင့် ချင်ကို

အချက်ပြကာ
မြွေသေးသေးလေးနှစ်ကောင်အဖြစ်
ပြန်ပြောင်းပြီး ယန်ယဲ့၏ဝတ်ရုံရှည်အောက်
ပြန်ဝင်သွားကြတော့သည်။

“ငါ့ရဲ့ကျင့်ကြံမှုအဆင့်ကို အခြေခိုင်အောင်
လုပ်ရဦးမယ်။ ဒါကြောင့် ဒီကာလမှာ နင်ငါ့ကို
မနှောင့်ယှက်ရဘူး!" ဇီအာက
ထိုစကားပြောပြီးသည်နှင့် ချက်ချင်းပင် သူမ၏
မူလပုံစံသို့ ပြန်ပြောင်းသွားသည်။
တစ်ချိန်တည်းမှာပင်

ခရမ်းရောင်မင့်ခ်ကလေးတစ်ကောင်က
ယန်ယဲ့၏ပုခုံးပေါ်သို့ ဆင်းသက်လာသည်။

"ကလေး၊ ဓားခန်းမထဲကို လာခဲ့" ဒီအချိန်မှာပဲ
တာအိုသခင်ဂူ၏အသံက
ယန်ယဲ့၏စိတ်ဝိညာဉ်ထဲ ရုတ်တရက်
ထွက်ပေါ်လာသော်။

သိပ်မကြာလိုက်ပါ၊ ယန်ယဲ့သည်
နေရာမှာပင်ပျောက်ကွယ်သွားပြီး ဓားခန်းမထဲ၌
ပြန်ပေါ်လာခဲ့သည်။ နောက်ဆုံးအကြိမ်နှင့်
ယှဉ်ပါက လက်ရှိအချိန်မှာ

လူနည်းနည်းလေးသာရှိနေ၏။ အားလုံးပေါင်းမှ ၁၀ ယောက်လောက်သာရှိသည်။ ကျန့်ဝူချန်းက ခားသခင်နေရာတွင် ထိုင်နေပြီး တာအိုသခင်ဂူက သူ့ဘေးမှာ ရှိနေသည်။

"မင်းအတွက် သတင်းကောင်းတစ်ခုရှိတယ်၊ ဒါပေမဲ့ ဒီကိစ္စနဲ့ ပတ်သက်ပြီး
မင်းရဲ့ထင်မြင်ချက်ကို ငါမေးဖို့ခေါ်လိုက်တာပဲ"
ကျန့်ဝူချန်းက ဆက်ပြောလေသည်
"တိမ်ပင်လယ်အကယ်ဒမီရဲ့ဌာနမှူးက မင်းကို အကယ်ဒမီရဲ့နည်းပြဆရာအဖြစ်

အလုပ်ခန့်ချင်လို့ အကြောင်းကြားလာတယ်။
မင်းအလုပ်ဝင်ဖို့ ဆန္ဒရှိလား"

ယန်ယဲ့၏ မျက်ခုံးများသည် အနည်းငယ်
တွဲကျနေပြီး "နည်းပြဆရာလား"

ကျန့်ဝူချန်းက ခေါင်းညိတ်ပြီး "ကလေး၊
မင်းသဘောတူရင် မင်းဟာ
တိမ်ပင်လယ်အကယ်ဒမီရဲ့ သမိုင်းမှာ
ဒုတိယမြောက် လူငယ်နည်းပြ
ဖြစ်လာလိမ့်မယ်"

ယန်ယဲ့က "ငါ အဲဒီကနေ တစ်ခုခု ရနိုင်မလား" ဟုမေးလိုက်၏။

ကျန့်ဝူချန်းက မတတ်သာစွာ ခေါင်းခါလိုက်သည်။ "မင်း.... အကျိုးကျေးဇူးတွေရှိတယ်။ မင်းက တစ်လကို အဆင့်လွန် စွမ်းအင်ကျောက်တုံး ၁၀၀,၀၀၀ ရမယ်။ ဒါ့အပြင် အကယ်ဒမီရဲ့ အဆင့်နိမ့်နည်းစနစ်ခန်းမကို ဝင်နိုင်တယ်။ တကယ်လို့ မင်းမှာအရည်အချင်းရှိတယ်ဆိုရင်တော့ တိုက်ခိုက်ရေးနည်းစနစ်ခန်းမနဲ့

ကျင့်ကြံခြင်းနည်းစနစ်ခန်းမကို ဝင်လို့ရမယ်။
ဒီခန်းမတွေကို လျှော့မတွက်နဲ့နော်။
ထင်းရှူးစီရင်စုတစ်ခုလုံးမှာ အစွမ်းထက်ဆုံးနဲ့
အကောင်းဆုံး နည်းစနစ်အင်အားစုကို
ပြပါဆိုရင် တိမ်ပင်လယ်အကယ်ဒမီကို
လက်ညှိုးထိုးပြရမယ်။
သူတို့ရဲ့နည်းစနစ်အများစုက
ဗဟိုနတ်ဘုရားစီရင်စုကနေ
ဆင်းသက်လာတာဖြစ်လို့ပဲ"

ဤအချက်ကို ပြောပြီးသည်နှင့် ကျန့်ဝူချန်းက
ထိုင်ခုံကနေ မတ်တပ်ထရပ်လာပြီး

"ဒါတွေအားလုံးကို
မင်းတန်ဖိုးထားမှာမဟုတ်ဘူးဆိုတာ
ငါသိပါတယ်၊ ဒါပေမဲ့ မင်းသဘောတူမယ်လို့
ငါမျှော်လင့်နေတုန်းပဲ"

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

ကျန့်ဝူချန်းက "မင်းဟာ
တိမ်ပင်လယ်ကယ်ဒမီရဲ့
တပည့်တော်တော်များများကို
သတ်ပစ်လိုက်တယ်။ သူတို့ရဲ့
အထက်အာဏာပိုင်တွေက

ရန်ငြိုးတွေကိုပယ်ဖျက်ထားပေမယ်လို့
အကယ်ဒမီထဲမှာ ဆူပူမှုတွေရှိနေတုန်းပဲ။
ဒီတော့ ငါတို့ကျောင်းတော်ရဲ့တပည့်အများစုက
တိမ်ပင်လယ်အကယ်ဒမီမှာ
အတော်လေးဒုက္ခရောက်နေကြတယ်။ မင်း
နည်းပြရာထူးကိုရယူချင်တယ်ဆိုရင်
ငါတို့ဓားကျောင်းတော်နဲ့
တိမ်ပင်လယ်အကယ်ဒမီကြားက
ရန်ငြိုးတွေ၊ပြဿနာတွေကို ဖြေရှင်းဖို့
အရမ်းကောင်းတဲ့အခွင့်အရေးပဲ”

ယန်ယဲ့က ခေါင်းညိတ်လက်ခံလိုက်သည်
"ကောင်းပါပြီ"

ကျန့်ဝူချန်းက ပြုံးပြီး ဆက်ပြောလိုက်သည်
"တခြားသူတွေနဲ့ဆက်ဆံတဲ့အခါ
နိမ့်ကျတဲ့အဆင့်အတန်းကို
ထိန်းသိမ်းထားဖို့နဲ့ အကယ်ဒမီအတွက်
မစ်ရှင်တွေလုပ်တဲ့အခါ မင်းရဲ့စွမ်းရည်ကိုပြသဖို့
မင်းအစွမ်းကုန်ကြိုးစားရမယ်လို့ သတိရပါ။
နားလည်လား"

"ဓားသခင်! အဲဒီမှာ ဒုက္ခရောက်မှာကို ဒီတပည့်အတွက် စိုးရိမ်နေတာလား" ယန်ယဲ့က အနည်းငယ်မျက်လုံးပြူးကာ "တကယ်တော့ ဒီတပည့်က လူတွေကို အမြဲတမ်း သနားညှာတာမှုနဲ့ အနိုင်ယူလေ့ရှိတယ်"

“ဖူး”

အခြားသူများကို သနားညှာတာခြင်းနှင့် အနိုင်ယူသည်လော။ ကျန့်ဝူချန်း နှင့် ခန်းမထဲက လူတိုင်း ခေါင်းယမ်းကြသည်။ အကယ်၍သာ ယန်ယဲ့က လူတိုင်းကို သနားညှာတာမှုနှင့်

အနိုင်ယူပါက
သူ့တွင်ရန်သူများပင်ရှိမှာမဟုတ်ပေ။

သူတို့သည် ယန်ယွဲ့၏အတိတ်ကို
မသိခဲ့ကြသော် လည်း ထင်းရှူးစီရင်စုတွင်
ယန်ယွဲ့၏လုပ်ရပ်တိုင်းက အခြားသူများကို
သနားညှာတာမှုနှင့် အနိုင်ယူဖို့ကြိုးစားခြင်းဟု
ယူဆနိုင်ပါသလား။ အကယ်၍ သူသတ်ခဲ့သော
လူများသာ ၎င်းတို့အား သနားညှာတာခြင်းနှင့်
အနိုင်ယူခဲ့သည်ဆိုသောစကားကို ကြားပါက
သေရာကနေပြန်ရှင်လာပြီး

ကျိန်ဆဲကြမည်လောဟုပင်
တွေးတောနိုင်ပေလိမ့်မည်။

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "သူတို့က ဘာလို့ ငါ့ကို အဲဒီမှာ နည်းပြလုပ်ခိုင်းချင်ရတာလဲ" သူနှင့် တိမ်ပင်လယ်အကယ်ဒမီ အကြား နက်ရှိုင်းသော ရန်ငြိုးရန်စမရှိသော်လည်း ခင်မင်ရင်းနှီးသောဆက်ဆံရေးရှိသည်ဟု လုံးဝပြောၡ၍မရပါ။ နောက်ဆုံးတွင် သူက တိမ်ပင်လယ်အကယ်ဒမီ၏တပည့်ပေါင်းများစွာကို သတ်ပစ်ခဲ့သည်မဟုတ်လား။ ထိုအရာက

တိမ်ပင်လယ်အကယ်ဒမီကို
အတိုင်းအတာတစ်ခုထိတော့
မျက်နှာဖြတ်ရိုက်လိုက်သည်ဟု ဆိုနိုင်၏။
၁၀၈၃

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၁၀၈၃ - မထွက်ခွာခင်

ကျန့်ဝူချန်းက "ငါ့အထင်တော့
သမင်ဖြူအကယ်ဒမီ နဲ့ ဆက်စပ်နေတာ
ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် ဒါဟာ မင်းအတွက်

လုံးဝအကျိုးရှိမှာပါ။ ဘာပြဿနာမှ မရှိနိုင်ဘူး။ အဲဒီလူအိုကြီးက မင်းရဲ့တောင်းဆိုချက်တွေ ရှိရင် လုံးဝထိန်းမထားဘဲ မင်းတတ်နိုင်သမျှတောင်းဆိုလို့ရတယ်ဆိုတာပါ ပြောခဲ့သေးတယ်"

ယန်ယွဲ့လည်း ဒီစကားကြောင့် ခဏတာဆွံ့အသွားကာ ဘာပြောရမှန်းမသိပေ။

"ခါးစိတ်ဆန္ဒစေတီ ပြိုကျသွားပြီ" ရုတ်တရက် အနက်ရောင်ဝတ်ရုံအဘိုးအိုတစ်ယောက် ယန်ယွဲ့၏ရှေ့တွင် ပေါ်လာသည်။ ယန်ယွဲ့သည်

အဘိုးအိုကို မြင်သည်နှင့်
ချက်ချင်းမှတ်မိလိုက်၏။ ဒီအဘိုးအိုဟာ
ထိုနေ့က သူ့ကို ကပ်ဘေးသယ်ဆောင်လာသူဟု
ပြောခဲ့သော အကြီးအကဲရှောင် ပင်ဖြစ်သည်။

ယန်ယဲ့သည် မျက်လုံးထောင့်များ
တုန်လှုပ်သွားသည်။ " သူက အခု ငါ့ကို
အပြစ်ပေးဖို့ ကြိုးစားနေတာလား" သူသည်
ဓားကျောင်းတော်၌
အကြီးအကဲရှောင်၏အဆင့်အတန်းကို
အတိအကျ မသိခဲ့ပေ။ သို့သော်လည်း ၎င်းသည်
လုံးဝနိမ့်ကျသည်မဟုတ်ကြောင်း

သူသံသယမဝင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဓားသခင်ကျန့်ဂူချန်းသည်ပင် အကြီးအကဲရှောင်ကို အလွန်လေးစားနေခဲ့သည်မဟုတ်လား။

"အခုကစပြီး၊ ငါတို့ဓားကျောင်းတော်က တပည့်တွေအတွက် သူတို့ရဲ့ဓားစိတ်ဆန္ဒကို မြှင့်တင်ဖို့ အဆပေါင်းများစွာ ပိုခက်ခဲလိမ့်မယ်" အကြီးအကဲရှောင်က အနည်းငယ် မှိုင်းညို့သော လေသံဖြင့် ဆက်ပြီး ဒေါသတကြီး ပြောလိုက်လေသည်။

ကျန့်ဝူချန်းက

စကားဝင်ပြောတော့မည်ဖြစ်သော်လည်း

အကြီးအကဲရှောင်က ယန်ယဲ့ကို စိုက်ကြည့်ကာ

"မင်းလုပ်လိုက်တာ... ဟုတ်တယ်မလား"

လိမ်ဖို့မဖြစ်နိုင်သောကြောင့် ယန်ယဲ့က

ရိုးသားဟန်ဖြင့် ခေါင်းညိတ်သည်

"ဟုတ်ပါတယ်"

ဒီအထိ သူပြောပြီးချိန်မှာတော့ တာအိုသခင်ဂူ

ကို စိုက်ကြည့်ရင်း " ဆရာပြောတာက

ငါလုပ်နိုင်ရင် ကြိုက်သလိုလုပ်လို့ရတယ်...."

လို့ ပြောတယ်..." သူက ဒီအခြေအနေကို တစ်ယောက်တည်း ကြိမ်းမောင်းမခံလိုပေ။ တာအိုသခင်ဂူ ကိုပါ အလျင်စလို ဆွဲချလိုက်သည်။

တာအိုသခင်ဂူ လည်း ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး ကျန့်ဝူချန်း ကို စိုက်ကြည့်ကာ "ဓားသခင်လည်း ဒါကို သိတယ်....၊ ဟာသပဲ..." ဒီအခြေအနေက သူလည်း ရင်မဆိုင်နိုင်ပါ။ နောက်ဆုံးတွင် ဓားစိတ်ဆန္ဒစေတီက ဓားကျောင်းတော်၏တပည့်များအတွက် ကျင့်ကြံခြင်းနတ်ဘုံ ဖြစ်သည်။ ယခုအချိန်တွင်

စေတီပြိုကျသွားသဖြင့်
မရေမတွက်နိုင်သောတပည့်များနှင့်
အဆင့်မြင့်အာဏာပိုင်များပါ မကျေမနပ်၊
ဒေါသတကြီးဖြစ်နေကြသည်။မည်သို့ပင်ဆိုစေ
ကာမူ သူသည်လည်း
ရှေးဟောင်းဓားကျောင်းတော်တစ်ခုလုံး၏
ဘုံရန်သူမဖြစ်လိုပါ။

ကျန့်ဝူချန်းက ယန်ယွဲ့ နှင့် တာအိုသခင်ဂူ ကို
တစ်ချက်ကြည့်လိုက်ပြီး “ဒါကို
ငါတကယ်သိပါတယ်။ ဟုတ်တယ်၊ ငါ
တည်ထောင်သူဘိုးဘေးကို

အကြောင်းကြားထားလို့ သူလည်း သိတယ်။
ဒါကြောင့် ငါတို့က ဘာဆက်လုပ်ရမယ်ဆိုတာ
မဆုံးဖြတ်ခင် တည်ထောင်သူဘိုးဘေးရဲ့
အဖြေကို စောင့်နေမယ်”

ဤစကားကိုကြားသောအခါ ခန်းမထဲရှိလူတိုင်း
မျက်လုံးပြူးသွားကြသည်။
"သောက်ကျိုးနည်း...၊ ဒီ သုံးယောက်လုံးက
ကိုယ့်တာဝန်ကိုမခံဘဲ တခြားသူတွေကိုပဲ
လွှဲချနေတာလား"

အကြီးအကဲရှောင်က ကျန့်ဝူချန်းကို
တစ်ချက်ကြည့်လိုက်ပြီး "ဓားသခင်၊ အဲဒါ
မလိုပါဘူး။
တကယ်တော့သူအဲဒီမှာသိမ်းထားတဲ့
ဓားစိတ်ဆန္ဒတွေကို တစ်ခုမကျန် ဝါးမျိုနိုင်လို့
ငါတောင် အံ့သြမိတယ်။ အခု
ဒီလိုဖြစ်နေပြီဆိုတော့ ဘယ်သူ့ကိုမှ
အပြစ်တင်ဖို့ မရည်ရွယ်ပါဘူး။ ဘာပဲဖြစ်ဖြစ်
သူက ငါတို့ဓားကျောင်းတော်ရဲ့တပည့်လေ။ ဒါ
ပေမဲ့ သူ့ကိုဒီလိုခွင့်ပေးရုံနဲ့တင် တော်တော်
မတန်ဘူးမဟုတ်လား"

ကျန့်ဝူချန်းက  "အကြီးအကဲရှောင်! ဒါဆို ငါတို့
ဘာလုပ်သင့်တယ်လို့ မင်းထင်လဲ"

“နောက်ထပ်
သိုင်းပညာအဆင့်သတ်မှတ်ချက်ပြိုင်ပွဲစတင်ဖို့
၃ နှစ်လောက်လိုသေးတယ်"
အကြီးအကဲရှောင်က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး "သူက ထိပ်ပိုင်း
အယောက် ၃၀ ထဲကို ဝင်နိုင်ရင် ဒီကိစ္စကို ငါတို့
မေ့ပစ်နိုင်တယ်။ မတတ်နိုင်ရင် သူ့အတွက်
ဓားစိတ်ဆန္ဒစေတီကို ပြိုကျစေတာက
ဖြုန်းတီးလိုက်သလိုပဲလေ။ ဒါကြောင့်

ဆားသခင်က သူ့ကို ဆားကျောင်းတော်ရဲ့ စည်းမျဉ်းအတိုင်း အပြစ်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်”

ကျန့်ဝူချန်းက ယန်ယဲ့ကို စိုက်ကြည့်လိုက်ပြီး "မင်းဘယ်လိုထင်လဲ"

"ထိပ်တန်း အယောက် ၃၀ ပဲလား" ယန်ယဲ့က သူ့လက်ကို ဝှေ့ယမ်းပြီး "ဒါက ထိပ်တန်း အယောက် ၃၀ လေးပဲမဟုတ်လား။ အဲဒါက ပြဿနာမဟုတ်ဘူး" ရိုးရိုးသားသားပြောရလျှင် သူသည် ဆားစိတ်ဆန္ဒအားလုံးကို

စုပ်ယူလိုက်ပြီးနောက်
ဓားကျောင်းတော်အတွက်
စေတီ၏အရေးပါပုံကို သိရှိလိုက်သဖြင့်
သူ့စိတ်ထဲတွင် အတော်လေးကို အပြစ်ရှိသလို
ခံစားခဲ့ရသည်။နောက်ဆုံးတွင်
မရေမတွက်နိုင်သောတပည့်များက
သူတို့၏ဓားစိတ်ဆန္ဒကို မြှင့်တင်ဖို့
လိုအပ်သည်မဟုတ်ပါလော။ ယခုအချိန်တွင်မူ
သူက ဓားစိတ်ဆန္ဒအားလုံးကို
တစ်ခုမကျန်စုပ်ယူပြီး
စေတီပါပြိုကျသွားခဲ့သည်ဖြစ်ရာ
ကျောင်းတော်၏တပည့်တိုင်းအနေနှင့်

ခားစိတ်ဆန္ဒကို တိုးတက်အောင်လုပ်ဖို့
ခဲယဉ်းသွားတော့မည်ဖြစ်သည်။

ထို့ကြောင့် အကြီးအကဲရှောင်က
ဒီလိုမျိုးလိုအပ်ချက်ကို တောင်းဆိုသောအခါ
သူက ချက်ချင်း သဘောတူခဲ့သည်။
သိုင်းပညာအဆင့်သတ်မှတ်ချက်က
မည်သည်ကို ဆိုလိုကြောင်း မသိသော်လည်း
ထိပ်တန်း အယောက် ၃၀ က သူ့အတွက်
ပြဿနာမဖြစ်သင့်ဟု ခံစားမိသည်။

"ထိပ်တန်းအယောက် ၃၀ လေးပဲတဲ့လား "
အကြီးအကဲရှောင်၏ပါးစပ်ထောင့်များ
လှုပ်ယမ်းသွားသည်။ သူက
အသက်ပြင်းပြင်းရှူပြီး “ကောင်းပြီ!
အရမ်းကောင်းတယ်! မင်းပြောတဲ့စကားကို
သတိရပါ။ မင်း ပျက်ကွက်ရင် ငါ့ကို
သနားညှာတာမှုမရှိလို့ အပြစ်မတင်နဲ့"

"အကြီးအကဲရှောင်! အကြီးအကဲရှောင်က
ဒီတပည့်ကို  ယုံကြည်မှုမရှိဘူးလို့ထင်တယ်"
ယန်ယဲ့က “အဲဒါမျိုးဆိုတော့ ငါတို့က ဘာလို့
လောင်းကြေးထပ်မရတာလဲ”

"မင်းကို ငါကြောက်မယ်လို့များ ထင်နေလား။
လိုချင်ရင် လောင်းကြရအောင်"
အကြီးအကဲရှောင်က
အေးစက်စက်ပြန်ပြောလိုက်သည်။

ယန်ယဲ့က ပြုံးပြီး "ဒါက ဘယ်လိုလဲ။
အကြီးအကဲပြောနေတဲ့အဆင့်ကို ငါတက်နိုင်ရင်
အကြီးအကဲရှောင်က ငါဘာပဲလုပ်လုပ်
ငါ့ကိုထောက်ခံရမယ်" သူ့ရှေ့က အဘိုးအိုဟာ
ကျန့်ဝူချန်း နှင့်ပင် အဆင့်အတန်းတူညီသည်ဟု
သေချာပေါက်သိနေသည်။

သူသည် ဒီအဘိုးအိုကို
ကျောထောက်နောက်ခံထားနိုင်ပါက လုံးဝကို
အခြေအနေကောင်းတစ်ခုပင်။

အကြီးအကဲရှောင်က ယန်ယွဲ့ကို
စိုက်ကြည့်လိုက်ပြီး "မင်းသာ
ထိပ်တန်းအယောက် ၃၀ ထဲကို ဝင်နိုင်ရင်
စိန်အဆင့်ဂိုဏ်းကို စော်ကားရင်တောင် မင်းကို
အဆုံးထိ ပံ့ပိုးပေးမယ်။ဒါပေမဲ့
မင်းမအောင်မြင်ရင်

မင်းရဲ့ဓားစိတ်ဆန္ဒကိုထုတ်ပြီး
ဓားစိတ်ဆန္ဒစေတီကိုပြန်ဆောက်ပေးရမယ်"

စကားပြောပြီးသည်နှင့်
အကြီးအကဲရှောင်ဓါ၏ခန္ဓာကိုယ်က
တဖျပ်ဖျပ်လက်ကာ နေရာတွင်ပင်
ပျောက်ကွယ်သွားသည်။

ထို့နောက် အခြားအကြီးအကဲများသည်
ယန်ယွဲ့ကို စိုက်ကြည့်ကာ
ခေါင်းယမ်းလိုက်ကြသည်။

ယန်ယဲ့လည်း အံ့အားသင့်သွားသည်။သူက ကျန့်ဝူချန်းကို စိုက်ကြည့်ရင်း "ဒါကအရမ်းခက်ခဲနေလား"

ကျန့်ဝူချန်းက သိပ်မခက်ပါဘူး။သိုင်းသူတော်စင်တွေကို ပါဝင်ယှဉ်ပြိုင်ဖို့ ခွင့်ပြုထားတယ်

ယန်ယဲ့၏မျက်နှာဟာ ချက်ချင်းပင် အေးခဲသွားသည် "သောက်ကျိုးနည်း။ သိုင်းသူတော်စင်တွေ ပါတာလား။ အခုကစပြီး ၃ နှစ်ပဲကျန်တော့တယ်...."

စိတ်မပူပါနဲ့။ငါတို့လို
မျိုးဆက်ဟောင်းတွေတော့ မပါဘူး"
တာအိုသခင်ဂူ က ယန်ယွဲ့ကို
အားပေးလိုက်သည် ဒါပေမဲ့
သိုင်းသူတော်စင်တွေ
တကယ်ပါဝင်နိုင်တယ်။တစ်ခုပဲ....
မျိုးဆက်ဟောင်း သိုင်းသူတော်စင်တွေကိုတော့
တားမြစ်ထားတယ်။ တစ်နည်းပြောရမယ်ဆိုရင်
အသက် ၃၀ အောက် သိုင်းသူတော်စင်တွေပဲ
ပါဝင်လို့ရတယ်။ ငါတို့ စီရင်စုကို မပြောနဲ့....
ဗဟိုနတ်ဘုရားစီရင်စုမှာတောင် အသက် ၃၀

အောက်က သိုင်းသူတော်စင်တွေ
အတော်လေးနည်းတယ်။ဒါဆို မင်းမှာ
အရမ်းကောင်းတဲ့ အခွင့်အရေးရှိမှာပါ"

ယန်ယဲ့က အကူအညီမဲ့စွာသာ
ရယ်မောလိုက်၏ ဒီတပည့်လည်း
မျှော်လင့်ပါတယ်

ထိုအချိန်တွင် ကျန့်ဝူချန်း၏အသံ
ထွက်လာသည် "ဒါက
မင်းကိုပို့ထားတဲ့စာပဲ၊ဒီထောက်ခံစာကိုယူသွား
ပြီးတော့ တိမ်ပင်လယ်အကယ်ဒမီမှာ

မင်းရဲ့ရာထူးအသစ်ကို အဲဒီနေရာမှာ တန်းပြီး လက်ခံနိုင်တယ်

ယန်ယဲ့၏အကြည့်သည် စာရွက်ပေါ်သို့ စူးစိုက်စိုက်ကြည့်ကာ "အပြင်စည်းတပည့်ခြံဝန်း၏နည်းပြဆရာ "ဟူ၍ တွေ့လိုက်ရသည်။

တိမ်ပင်လယ်အကယ်ဒမီကို အပြင်စည်းခြံဝန်း၊ အတွင်းစည်းခြံဝန်း နဲ့ လျှို့ဝှက်ခြံဝန်း ဆိုပြီး ခွဲထားတယ်။ ခြံဝန်းတစ်ခုစီမှာ အဆင့် ၁ (A) ကနေ အဆင့် ၄ (D) ဆိုပြီး တန်းခွဲ (၄)ခုရှိတယ်။

လက်တွေ့မှာတော့ အပြင်စည်းခြံဝန်းရဲ့
တပည့်တွေအားလုံးက ချီးမြှောက်ခြင်းနယ်ပယ်
ဒါမှမဟုတ် အဆင့်နိမ့်သိုင်းကျောဇ် နဲ့
သိုင်းကျောဇ်တစ်ပိုင်းအဆင့်တွေလို့ကြားတ
ယ်။ ခြံဝန်းတစ်ခုစီမှာ တန်းခွဲက (၄)ခုစီရှိတယ်။
လျှို့ဝှက်ခြံဝန်းနဲ့ ပတ်သက်ရင် ဒါက
တိမ်ပင်လယ်အကယ်ဒမီရဲ့
လျှို့ဝှက်ဆန်းကြယ်ဆုံးခြံဝန်းဖြစ်လို့ အဲဒီက
ကျောင်းသားတွေရဲ့ခွန်အားကို
ငါလည်းမသိဘူး" ကျန့်ဝူချန်းက ရှင်းပြသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဒါဆို တိမ်ပင်လယ်အကယ်ဒမီကို အခုချက်ချင်း သွားရမှာလား"

ကျန့်ဝူချန်းက ပြုံးလိုက်သည်။
"ဟုတ်တယ်။အမှန်ဆိုရင် လက်ရှိမှာ တိမ်ပင်လယ်အကယ်ဒမီက အပြင်စည်းတပည့်တွေ ခေါ်ယူနေတဲ့အချိန်လေ။ တစ်နည်းပြောရရင် မင်းရဲ့ကျောင်းသားတွေက ကျောင်းသားသစ်တွေဖြစ်လိမ့်မယ်။ အခုချက်ချင်း သွားပြီး တာဝန်ခံထားရင်

သူတို့ကို ကြိုသိနိုင်မှာပါ။ ဒါနဲ့ ငါပြောခဲ့တာကို သတိရပါ။နိမ့်ကျတဲ့အဆင့်အတန်းကိုထိန်းထား ရမယ်ဆိုပေမဲ့ လိုအပ်လာရင် မင်းရဲ့အရည်အချင်းကို ထုတ်ပြပါ။ နောက်ဆုံးတော့ ဘာပဲဖြစ်ဖြစ် မင်းက ငါတို့ရှေးဟောင်းဓားကျောင်းတော်ကို ကိုယ်စားပြုနေတော့ တခြားသူတွေ အထင်အမြင်သေးတာကို ခွင့်မပြုနိုင်ဘူး"

"စိတ်မပူပါနဲ့၊ တခြားဘာကိုမှ အာမမခံနိုင်ပေမဲ့ ဒီကောင်လေးက သူ့ကိုယ်သူ ဆုံးရှုံးနစ်နာမှုမျိုး ခံရအောင်လုပ်မှာမဟုတ်တာတော့

သေချာတယ်" တာအိုသခင်ဂူ က ရယ်မောရင်း "ကလေး! တိမ်ပင်လယ်အကယ်ဒမီက အဆင့်မြင့်ပညာရှင်တွေနဲ့ ပြည့်နေလို့ ပြဿနာရှာဖို့ဆိုတာ ခေါင်းထဲမထည့်နဲ့။ အရေးကြီးဆုံးကတော့ မင်းက တိမ်ပင်လယ်အကယ်ဒမီရဲ့ တပည့်တစ်ယောက်ကို မရှုံးစေနဲ့။ မဟုတ်ရင် မင်းရော ငါတို့ရဲ့ဓားကျောင်းတော်ပါ "

စကားပြောပြီးသည်နှင့် တာအိုသခင်ဂူ က ယန်ယွဲ့ဆီကို စာလိပ်တစ်လိပ် ပစ်ပေးလိုက်သည်။ သူက "ဒါက

ထင်းရှူးစီရင်စုရဲ့မြေပုံပဲ။

စီရင်စုတစ်လျှောက်လုံးမှာ

အင်အားစုအသီးသီးရဲ့တည်နေရာကို

မှတ်သားထားတယ်။ အဲ့ဒီ့အပြင်

အဲဒီအနီစက်တွေကို မြင်လား။

အဲဒီအနီစက်တွေက မင်းအတွက်

အရမ်းအန္တရာယ်များတဲ့ နေရာတွေကို

အမှတ်အသားပြုတယ်။ ဒီလိုဆို မင်းက

ဉာဏ်ရှိရင် သေမင်းနယ်မြေကို

မသွားမိဖို့သတိရပါ"

အဆုံးမဲ့စားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၄ - ရွှေနတ်ဆိုးဝံပုလွေတောင်တန်း

ယန်ယဲ့ သည် စာလိပ်ကိုယူကာ

နှလုံးသားထဲတွင် ခံစားချက်မျိုးစုံဖြင့်

သက်ပြင်းချလိုက်သည်။ ဤသည်မှာ

ဂိုဏ်းတစ်ခု၏ အကျိုးဖြစ်သည်။

သူတို့၏အထောက်အပံ့နှင့်

အရင်းအမြစ်များအပြင် အခြားသူများ

မရနိုင်သောအရာများကို ပိုရခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့သည် ကျန့်ဝူချန်း နှင့် တာအိုသခင်ဂူ ကို အနည်းငယ်ဦးညွှတ်ပြီး ခန်းမထဲမှ ထွက်လာခဲ့သည်။

ကျန့်ဝူချန်းက ရုတ်တရက် စကားမပြောခင် ယန်ယဲ့ ထွက်သွားသည်ကို ကြည့်နေပြီး "အတိတ်မှာ သူဘာတွေ ကြုံခဲ့ရလဲဆိုတာ ငါ အံ့သြမိတယ်။ မင်း ခံစားမိသလား။ သူက ငါတို့ကျောင်းတော်ရဲ့ အဖွဲ့ဝင်တွေလက်ခံတဲ့ပုံစံကို သိပ်သဘောမကျသလိုပဲ။ ပြီးတော့ သူက ငါတို့ကို လေးစားနေပေမဲ့ ငါတို့နဲ့ရင်ဆိုင်တဲ့အခါ

အကြောက်အလန့်မရှိဘူး။
မသိဘဲနေတာကြောင့် မကြောက်တာလား၊
ဒါမှမဟုတ် သူ့မှာ
အရမ်းကြောက်စရာကောင်းတဲ့
ဝှက်ဖဲတစ်မျိုးရှိလို့လား”

တာအိုသခင်ဂူ က ခေါင်းခါပြီး “ဘာပဲဖြစ်ဖြစ်
ဒီကလေးရဲ့အကျင့်စရိုက်က
တော်တော်ကောင်းပါတယ်။ သူပြောသလိုပဲ
ငါတို့က သူ့ကိုသစ္စာမဖောက်သရွေ့
ငါတို့ဓားကျောင်းတော်

သစ္စာဖောက်မှာမဟုတ်ဘူး။ ဒီလောက်ဆို လုံလောက်ပြီ"

ကျန့်ဝူချန်းက လည်း "မှန်တယ်"

...

ယန်ယွဲ့သည် တိမ်ပင်လယ်အကယ်ဒမီသို့ တိုက်ရိုက်မသွားခဲ့ပေ။ ထိုအစား ထွက်မသွားခင် ကောင်းကင်ဓားတောင်ထိပ်သို့ အရင်ဆုံးသွားလိုက်သည်။

အခန်းထဲ၌....။

ဖန်မုန့်က ယန်ယွဲ့ဘေးနားအသာကပ်ကာ တိုးတိုးလေးပြောလိုက်သည် "နင် တိမ်ပင်လယ်အကယ်ဒမီကို သွားမယ်ဆိုတာ ငါကြားတယ်" ထို့အပြင် ဖန်လီသည် လည်း အနားတွင် ရှိနေသည်။

ဒီအချိန်မှာ သူတို့နှစ်ဦးစလုံးက ရှေးဟောင်းဓားကျောင်းတော်၏အဖွဲ့ဝင်များမဟုတ်သော်လည်း ယန်ယွဲ့၏မိသားစုဝင်များအဖြစ် သတ်မှတ်ခံထားရသောကြောင့်

ကျောင်းတော်တွင်
ကိုယ်ပိုင်အခန်းနှင့်နေနိုင်ခဲ့သည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး “ငါ
ဟိုရောက်သွားရင် ဒီမှာ ကောင်းကောင်း
ကျင့်ကြံပါ။ ဘာမှမသိတာ ဒါမှမဟုတ်
အနိုင်ကျင့်ခံရရင် ဂိုဏ်းတူအစ်ကိုချန်းတုံ နဲ့
ဝူရန်ကျိုး ဆီက အကူအညီတောင်းနိုင်တယ်"

"ဟမ်....၊ အားလုံးက ငါ့အစ်မနဲ့ ငါ့ကို
နင်ပိုင်တယ်လို့ ထင်နေကြတာ။ ငါတို့ကို
ဘယ်လို အနိုင်ကျင့်ဝံ့ကြမှာလဲ"

ဖန်မုန့်၏အသံက

ခြင်အော်သံအလားထွက်လာပြီး သူမ၏

မျက်နှာလေးဟာ

နှင်းဆီပန်းကဲ့သို့နီရဲသွားသည်။ ထိုသည်က

သူမ၏အလှအပကို ပို၍မြင်သာစေပြီး

ယောကျ်ားသားတိုင်းအား

နှလုံးသားများလှုပ်ခတ်သွားစေဖို့လုံလောက်ပေ

သည်။

ဖန်လီ လည်း မျက်နှာတွင် အတော်လေး

စိတ်မသက်မသာ ဖြစ်နေသည် ။

ယန်ယဲ့က ရှက်ရွံ့စွာ ပြုံးလိုက်ပြီး ဖန်လီကို စိုက်ကြည့်ကာ "သူမကို ဂရုစိုက်ပါ၊ မင်းလည်း ဂရုစိုက်။ ငါပြန်လာတဲ့အခါ မင်း သိုင်းကေရာဇ်အဆင့်ဖြစ်ပြီး မုန့်အာက ရှေးဟောင်းဓားကျောင်းတော်ရဲ့ တပည့်ဖြစ်နေဖို့ မျှော်လင့်တယ်"

ဖန်လီက ယန်ယဲ့ကို စိုက်ကြည့်ရင်း "ဂရုစိုက်ပါ"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး အခန်းထဲက ထွက်သွားခဲ့သည်

"ငါတို့နှစ်ယောက်လုံး သူ့ကိုလက်ထပ်ရအောင်"

ဖန်လီသည် ဒီစကားကြောင့်
ဆွံ့အသွားလေသည်။

ယန်ယွဲ့သည် ကောင်းကင်ဓားတောင်ထိပ်မှ
ထွက်ခွာလာပြီးနောက်
အလင်းတန်းတစ်ခုအဖြစ် ပြောင်းလဲကာ
ဓားပျံကိုစီးနင်း၍ တိမ်ပင်လယ်အကယ်ဒမီ
ရှိရာသို့ဦးတည်လိုက်သည်။

"တိမ်ပင်လယ်အကယ်ဒမီ။ ငါယန်ယွဲ့
လာနေပြီ..." ယန်ယွဲ့၏အသံသည်
ကောင်းကင်ယံအထက်၌ ပဲ့တင်ထပ်နေသည်။

အမှန်တော့ တိမ်ပင်လယ်အကယ်ဒမီက သူ့ကို
နည်းပြဆရာ အဖြစ် မဖိတ်ခေါ်ခဲ့လျှင်ပင် သူက
ဆက်ပြီး တံခါးပိတ်ကျင့်ကြံဖို့ မရည်ရွယ်ခဲ့ပေ။
နောက်ဆုံးတွင် သူ၏ခွန်အားသည်
အတိုင်းအတာတစ်ခုသို့ရောက်ရှိသွားခဲ့သည်။
အထူးသဖြင့် သူ၏ဓားနည်းစနစ် နှင့်
ဓားစိတ်ဆန္ဒက အကန့်အသတ်ကို
ရောက်နေပြီဖြစ်သည်။ ထို့ကြောင့် သူက

ဆက်ရှိတံခါးပိတ်ကျင့်ကြံနေလျှင်ပင်
ထူးခြားမှုမရှိနိုင်ပေ။

ယခုအချိန်မှာ ပြင်းထန်သော တိုက်ပွဲကို
အဆက်မပြတ်ရင်ဆိုင်တိုက်ခိုက်မှသာသူ၏ခွန်
အားကို မြှင့်တင်နိုင်ပါတော့မည်။

မှန်ပါသည်၊ သူ သဘောတူခဲ့သည့်
အကြောင်းအရင်းဟာ သူနှင့်
တိမ်ပင်လယ်အကယ်ဒမီကြားမှ ရန်ငြိုးက
ဧင်းတွင်ရှိနေသော
ရှေးဟောင်းဓားကျောင်းတော်၏တပည့်များအ

တွက် ခက်ခဲစေသောကြောင့်ပါ။ သူသည် အဓိကတရားခံ ဖြစ်ရာ သူကိုယ်တိုင်နှင့် တိမ်ပင်လယ်အကယ်ဒမီကြားက ပဋိပက္ခကို တာဝန်ယူဖြေရှင်းရပေမည်။

ထို့အပြင် တိမ်ပင်လယ်အကယ်ဒမီ၌ ဗဟိုနတ်ဘုရားစီရင်စု ၊ ရောင်စဉ်ဖြာဒေသ တစ်ခုလုံးနှင့် ပတ်သက်သော အချက်အလက်များ ရှိနေ၏။

အနာဂတ်တွင် သူက ဗဟိုနတ်ဘုရားစီရင်စုသို့ သွားရမည်မှာ သေချာသလောက်ဖြစ်သည်။ သူမသွားခင်

ဗဟိုနတ်ဘုရားစီရင်စုနှင့်ပတ်သက်သည့်
အချက်အလက်များကို ကြိုတင်သိထားပါက
ပိုကောင်းသည်မဟုတ်လော။ ထို့အပြင် သူ့မှာ
အကြီးအကဲမူ ၊ ကျူးကဲရှန်းမို
တို့၏သက်ဆိုင်ရာမျိုးနွယ်စုများကိုပါ
ရှာဖွေဖို့တာဝန်လည်းရှိနေသေးသည်။
သူ၏ကျင့်ကြံခြင်းခရီးလမ်းစဉ်အား
ဤနေ့အဆင့်အတန်းထိရောက်ရှိစေခဲ့သော
အကြီးအကဲမူကို သူ့ဘဝတစ်လျှောက်လုံး
မေ့နိုင်မှာမဟုတ်ပါ။

…။

ယန်ယဲ့သည် တိမ်ပင်လယ်အကယ်ဒမီကို
သွားရောက်ချင်ပါက တိမ်ပင်လယ်မြို့သို့
သွားရောက်ရမည်ဖြစ်သောကြောင့်
တိမ်ပင်လယ်မြို့ရှိရာ ဦးတည်လိုက်လေသည်။

တိမ်ပင်လယ်မြို့.....။

တိမ်ပင်လယ်မြို့က ထင်းရှူးစီရင်စုတွင်
အလွန်နာမည်ကျော်ကြားသော
မြို့ကြီးများအနက်မှ
အကြီးဆုံးမြို့တစ်မြို့ဖြစ်သည်။

ထို့အပြင် ၎င်းသည် စီရင်စုတစ်ခွင်
လှို့ဝှက်ဆန်းကြယ်ဆုံးအင်အားစုဖြစ်သည့်
တိမ်ပင်လယ်အကယ်ဒမီ တည်ရှိရာ
နယ်မြေလည်း ဖြစ်သည်။

တိမ်ပင်လယ်အကယ်ဒမီက
ထင်းရှူးစီရင်စုအတွင်း အပြင်းထန်ဆုံး
ပလက်တီနမ်အဆင့်ဂိုဏ်းမဟုတ်သော်လည်း
၎င်း၏ အဆင့်အတန်းက
အထူးခြားဆုံးဖြစ်သည်။ အင်အားစုများ
ပြဿနာမရှာလိုသော သို့မဟုတ်
ရန်မစချင်သော အင်အားစုကိုပြပါဆိုလျှင်

အားလုံးက တိမ်ပင်လယ်အကယ်ဒမီကိုသာ
လက်ညှိုးထိုးပြပါလိမ့်မည်။

သို့သော်လည်း တိမ်ပင်လယ်အကယ်ဒမီသည်
ထင်းရှူးစီရင်စုတစ်လျှောက် တိုက်ပွဲများတွင်
တစ်ခါမှ မပါဝင်ခဲ့ပေ။ ထို့အပြင်
စီရင်စုတစ်ခွင်မှ
အင်အားစုအသီးသီး၏တပည့်များအား
အကယ်ဒမီတွင် ပါဝင်သင်ယူခွင့်ပါ
ပြုထားခဲ့သည်။ ခြွင်းချက်အနေနှင့်
တိမ်ပင်လယ်အကယ်ဒမီတွင်
ပညာသင်ယူနေစဉ်အတွင်း အကယ်ဒမီ၏

စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။
တိမ်ပင်လယ်အကယ်ဒမီမှ
လက်မှတ်ရပြီးသည်နှင့် အကယ်ဒမီတွင်
ဆက်နေရန် သို့မဟုတ် ထွက်ခွာရန်
ရွေးချယ်နိုင်သည်။ အကယ်ဒမီက
တပည့်တိုင်းကို ဘယ်အရာမှ
အတင်းအကြပ်မလုပ်ခိုင်းဘဲ အားလုံး
ကိုယ့်စိတ်ဆန္ဒအတိုင်းသာရွေးချယ်နိုင်၏။

တိမ်ပင်လယ်အကယ်ဒမီ၏ကျောင်းသားများသ
ည် အလွန်လွတ်လပ်သည်ဟုပင် ဆိုနိုင်သည်။
ထို့ကြောင့် စီရင်စုတစ်ခုလုံးမှ

အင်အားစုအသီးသီးက

သူတို့၏တပည့်များအား

တိမ်ပင်လယ်အကယ်ဒမီတွင် ပါဝင်ခွင့်ပြုရန်

ဆန္ဒရှိကြသည်။

သို့သော်လည်း

တိမ်ပင်လယ်အကယ်ဒမီ၏တပည့်လက်ခံသော

စံနှုန်းများက အလွန်မြင့်မားသည်။

စမ်းသပ်ပွဲအရည်အချင်းပြည့်မီဖို့

လိုအပ်ချက်က အသက် ၂၀ အရွယ်မတိုင်ခင်

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

တက်လှမ်းပြီးသား ဖြစ်ရပါမည်။

အဆိုပါလိုအပ်ချက်ကို

ဖြည့်ဆည်းပေးပြီးနောက်မှသာ

တိမ်ပင်လယ်အကယ်ဒမီမှပြင်ဆင်ထားသော

စမ်းသပ်ပွဲများကို

ဝင်ရောက်ဖြေဆိုခွင့်ပြုနိုင်မည်ဖြစ်သည်။

တိမ်ပင်လယ်အကယ်ဒမီ၏ကျောင်းသားတစ်

ယောက်ဖြစ်လာရန်

တစ်ခုတည်းသောနည်းလမ်းက

ထိုစမ်းသပ်ပွဲများကို အောင်မြင်ဖို့သာဖြစ်သည်။

တိမ်ပင်လယ်မြို့တော် အနီးတစ်ဝိုက်တွင်
အလွန်တရာ မြင့်မားသော တောင်တန်းများ
ရှိသည်။

ဤတောင်တန်းကို
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းဟုခေါ်သည်။
၎င်းက ထင်းရှူးစီရင်တစ်ခုလုံး
ကျော်ကြားသော
နတ်ဆိုးဘုရင်တစ်ပါးဖြစ်သည့်
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏နယ်မြေလည်းဖြစ်
သည်။

ထင်းရှူးစီရင်စု၏အထွတ်အထိပ်ပညာရှင်များ

စာရင်း၌ ရွှေနတ်ဆိုးဝံပုလွေဘုရင်က ထိပ်ဆုံး

(၅)ဦးအတွင်း ဝင်နိုင်သည်။

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းသည်

တိမ်ပင်လယ်အကယ်ဒမီကို

ပတ်လည်ဝန်းရံထားသော်လည်း ၎င်းက

အကယ်ဒမီနှင့်ရန်သူမဟုတ်သလို

ရင်းနှီးခြင်းလည်းမရှိပါ။

တိမ်ပင်လယ်အကယ်ဒမီ သို့မဟုတ်

ဝံပုလွေတောင်တန်း ပင်ဖြစ်စေ နှစ်ဖက်စလုံးက

အချင်းချင်း အသုံးချနေသည်ဟုဆိုနိုင်သည်။

တိမ်ပင်လယ်အကယ်ဒမီက

ကျောင်းသားများကို ခွန်အားတိုးတက်လာဖို့ တောင်တန်းရှိ နတ်ဆိုးများကို အသုံးချခဲ့သည်။ အလားတူစွာ တောင်တန်းရှိ နတ်ဆိုးများသည်လည်း သူတို့၏ခွန်အား တိုးတက်လာဖို့ တိမ်ပင်လယ်အကယ်ဒမီမှ ကျောင်းသားများကို အသုံးပြုခဲ့သည်။ နှစ်ဖက်စလုံးက စကားမပြောဘဲ အချင်းချင်း နားလည်မှု ရှိထားခဲ့သည်။

ယန်ယွဲ့သည် ရွှေနတ်ဆိုးဝံပုလွေတောင်တန်းသို့ရောက်လာ သောအခါ တောင်တန်းတစ်ခုလုံး၏

အထက်ကောင်းကင်ယံတွင်
လျှို့ဝှက်ဆန်းကြယ်သောဝက်ပါအစီအရင်တစ်
ခုရှိနေသောကြောင့် ရပ်တန့်သွားသည်။
မှန်ပါသည်၊ သူ့ခွန်အားက ဝက်ပါအစီအရင်ကို
ဖြတ်ကျော်ဖို့လုံလောက်သော်လည်း အဆုံးတွင်
ရပ်တန့်နေလိုက်၏။ အဘယ်ကြောင့်ဆိုသော်
၎င်းသည် မြေပုံပေါ်တွင် အနီစက်ဖြင့်
တံဆိပ်တပ်ထားသော
နေရာဖြစ်သောကြောင့်ပင်။
တစ်နည်းအားဖြင့်ဆိုရသော်
ဤဝံပုလွေတောင်တန်းက အန္တရာယ်များသော
နေရာတစ်ခုဖြစ်ခဲ့သည်။

သူက ရှေးဟောင်းဓားကျောင်းတော်ရှိ
ပေါ်တယ်အစီအရင်ကို သုံးပြီး
တိမ်ပင်လယ်အကယ်ဒမီသို့
တိုက်ရိုက်သွားနိုင်သော်လည်း
မလုပ်ဆောင်ခဲ့ပေ။ ယန်ယဲ့က
ထင်းရှူးစီရင်စုတစ်လျှောက် မြင်ကွင်းကို
ကြည့်ရှုလိုသောကြောင့်ပင်။

နောက်ဆုံးတွင် သူသည်
သူ့ဘဝတစ်လျှောက်လုံး အဆက်မပြတ်
ကျင့်ကြံနေခဲ့၏။ အထူးသဖြင့်
ရောင်စဉ်ဖြာဒေသကို

စတင်ရောက်လာချိန်ကတည်းက
အခြားအရာများကို ဂရုမစိုက်အားဘဲ
သူ၏ကျင့်ကြံရာတွင်သာ
အဓိကအာရုံစိုက်ထားခဲ့လေသည်။
ကျင့်ကြံခြင်းလမ်းစဉ်က ရှည်လျားသလို
အချိန်ကြာသည်ထိ ကျင့်ကြံခြင်းကလည်း
သဘာဝအရ ပျင်းစရာကောင်းလှ၏။

ထို့ကြောင့် သူ၏ လက်ရှိအစီအစဉ်မှာ
လမ်းတစ်လျှောက် ရှုခင်းများကို ကြည့်ရှုပြီး
ရက်အနည်းငယ်ထိ အပန်းဖြေဖို့ပင်။

ယန်ယဲ့သည် မည်သည့်အရာကိုမျှ စဉ်းစားမနေတော့ဘဲ မြေပြင်ပေါ် ခုန်ဆင်းလိုက်၏။ သူ မြေပြင်ပေါ်သို့ ဆင်းလာသည်နှင့် တပြိုင်နက် သူ့အကြည့်ကို ပတ်ဝန်းကျင်ဆီသို့ ပို့လွှတ်လိုက်ရာ အဆုံးမဲ့ တောင်စဉ်၊ တောင်တန်းကြီးများနှင့် ကောင်းကင်ယံအထက် ထိုးတက်နေသည့် သစ်ပင်ကြီးများ ဖုံးလွှမ်းနေသည်ကို သတိပြုမိသည်။

ယန်ယဲ့သည် နေရာတွင် ခဏတာ ငြိမ်သက်စွာ ရပ်နေ၏။ ထို့နောက် သူ့ပုခုံးပေါ်၌

ထိုင်လျက်ကျင့်ကြံနေသော ခရမ်းရောင်မင့်ခ်ကလေးကို တစ်ချက်ကြည့်လိုက်သည်။ သူက ဒီအငယ်လေးကို တစ်ချက် ပြုံးပြပြီး ဖျတ်ခနဲတောက်ပလာကာ တောက်အုပ်ထဲသို့ ပြေးဝင်သွားခဲ့သည်။

၁၀၈၅

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၅ - မမျှော်လင့်သော မြင်ကွင်း

ယန်ယဲ့သည် ပတ်ဝန်းကျင်ရှိ နတ်ဆိုးများ၏
အရှိန်အဝါကို အဆက်မပြတ် အာရုံခံရင်း
လမ်းတစ်လျှောက်လုံး လျင်မြန်စွာ
ပြေးထွက်သွားသည်။ သူ့ရှေ့တွင်
နတ်ဆိုးသားရဲတစ်ကောင် ပေါ်လာလျှင်လည်း
သူက ၎င်းကိုသတ်ဖြတ်ဖို့မလုပ်ဘဲ
ရှောင်ကွင်းပြီး ထွက်သွားခဲ့သည်။ ထို့အပြင်
သူသည် ခရမ်းရောင်မင့်ခ်ကလေးကြောင့်
နတ်ဆိုးသားရဲများ သို့မဟုတ် နတ်ဆိုးများကို
သတ်ဖြတ်ခြင်းမပြုခဲ့ပေ။ သူ့ကို
တိုက်ခိုက်လျှင်သာ သတ်ပစ်ခဲ့သည်။

"ဟမ်....၊ ဒီမှာ လူတွေရှိတာလား" ရုတ်တရက် ယန်ယဲ့သည် သူ့အရှိန်ကို အမြန်ရပ်လိုက်ရသည်။ ကံမကောင်းစွာပဲ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးက သူ့မျက်စိရှေ့နှီးကပ်နေသောကြောင့် ပြန်ဆုတ်ဖို့ နောက်ကျသွားခဲ့ပြီဖြစ်သည်။

မှန်ပါသည်။ ထိုနှစ်ယောက်က ပုံမှန်အနေအထားမှာရှိနေပါက သဘာဝအတိုင်း ပြဿနာမဟုတ်ပါ။ သို့သော်လည်း ပြဿနာက နှစ်ယောက်လုံး ပုံမှန်အတိုင်း ရှိမနေပေ။ နှစ်ယောက်စလုံးဟာ သူတို့၏

မွေးရာပါအတိုင်းသာရှိနေပြီး
အတော်လေးရှက်ရွံ့ဖွယ်လေ့ကျင့်ခန်းမျိုး
လုပ်ဆောင်နေကြခြင်းဖြစ်သည်။

"အမ်....အိုး....မြန်မြန်! မြန်မြန်"
အထွတ်အထိပ်ရောက်နေသော
အလျင်စလိုအသံများ ဆက်တိုက်ပင်
ထွက်ပေါ်လာသည်။

“အား…” ရုတ်တရက် ပေါ့ပါးသော
အော်သံတစ်ခု ထွက်ပေါ်လာပြီး
လျှပ်စီးကြောင်းကြောင့် တုန်လှုပ်သွားသကဲ့သို့

၎င်းတို့၏ ခန္ဓာကိုယ်နှစ်ခုလုံး
တုန်တက်သွားရသည်။

ယန်ယဲ့သည် အကြည့်လွှဲကာ ထွက်သွားဖို့
ပြင်လိုက်၏။ ထိုအချိန်တွင် အမျိုးသမီးက
"ပိုင်ဖုန်း! သူ့ကို သူအသက်ရှင်နေဖို့
ခွင့်မပြုနိုင်ဘူး"

ယခုမှသာ ယန်ယဲ့လည်း သူ၏ပုံရိပ်မှန်ကို
ဖုံးကွယ်ဖို့ မေ့သွားခဲ့ကြောင်း
သတိရမိသွားသည်။ ထိုအချိန်တွင်
ဓားစွမ်းအင်လှိုင်းတစ်ခုက သူ့နောက်ကျောကို

ရောက်ရှိလာသည်။ ယန်ယွဲ့သည် တစ်ဖက်အသာရွှေ့ကာ ရှောင်လိုက်ပြီး ယခုလေးတင် အဝတ်အစားများ ကမန်းကတန်းပြန်ဝတ်ထားသည့် စုံတွဲကို စိုက်ကြည့်လိုက်သည်။ ထိုလူငယ်က အဖြူရောင်ဝတ်စုံကို ဝတ်ထားပြီး လက်ထဲတွင် ကျောက်စိမ်းယပ်တောင်တစ်ချောင်းကိုင်ထားပြီး မျက်နှာအေးစက်စက်နှင့် လူတိုင်းအား ဂရုမစိုက်ပုံရ၏။

အမျိုးသမီးကတော့ ဖန်လီ နှင့် အခြားသူများနှင့် မနှိုင်းယှဉ်နိုင်သော်လည်း သူမ၏ရုပ်ရည်က

သိပ်တော့ မဆိုးလှပေ။ အမျိုးသမီးက
အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး
သွယ်လျသောအသွင်အပြင်နှင့်
လှပသောခန္ဓာကိုယ်အချိုးအစားရှိသည်။
အထူးသဖြင့် ဒီအချိန်မှာ နှစ်ယောက်လုံး
လေ့ကျင့်ပြီးနောက် သူမ၏ နဖူးပေါ်၌
စွဲဆောင်မှုရှိသော အရိပ်အယောင်များ
ပေါ်ထွက်လာသဖြင့် ပို၍ဆွဲဆောင်မှု
ရှိပုံပေါ်သည်။

သူတို့နှစ်ဦးစလုံးက အဆင့်နိမ့်
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များသာ
ဖြစ်၏။

ထို့ကြောင့် ယန်ယဲ့၏စိတ်ထဲ၌ အနည်းငယ်ပင်
ရယ်ချင်ပက်ကျိ ဖြစ်သွားလေသည်
"ဒီနှစ်ယောက်က ငါ့ကိုမမြင်နိုင်တာတောင်မှ
တိုက်ခိုက်ဖို့ သတ္တိရှိလိုက်တာ"

ယန်ယဲ့က "ငါ့ဘာသာငါ
ဒီအတိုင်းလမ်းလျှောက်သွားတာပါ"

အမျိုးသမီးက “နင်က မမြင်သင့်တဲ့အရာကို မြင်လိုက်မှတော့ သေသင့်တယ်"

လူငယ်က ခေါင်းညိတ်ပြီး တိုက်ခိုက်ဖို့ပြင်သည်။ သို့သော် ဒီအချိန်မှာပဲ ခပ်ထွားထွားလူငယ်တစ်ဦးနှင့် အမျိုးသမီးတစ်ဦးက အဝေးကနေ ဖြတ်ကျော်သွားရင်း အခြေအနေကိုမြင်ပြီး ရုတ်တရက် မျက်မှောင်ကြုတ်သွားကြသည်။

"ရှားအိုရူ! အစ်ကိုလီ။ မင်းတို့နှစ်ယောက်လုံး တစ်ခုခုဖြစ်နေတာလား"

သန့်မာပုံရသောလူငယ်က အမျိုးသမီးဆီသို့ လျှောက်သွားကာ သူ့လက်ကို ဆန့်ပြီး သူမလက်ကို ဖမ်းဆုပ်ကာ စိုးရိမ်စိတ်များ ပြည့်နှက်နေ၏။

သန့်မာသောလူငယ်၏ နံဘေးက အမျိုးသမီးကမူ အစိမ်းရောင်ဝတ်စုံနှင့် အဖြူရောင်ဝတ်စုံဝတ် အမျိုးသမီးကို ကြည့်လိုက်သော်လည်း စကားတစ်ခွန်းမှ မပြောပေ။

"အစ်ကိုကြီး မန်လီ၊ ငါတို့
ဝိညာဉ်နယ်ပယ်အဆင့် နတ်ဆိုးသားရဲတချို့နဲ့
ကြုံခဲ့ရတယ်၊ ဒါကြောင့် ငါတို့
နှောင့်နှေးသွားခဲ့တယ်" သန်မာသောလူငယ်က
အဖြူရောင်ဝတ်လူငယ်နှင့်
စကားပြောနေချိန်တွင်
အဖြူရောင်ဝတ်လူငယ်က ယန်ယွဲ့ကို
စူးစိုက်ကြည့်နေလေသည်။ သူ့အကြည့်ထဲတွင်
ဘာမှ မပြောရန် သတိပေးလိုသည့်
ရည်ရွယ်ချက်မှာ ရှင်းရှင်းလင်းလင်း
သိသာနေသည်။

အစိမ်းရောင်ဝတ်အမျိုးသမီးက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး သူမလက်ကို သန်မာသောလူငယ်၏လက်ထဲကနေ ဆွဲထုတ်လိုက်ကာ "အစ်ကိုပိုင် နဲ့ ငါက နှစ်ယောက်စလုံး ချီးမြှောက်ခြင်းနယ်ပယ် ဆိုတော့ ငါတို့ အဆင်ပြေမှာပါ၊ ငါတို့က ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲတွေကိုတောင် သတ်နိုင်တယ်။ နင် ဘာတွေစိတ်ပူနေတာလဲ"

မန်လီက ရှက်ရွံ့စွာ ပြုံးပြီး "နင် အဆင်ပြေနေသရွေ့ ကောင်းပါတယ်။ တခြား

ဘာမှအရေးမကြီးပါဘူး"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့ကို

လှည့်ကြည့်လိုက်ပြီး "ညီအစ်ကို၊ မင်းလည်း

အကယ်ဒမီစာမေးပွဲမှာပါဝင်နေတာလား"

ထွက်ခွာတော့မည့် ယန်ယဲ့က ရုတ်တရက်

ရပ်သွားကာ

“အကယ်ဒမီ စာမေးပွဲလား” ဟု

မေးလိုက်မိသည်။

မန်လီက ခေါင်းညိတ်ပြီး ပြုံးလိုက်သည်

"ငါတို့ကအကယ်ဒမီရဲ့

တပည့်သစ်ခေါ်ယူတဲ့စမ်းသပ်ပွဲအလယ်မှာ
ရောက်နေပြီ။ ညီအစ်ကို၊ မင်းလည်း
ဒီလိုပဲလုပ်နေတာမဟုတ်ဘူးလား"

ယန်ယဲ့သည် လူသစ်စုဆောင်းသည့်
စမ်းသပ်ပွဲစနေသည်ဟု
မမျှော်လင့်ထားသောကြောင့်
လေးလေးနက်နက် စဉ်းစားနေခဲ့သည်။
တစ်နည်းဆိုရသော် သူတို့အားလုံး
စမ်းသပ်ပွဲအောင်လျှင် သူ့ကျောင်းသားများဟု
ယူဆနိုင်သည်မဟုတ်ပေလား။

ဒီအချက်ကို သူစဉ်းစားပြီးနောက်မှာတော့ ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ သူက "ဟုတ်ပါတယ်၊ ငါလည်း ဒီစမ်းသပ်မှုမှာ ပါဝင်နေတာလေ"

မန်လီက ထိုစကားကိုကြားသောအခါ ပြုံးပြီး "ဒီလိုဖြစ်နေပြီဆိုတော့ ငါတို့အဖွဲ့ကို ဘာလို့မဝင်တာလဲ။ စည်းစည်းလုံးလုံးနေတာက တစ်ယောက်တည်းနေတာထက် ပိုကောင်းပါတယ်။ နောက်ဆုံးတော့ ဒီတောင်တန်းမှာရှိတဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲတွေက

အရမ်းကြောက်စရာကောင်းတယ်"

အစိမ်းရောင်ဝတ်အမျိုးသမီးနှင့်

အဖြူရောင်ဝတ်ရုံလူငယ်က

ထိုစကားကိုကြားသောအခါ

အနည်းငယ်မှိုင်းညို့သည့်အမူအရာများကို

ထုတ်ဖော်ပြသလိုက်သည်။ ထို့နောက်တွင်

ယန်ယဲ့ ဆီသို့ သူတို့၏အကြည့်များက

အပြင်းအထန် သတ်ပစ်လိုသည့်

အရိပ်အယောင်များပင်

သယ်ဆောင်လာခဲ့သည်။

ယန်ယဲ့က သူတို့ကို ဂရုမစိုက်ဘဲ မန်လီကို ခေါင်းညိတ်လိုက်သည်။ သူလည်း တိမ်ပင်လယ်အကယ်ဒမီ၏ စမ်းသပ်ပွဲအကြောင်းကို အတော်လေး သိချင်သောကြောင့် သူတို့နှင့် ပူးပေါင်းပြီး စောင့်ကြည့်ဖို့ရည်ရွယ်ခဲ့သည်။

ဤသို့ဖြင့်ပင် ယန်ယဲ့ဟာ ဤအဖွဲ့ထဲက အဖွဲ့ဝင်တစ်ယောက်ဖြစ်လာခဲ့သည်။ အစိမ်းရောင်ဝတ်စုံဝတ်အမျိုးသမီးက တန်ရှားအိုရှု ဟု ခေါ် ပြီး မန်လီနှင့်

စေ့စပ်ထားကြောင်း သိရှိခဲ့သည်။
အဖြူရောင်ဝတ်လူငယ်က
တန်ရှားအိုရှူ၏ဝမ်းကွဲအစ်ကို ပိုင်ဖုန်း
ဖြစ်သည်။ အခြားအမျိုးသမီး၏နာမည်ကတော့
ချူးယွဲ့ဟုခေါ် ပြီး
မန်လီ၏မိတ်ဆွေတစ်ယောက်လည်း
ဖြစ်သည်။

အမှန်တွင် ယန်ယွဲ့ဟာ သူတို့ကြားမှ
ဆက်ဆံရေးက အတော်လေး
ရှုပ်ထွေးနေကြောင်း ခံစားရသည်။

သို့သော်လည်း သူက
သူတို့၏သက်ဆိုင်ရာအရေးကိစ္စများကို
ဝင်ပြီးစွက်ဖက်လိုစိတ်မရှိပေ။
တိတ်ဆိတ်၍သာ နောက်ကနေ
လိုက်ပါလာခဲ့သည်။

သို့တိုင် ဒီအချိန်မှာ တန်ရှားအိုရူ နှင့်
ပိုင်ဖုန်းတို့၏ သတ်ဖြတ်ချင်စိတ်အပြည့်
အကြည့်များက
သူ့အပေါ်ကျရောက်နေကြောင်း
သတိထားမိသည်။

လက်ရှိတွင် သူတို့၏တာဝန်က

ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲ

၁၀ ကောင်ကို အမဲလိုက်သတ်ဖြတ်ပြီး

သားရဲအမြူတေများ စုဆောင်းဖို့ပဲဖြစ်သည်။

နတ်ဆိုးသားရဲများက အဆင့်တူနယ်ပယ်တွင်

လူသားပညာရှင်များ ထက်

ပိုသန်မာသောကြောင့် လက်ရှိလူတိုင်းအတွက်

နတ်ဆိုးသားရဲ ၁၀ ကောင်စီကို

အမဲလိုက်သတ်ဖြတ်ဖို့က

အတော်လေးခဲယဉ်းပေသည်။

သို့သော် သူတို့ချည်းသာမဟုတ်ပေ။ သူတို့ ၄ ယောက်အပြင် အခြား အယောက် ၂၀၀ နီးပါးခန့်လည်း စမ်းသပ်ပွဲကို ပါဝင်နေကြသည်။ အားလုံးကလည်း တူညီသောတာဝန်တစ်ခုတည်းသာဖြစ်သည်။

စမ်းသပ်ပွဲ၌ ၎င်းတို့၏အဆင့်များနှင့် ပတ်သက်၍တော့ ၎င်းတို့နှင့်အတူ ပြန်ပါလာသော သားရဲအမြုတေ အရေအတွက်အပေါ်ကြည့်ပြီး သဘာဝအတိုင်း ဆုံးဖြတ်ခဲ့သည်။ သားရဲအမြုတေ ၁၀ ခုက သာမန်ဟုသာ ယူဆနိုင်၏။ ၎င်းတို့က

အပြင်စည်းခြံဝန်းကို ဝင်နိုင်လျှင်ပင် အဆင့် ၄ အခန်းသို့သာ စေလွှတ်မည်ဖြစ်သည်။

ထို့ကြောင့် စမ်းသပ်ပွဲမှာ ပါဝင်သူတိုင်းက
နတ်ဆိုးသားရဲများကို သတ်ပစ်ချင်ကြသည်။
သို့သော် ၎င်းတို့သည်
ကိုယ့်အကန့်အသတ်ကိုသိထားသဖြင့်
တစ်ကောင်တည်းစီကွဲထွက်နေသည့်
နတ်ဆိုးသားရဲများကိုသာ
အဓိကထားအမဲလိုက်ခဲ့သည်။
နှစ်ယောက်တွဲအုပ်စု သို့မဟုတ်

ထိုထက်ပိုသောအုပ်စုများဖွဲ့၍
နတ်ဆိုးသားရဲများကို အမဲလိုက်ကြ၏။

ပိုင်ဖုန်းက ယန်ယဲ့ကို ရုတ်တရက်
မေးလိုက်သည် "ရဲယန်! မင်း
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲဘယ်နှစ်ကောင်ကို
သတ်လိုက်တာလဲ"

ယန်ယဲ့က သူ့နာမည်အရင်းကို မပြောခဲ့ပေ။
သူသည် လူတိုင်း သူ့ကို လျှော့တွက်ပြီး
အံ့အားသင့်သွားအောင်

လုပ်လိုသောကြောင့်မဟုတ်ပါ။
ပြဿနာများဖြစ်လာမှာကို
ကြိုတင်ရှောင်ရှားလို၍သာ။
ယခုအချိန်တွင် ယန်ယဲ့ ဟူသောနာမည်က
စီရင်စုတစ်ခွင်လုံး လူသိများနေပြီ
မဟုတ်ပါလား။

ယန်ယဲ့သည်
ပိုင်ဖုန်း၏အမေးကိုကြားသောအခါ
ဂရုမစိုက်ဘဲ လျစ်လျူရှုကာ
"အများကြီးမဟုတ်ပေမဲ့ စမ်းသပ်ပွဲကို

အောင်မြင်ဖို့က ငါ့အတွက်
ပြဿနာမဖြစ်နိုင်ဘူး"

"ဟုတ်လား" ပိုင်ဖုန်းက
အေးစက်စွာရယ်မောပြီး "ငါက
တော်တော်လေးကြွင်နာတတ်တဲ့သူတစ်ယော
က်ပါ၊ ဒါကြောင့် မင်းကိုသတ်ဖို့က
ပြဿနာမရှိလို့
သတိထားတာကအကောင်းဆုံးပဲဆိုတာ
အစ်ကိုရဲကို သတိပေးချင်ပါတယ်။
နောက်ဆုံးတော့ လူတွေက ဒီတောင်တန်းမှာ
အချိန်တိုင်းသေနေကြတယ်လေ”

"မင်းပြောတာအရမ်းမှန်တယ်" ယန်ယဲ့က ခေါင်းညိတ်ပြီး သဘောတူလိုက်သည် "တကယ်တော့ သတိထားသင့်တယ်၊ ဒါမှမဟုတ် မင်းဘယ်လိုသေသွားမှန်းတောင် သိမှာမဟုတ်ဘူး"

"မန်လီ၊ ငါတို့ ဘာကြောင့် လူခွဲပြီး နတ်ဆိုးသားရဲတွေကို အမဲမလိုက်ရတာလဲ" တန်ရှားအိုရှူက ရုတ်တရက်ပြောလိုက်သည် "တစ်ကောင်တည်းကွဲထွက်နေတဲ့

နတ်ဆိုးသားရဲတွေကို ရှာတွေ့ရင် ငါတို့ အချင်းချင်း ဆက်သွယ်လို့ရသားပဲ"

မန်လီက ခဏတာတုံ့ဆိုင်းသွားပြီး "ရှားအိုရှူ! မင်းတစ်ခုခုဖြစ်မှာကို ငါစိုးရိမ်တယ်"

"ဘာကိုစိုးရိမ်တာလဲ။ ငါတို့အားလုံးက ချီး ပြောက်ခြင်းနယ်ပယ်မှာရှိနေတယ်။ တိုက်ပွဲမှာ ရှုံးရင်တောင် လွတ်မြောက်နိုင်သေးတယ်” တန်ရှားအိုရှူက ဆက်ပြောသည် “ဒါ့အပြင်၊ ငါ့ဝမ်းကွဲအစ်ကိုကလည်း ငါနဲ့ အတူရှိမယ်။ နင်ဘာကိုစိုးရိမ်နေတာလဲ"

၁၀၈၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၆ - မင်းသေချာရဲ့လား

မန်လီက ပိုင်ဖုန်းကို တစ်ချက်ကြည့်လိုက်ပြီး "ကောင်းပြီ၊ သတိထားပါ။ အားယွဲ့နဲ့ ငါက အစ်ကိုရဲ့နဲ့ ဘယ်ဖက်ကိုသွားမယ်၊ မင်းတို့နှစ်ယောက်စလုံး ညာဖက်ကို

ဦးတည်သွားနိုင်တယ်။
ချိုးမြောက်ခြင်းနယ်ပယ်အဆင့်နတ်ဆိုးသားရဲ
တွေနဲ့တွေ့ရင် မတိုက်ခိုက်ခင် အရင်ဆုံး
အကြောင်းကြားဖို့ မမေ့ပါနဲ့"

တန်ရှားအိုရှူက ရုတ်ချည်း ပြောလာခဲ့သည်
"အစ်ကိုရဲက ငါတို့နဲ့လိုက်ခဲ့လိမ့်မယ်"

မန်လီက ယန်ယဲ့ကို ကြည့်လိုက်ပြီး
"ကောင်းပြီလေ"

ထို့နောက် သူက သတင်းပို့အဆောင်ကို ထုတ်ယူကာ ယန်ယွဲ့ထံ ကမ်းပေးလိုက်ရင်း "အစ်ကိုရဲ့ အရေးပေါ် အခြေအနေ ကြုံလာရင် ဒီသတင်းပို့အဆောင်ကိုဖွင့်လိုက်ပါ။ အသက်ရှူ ၃ ရှိုက်စာအတွင်းမှာ ငါတို့က အမြန်ဆုံးရောက်လာမယ်"

ယန်ယွဲ့က မန်လီ ကမ်းပေးသော သတင်းပို့အဆောင်ကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးကာ "ကျေးဇူးတင်ပါတယ် ညီအစ်ကိုမန်လီ"

မန်လီက ခေါင်းညိတ်လိုက်ပြီး ဘေးနားက ချူးယွဲ့ကို ကြည့်လိုက်သည်။ နှစ်ယောက်သား ခေါင်းညိတ်ကာ ရုတ်တရက်ဆိုသလိုပင် လူတိုင်း၏မြင်ကွင်းကနေပျောက်ကွယ်သွားခဲ့သည်။

မန်လီ နှင့် ချူးယွဲ့ တို့ ထွက်သွားသည်နှင့် တပြိုင်နက် တန်ရှားအိုရှူက ယန်ယဲ့ရှေ့ကို ရောက်လာပြီး သူ့လည်ပင်းကို ဆုပ်ကိုင်လိုက်ကာ “နင်က သေချင်နေတာလား"ဟုအေးစက်စက်လေသံဖြင့်ပြောလိုက်၏။

အုန်း!

စကားပြောပြီးရုံပင်ရှိသေး၊ တန်ရှားအိုရှု၏ခန္ဓာကိုယ်လေးက လွင့်ပျံသွားကာ အနီးအနားက သစ်ပင်ကြီး ၁၀ ပင်ခန့်နှင့် တိုက်မိခဲ့ပြီး နောက်ဆုံးမှသာ မြေပြင်ပေါ် ပြုတ်ကျသွားပါတော့သည်။

"မင်း...." ပိုင်ဖုန်း လည်း အံ့သြသွားသည်။ သူက စကားထပ်ပြောဖို့ပြင်လိုက်ချိန်မှာပဲ သူ့မျက်စိရှေ့မှာတစ်ခုခုကို မြင်လိုက်ရပြီး ဝမ်း

ဗိုက်ဆီကနေ ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရလေသည်။ ထို့နောက်တွင်တော့ ပိုင်ဖုန်း သည်လည်း လွင့်ပျံထွက်သွားကာ တန်ရှားအိုရှူ၏ နံဘေးသို့ ပြုတ်ကျသွားခဲ့သည်။

ထိုအခိုက် ယန်ယွဲ့က သူတို့၂ ယောက်ရှေ့တွင် ထပ်ပေါ်လာပြီး နှစ်ယောက်လုံးအား လည်ပင်းကနေ ဆွဲမလိုက်သည်။

နှစ်ယောက်လုံး ရုတ်တရက် အဖြစ်အပျက်ကြောင့် အံ့သြသွားပြီး ယန်ယွဲ့ကို ထိတ်လန့်စွာ စိုက်ကြည့်နေကြသည်။

အမှန်တော့ ဒီအချိန်မှာ ယန်ယဲ့က
သာမန်လူတစ်ယောက်မဟုတ်မှန်း
အရူးတစ်ယောက်ပင်လျှင်
သဘောပေါက်ပါလိမ့်မည်။

တန်ရှားအိုရူက ကြောက်လန့်တကြား
အသံနှင့်ပြောလေသည် "နင်.....နင်က
ဘယ်သူလဲ"

ယန်ယဲ့က သူ့ရှေ့မှ လူနှစ်ယောက်ကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့၂

ယောက်ကြားက သောက်ကိစ္စတွေကို ငါ
အာရုံစိုက်ဖို့ စိတ်မဝင်စားဘူး။ နားလည်လား"

ဂါး!

ရုတ်တရက် တောအုပ်အနက်ပိုင်းဆီမှ
ကျယ်လောင်သော ဟိန်းသံထွက်ပေါ်လာပြီး
ရောမဝံပုလွေကြီးတစ်ကောင်
ခုန်ထွက်လာပါသည်။

ရောမဝံပုလွေကြီးက
အပြင်ရောက်လာသည်နှင့် ယန်ယဲ့တို့အုပ်စုကို

သတိပြုမိသောအခါတွင် ၎င်း၏မျက်လုံးများက ပြင်းထန်သောအလင်းရောင်များ တောက်ပလာလေသည်။ ထို့နောက် ၎င်းက သူ့ရှေ့မှ လူသား ၃ ယောက်ကို စူးစူးရဲရဲစိုက်ကြည့်လိုက်သည်။

ဘုန်း!

တန်ရှားအိုရှူ နှင့် ပိုင်ဖုန်း တို့က ရောမဝံပုလွေကြီး မြေပြင်နှင့် ရိုက်ချခံလိုက်ရကြောင်းသာမြင်လိုက်ရသည်။

ရုတ်တရက် အဖြစ်အပျက်ကြောင့် သူတို့က ဘာဖြစ်သွားမှန်းပင်မသိတော့ပေ။

ဒီတစ်ကြိမ်မှာတော့ သူတို့နှစ်ယောက်လုံး၏ခန္ဓာကိုယ်များက သိသိသာသာကို တုန်လှုပ်သွားပါတော့သည်။အကြောင်းအရင်းမှာ နတ်ဆိုးဝံပုလွေက ချီးမြှောက်ခြင်းနယ်ပယ်အထွတ်အထိပ်အဆင့်၌ ရှိနေသောကြောင့်ပါ။

ထိုအခိုက် ယန်ယဲ့က သူတို့၂ ယောက်ကို လွှတ်ပေးလိုက်သဖြင့် နှစ်ယောက်လုံး ချက်ချင်း မြေပြင်ပေါ်ပြုတ်ကျသွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
"မင်းတို့နှစ်ယောက်လုံး
ငါ့တပည့်ဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ကို
စဉ်းစားပြီး.... မှန်ပါတယ်၊
တိမ်ပင်လယ်အကယ်ဒမီရဲ့
တပည့်မဟုတ်သေးရင်တောင် ဒီတစ်ခါတော့
ငါလွှတ်လိုက်မယ်။ မင်းတို့နှစ်ယောက်ထပ်
မလုပ်ရဲတော့ဘူးထင်တာပဲ"

မန်လီက
စိတ်သဘောထားကောင်းမွန်သည်ဟုထင်ရ
သော်လည်း သူက
၎င်းတို့၏ကိုယ်ရေးကိုယ်တာကိစ္စကို
ဝင်မစွက်ဖက်ချင်ပေ။ အကြောင်းမှုကား
သူဝင်ပါစရာအကြောင်းမရှိသောသောကြောင့်
ပင်၊ သူက ၎င်းတို့၏ အုပ်ထိန်းသူများမဟုတ်ရာ
သဘာဝအတိုင်း သူတို့ကို
အပြစ်ပေးပိုင်ခွင့်မရှိပေ။ ထို့အပြင်
အခြေအနေကို သူနားလည်သော်လည်း

ထိုကဲ့သို့သောကိစ္စများတွင်
ဝင်ရောက်မစွက်ဖက်ချင်ပါ။

"နင်ဘယ်သူလဲ" တန်ရှားအိုရှုက
အထိတ်တလန့်လေသံနှင့် ထပ်မေးလေသည်။
ဤတစ်ကြိမ်တွင် သူမ၏အသံသည်
ရန်လိုခြင်းမဟုတ်ပဲ
သိသိသာသာတုန်ယင်နေကာ ယန်ယဲ့ကို
အလွန်အမင်းကြောက်လန့်နေပါသည်။

"မင်းတကယ်သိချင်တာလား" ယန်ယဲ့က
သူမကို ဂရုမစိုက်ဘဲ နှုတ်ခမ်းထောင့်၌

လှောင်ပြောင်ရိပ်တချို့ပေါ်လာပြီး
စိုက်ကြည့်နေသည်။

တန်ရှားအိုရှူက ဒီစကားကိုကြားသောအခါ
တစ်ခုခုကို တွေးမိသွားပုံရ၏။ သူမ၏
နူးညံ့သိမ်မွေ့သောခန္ဓာကိုယ်လေးက
တုန်လှုပ်သွားကာ "ငါမသိချင်ဘူး။
မသိချင်ဘူး...."

ယန်ယွဲ့က တန်ရှားအိုရှူကို ကြည့်ကာ
အတော်လေးကို ရယ်ချင်သွားမိသည်။ သူက

အကြောင်းစုံကိုဖုံးကွယ်ဖို့ သူမအား သတ်ပစ်မှာ ကြောက်နေသည်မဟုတ်ပါလား။

ယန်ယဲ့က စကားပြောရန်ပြင်လိုက်သော်လည်း ရုတ်တရက် တောအုပ်ဖက်ကို အလိုလို လှည့်ကြည့်လိုက်မိသည်။ ထို့နောက် သူက "မင်းတို့ ရောက်နေပြီဆိုမှတော့ ဘာလို့ထွက်မလာသေးတာလဲ"

စကားဆုံးသည်နှင့် တပြိုင်နက် ခမ်းနားသောဝတ်ရုံရှည်ဝတ်လူငယ်တစ်ယော က်က သူတို့ရှေ့တွင် ပေါ်လာသည်။

ထိုလူငယ်က ယန်ယွဲ့သည် နှင့် အခြားလူများကို
တစ်ချက်စေ့ကြည့်လိုက်ပြီး
ယန်ယွဲ့ဆီအကြည့်ရောက်လာကာ
ပါးစပ်ထောင့်တွင် အနည်းငယ်ဆိုးသော
အပြုံးတစ်ခု ပေါ်လာသည်
"ဘယ်လောက်တောင်အစွမ်းထက်လိုက်တဲ့
စိတ်အာရုံအသိလဲ။
ငါတိတ်တဆိတ်ရောက်လာတာတောင်
မင်းငါ့ကို ချက်ချင်းသတိထားမိတယ်။
ကြည့်ရတာတော့ ဒီတစ်ခါစမ်းသပ်ပွဲမှာ
ပုန်းကွယ်နေတဲ့ နဂါးတွေ၊ ကျားတွေ
ပါဝင်နေပုံပဲ"

ယန်ယဲ့သည် ထိုလူငယ်ကို

စူးစိုက်ကြည့်လိုက်ပြီး အနည်းငယ်

ခေါင်းညိတ်လိုက်သည်။ ထိုလူငယ်က အသက်

၂၀ မတိုင်ခင်

ချိုးမြှောက်ခြင်းနယ်ပယ်အလယ်အလတ်အဆင့်

ကို ရောက်နေပြီဖြစ်သည်။ ထို့အပြင်

သူ့အော်ရာက

အလွန်သိပ်သည်းပြီးပြင်းထန်လှသည်။

ထင်ရှားသည်မှာ လူငယ်က

သူ၏ကိုယ်ပိုင်စွမ်းရည်နှင့်

ကြိုးစားကျင့်ကြံခဲ့ပုံပါ။ သူက

ကျင့်ကြံမှုအဆင့်တိုးတက်ဖို့ ပြင်ပအကူအညီ

သို့မဟုတ် ဆေးလုံးများ

အခြားရတနာများကို အားကိုးခြင်း မရှိခဲ့ပေ။

ရုတ်တရက် အာကာသဟင်းလင်းပြင်က

အနည်းငယ်အက်ကွဲသွားပြီးနောက်

လုံ့ကိုင်ထားသည့် လူငယ်တစ်ယောက်

ဤနေရာကို ရောက်လာသည်။

အနက်ရောင်ဝတ်လူငယ်၏အကြည့်သည်

ခမ်းနားသောဝတ်ရုံရှည်ဝတ်လူငယ်အပေါ်

ခဏရပ်တန့်လိုက်ပြီး သူက ယန်ယဲ့ နှင့်

အခြားလူငယ်များကို တည့်တည့်ကြည့်ကာ

“ငါ့အချိန်ကို မဖြုန်းနဲ့။ မင်းတို့မှာရှိတဲ့ သားရဲအမြုတေအားလုံးကို လွှဲပေးလိုက်တာနဲ့ ငါအချိန်မဖြုန်းဘဲ ဒုက္ခတွေကို ရှောင်နိုင်မှာပါ"

တန်ရှားအိုရှူ နှင့် ပိုင်ဖုန်း တို့၏အမူအရာများသည် အနည်းငယ် ပြောင်းလဲသွားပြီး ယန်ယဲ့ဆီသို့ အလိုလို တိုးကပ်သွားကြသည်။

ယန်ယဲ့က "မင်းတို့ တစ်ယောက်ကို တစ်ယောက် တိုက်ခိုက်နိုင်မလား"

"ဟုတ်ပါတယ်"

ခမ်းနားသောဝတ်ရုံနှင့်လူငယ်က

ရုတ်တရက်ပြုံးလိုက်ပြီး

"ရွှေနတ်ဆိုးဝံပုလွေတောင်တန်းမှာ ငါတို့က

နတ်ဆိုးသားရဲတွေကို တိုက်ခိုက်ရမှာပဲ၊

တခြားပါဝင်သူတွေကိုလည်း တိုက်ခိုက်ရမယ်။

ဟုတ်တယ်၊ သူတို့ရဲ့သားရဲအမြုတွေတွေကို

လုယက်နိုင်ပေမဲ့ သတ်ဖို့ခွင့်မပြုထားဘူး။

ဒါပေမဲ့ ငါတို့က တခြားသူတွေကို

အပြင်းအထန်ဒဏ်ရာရစေရုံလောက်က

အရေးမကြီးဘူး။ ဟီးဟီး....”

ယန်ယွဲ့က ခဏစဉ်းစားပြီး
ခေါင်းညိတ်လိုက်သည်။ သူသည် ၎င်းကို
ဆန့်ကျင်ခြင်းမရှိသလို ရှုံ့ရှာဖွယ်ရာဟုလည်း
မခံစားရပေ။ စမ်းသပ်ပွဲ၏အခက်အခဲကို
တိုးစေရုံမျှမက အချင်းချင်း
ပြိုင်ပွဲကိုဖြစ်စေသည်။

ယန်ယွဲ့သည် ဤအချက်ကို တွေးတောရင်း
ဘေးဖယ်လိုက်ကာ "သွားကြ"
ဟုဆိုလိုက်သည်။

သူက သဘာဝကျကျပဲ ဝင်စွက်ဖက်ဖို့
ငြင်းပယ်ခဲ့သည်။ ထိုသို့မဟုတ်လျှင်

ဒီစမ်းသပ်ပွဲက လုံး၀ အဓိပ္ပါယ်မဲ့မှာ
မဟုတ်ပါလား။

ဒီစကားကို ကြားလိုက်ရာ တန်ရှားအိုရူ နှင့်
ပိုင်ဖုန်း တို့နှစ်ယောက်လုံး အနည်းငယ်
အံ့အားသင့်သွားပြီးနောက်
သူတို့၏အမူအရာများသည်
အလွန်ဆိုးရွားသွားခဲ့သည်။
အနက်ရောင်၀တ်လူငယ်က
ချီးမြှောက်ခြင်းနယ်ပယ်အလယ်ဆင့်သာ
ရှိသော်လည်း ၎င်းက သူတို့ထက်
ပိုအစွမ်းထက်သည်မှာ အသေအချာပင်။

ထို့ကြောင့် ယန်ယဲ့သာ မကူညီပါက
သူတို့နှစ်ယောက်လုံး
ဒုက္ခိတဖြစ်သွားနိုင်ချေများ၏။

နှစ်ယောက်စလုံးက ယန်ယဲ့ကို
အသနားခံလိုသော အမူအရာများဖြင့်
စိုက်ကြည့်နေကြသည်။ ယန်ယဲ့သည် ခဏကြာ
လေးလေးနက်နက် စဉ်းစားပြီး "မင်းတို့၂
ယောက်ရှိနေတဲ့အချိန်မှာ သူက
တစ်ယောက်တည်းပဲလေ။
မင်းတို့နှစ်ယောက်လုံး အတူတူအလုပ်လုပ်ပြီး
အစွမ်းကုန်တိုက်ခိုက်ရင် ကစားပွဲကို

လှန်နိုင်လိမ့်မယ်။ လက်နက်ချမလား
ဒါမှမဟုတ် တိုက်ခိုက်မလား၊
ကိုယ်တိုင်ရွေးချယ်ပါ”

အနက်ရောင်ဝတ်ရုံလူငယ်က ယန်ယဲ့ကို
ရုတ်တရက် လက်ညှိုးထိုးပြီး "ငါလည်း မင်းကို
တိုက်ခိုက်ချင်တယ်"

ယန်ယဲ့က စကားမပြောဘဲ ခေါင်းညိတ်ကာ
ရုတ်တရက် ညာခြေကို မြေပြင်ပေါ်
တစ်ချက်ဆောင့် နင်းလိုက်သည်။

အုန်း!

မြေပြင်သည် ချက်ချင်းပင်
ပြင်းထန်စွာတုန်ခါသွားပြီး မရေမတွက်နိုင်သော
အက်ကွဲကြောင်းများ ပြန့်နှံ့လာပါတော့သည်။
တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်ရှိ
သစ်ပင်ကြီးများသည် ချက်ချင်းပင်
ကွဲအက်သွားကာ အမြစ်ကနေ ကျွတ်ထွက်ပြီး
လေထဲသို့ လွင့်စင်သွားကြသည်။

ယန်ယွဲ့က အနက်ရောင်ဝတ်ရုံလူငယ်ကို
ပြန်ကြည့်လိုက်ပြီး "မင်းသေချာလား"

အနက်ရောင်ဝတ်ရုံလူငယ်က ယန်ယဲ့ကို ခဏကြာ

စိုက်ကြည့်ပြီးနောက် သူ့လက်ကို ရုပ်သိမ်းလိုက်ကာ "ငါပြောခဲ့တာကို ပြန်ပြင်တယ်"

ထို့နောက် သူက တန်ရှားအိုရှူ နှင့် ပိုင်ဖုန်းကို စိုက်ကြည့်ကာ "မင်းတို့ လွှဲပေးမှာလား ဒါမှမဟုတ် ငါကိုယ်တိုင်ယူရမလား"

"မင်းလုပ်ဝံ့သလား" ရုတ်တရက် ဒေါသတကြီး အော်ဟစ်သံ ထွက်ပေါ်လာပြီးနောက် မန်လီနှင့် ချူးယွဲ့တို့နှစ်ယောက်လုံး ဤနေရာသို့ ရောက်လာခဲ့သည်။

မန်လီက တန်ရှားအိုရှု ထံသို့ လျှောက်သွားပြီး အနက်ရောင်ဝတ်လူငယ်ကို ဒေါသတကြီး စိုက်ကြည့်ကာ “ညီအစ်ကို၊ စမ်းသပ်ပွဲက ငါတို့အားလုံးအတွက် ခက်ခဲပါတယ်။ မင်း ဘာလို့ ငါတို့နဲ့ မညှိနှိုင်းရတာလဲ"

"မင်းမှာ အရည်အချင်းရှိရင် ငါ့လက်ထဲက အမြုတေတွေကို လွတ်လွတ်လပ်လပ်

လာယူလို့ရတယ်။" စကားပြောပြီးသည်နှင့် အနက်ရောင်ဝတ်ရုံလူငယ်က သူ၏လုံ့ကို မြှောက်ပြီး ရှေ့သို့ လှမ်းပစ်လိုက်သည်။

၁၀၈၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၇ - ငါ့ကို ဦးထုပ်စိမ်းဆောင်းခိုင်းနေတယ်ထင်လိမ့်မယ်

မန်လီ၏ အမူအရာသည် အနည်းငယ်ဆိုးရွားသွားသည်။

သူ၏လက်ဖဝါးကိုလှန်ကာ ဆုပ်ကိုင်ထားသော တူကြီးတစ်လက်ပေါ်လာပြီး ပျံသန်းလာသော လုံ ဆီသို့ ထုရိုက်လိုက်သည် ။

ဘုန်း!

ကျယ်လောင်သော ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာသည်။ မန်လီ၏ခန္ဓာကိုယ်သည် မီတာ ၃၀၀ နီးပါး ဆက်တိုက်လွင့်ပျံသွား၏။ အတော်ဝေးဝေးထိ ရောက်သွားမှသာ ရပ်တန့်လိုက်နိုင်သည်။ ထို့အပြင် သူ့လက်ဝါးအလယ်၌ သိသာထင်ရှားပြီး

သွေးစီးကြောင်းတစ်ခုပေါ်လာကာ

လက်တစ်ခုလုံးကို သွေးများ ဖုံးလွှမ်းသွားသည်။

သို့ရာတွင် မန်လီ၏ပုံရိပ်က တန်ရှားအိုရှူ

ရှေ့တွင် ပေါ်လာပြီး "ရှားအိုရှူ!

မင်းရဲ့ဝမ်းကွဲအစ်ကိုနဲ့ ချူးယွဲ့

တို့နဲ့ထွက်သွားလိုက်ပါ"

ပိုင်ဖုန်းက ဒီစကားကိုကြားသောအခါ

အလျင်စလို

 ခေါင်းညိတ်လိုက်ပြီး "စိတ်မပူပါနဲ့ အစ်ကိုလီ။

ငါသူတို့ကို သေချာဂရုစိုက်ပါ့မယ်"

စကားပြောပြီးသည်နှင့် ပိုင်ဖုန်း
နောက်လှည့်ကာ ထွက်သွားဖို့ပြင်လိုက်၏။
သို့သော်လည်း တန်ရှားအိုရှူ နှင့် ချူးယွဲ့တို့က
နေရာတွင် မလှုပ်မယှက်ရပ်နေသည်ကို
သတိပြုမိပြီး သူလည်း ရပ်လိုက်ရသည်။

"သွားကြရအောင်" ပိုင်ဖုန်းက
မိန်းမပျိုနှစ်ယောက် လှမ်းအော်သည်။

"နင်ဘာလို့ဒီလောက်မိုက်မဲနေတာလဲ"
တန်ရှားအိုရှူက မန်လီကို ရုတ်တရက်
ဒေါသတကြီး အော်ဟစ်လိုက်ပြီး "ငါ နင့်ကို

လုံးဝအသက်မရှင်စေချင်ဘူး။ အဲဒါကို သဘောပေါက်လား"

"ငါသိပါတယ်" မန်လီက အသက်ပြင်းပြင်းရှူကာ ခေါင်းညိတ်လိုက်ပြီး "မင်းရဲ့ဝမ်းကွဲအစ်ကိုကို ကြိုက်တယ်"

"ဒါဆို နင်ငါ့ကိုဘာလို့ဒီလိုဆက်ဆံနေတာလဲ။ ငါတို့က တစ်ယောက်နဲ့တစ်ယောက် အတူရှိနေပြီဆိုတာ နင်သိလား" တန်ရှားအိုရှူက "ငါ့မှာ သူ့ကလေးတောင် ရှိနေပြီ"

ဒီစကားလုံးကို ကြားလိုက်ရာ
မန်လီ၏မျက်နှာက နာကျင်မှု အရိပ်အယောင်
ပေါ်လာသည်။ သူက ခေါင်းညိတ်ပြကာ
“သိတယ်။ ငါအားလုံးကိုသိပါတယ်"

"မင်း...." ပိုင်ဖုန်းကလည်း မန်လီကို အံ့သြစွာ
စိုက်ကြည့်နေသည်။ မန်လီက သူနှင့်
တန်ရှားအိုရူ တို့၏ဆက်ဆံရေးအကြောင်း
သိနေလိမ့်မည်ဟု မမျှော်ထားခဲ့ပုံပါ။

တန်ရှားအိုရူလည်း
ထင်မှတ်မထားသောကြောင့်

အံ့အားသင့်သွား၏။

မန်လီက အသက်ပြင်းပြင်းရှူပြီး "ရှားအိုရှူ! ငါအရာရာကို တကယ်သိတယ်။ ငါ မင်းကို တကယ်ချစ်နေချိန်မှာ မင်းငါ့ကို လုံးဝမကြိုက်ဘူးဆိုတာ ငါသိတယ်။ မင်းရဲ့ဝမ်းကွဲအစ်ကိုကို မင်းကြိုက်တယ်။ မင်း ငါတို့လက်ထပ်ဖို့ သဘောတူရတဲ့ အကြောင်းရင်းက မင်းတို့ကလန်က ဒီလိုလုပ်ဖို့ ဖိအားပေးခံရလို့ပဲ။ အားလုံးကို ငါသိတယ်။ ဒါပေမဲ့ မင်းအပေါ် ခံစားချက်တွေ ရှိလာတဲ့အခါ ငါ ဘာလုပ်နိုင်မလဲ"

ဒီအထိပြောပြီးချိန်မှာတော့ မန်လီက
အသက်ပြင်းပြင်းရှူပြီး သူ့မျက်နှာကို
ခပ်ဝေးဝေးဆီသို့ လှည့်ကာ "ငါ အကယ်ဒမီကို
ထွက်မလာခင်တုန်းက ငါ့ရဲ့ကလန်ကို
အပြီးထွက်သွားခွင့်ပေးဖို့ တောင်းဆိုခဲ့ပါတယ်။
တစ်နည်းပြောရရင် ငါက မန်းကလန်ရဲ့
အဖွဲ့ဝင်မဟုတ်တော့ဘူး။
ငါမဟုတ်တော့ဘူးဆိုတော့ ငါတို့ကြားက
လက်ထပ်ပွဲလည်း သဘာဝအတိုင်း
ပျက်ပြယ်သွားပြီ။ ဒါဆို မင်းအခု
လွတ်သွားပြီလေ"

“ငါ လွတ်လပ်သွားပြီ….” တန်ရှားအိုရှုက မှိန်းသေသွားပုံရပြီး ေငးကြောင်နေသည်။

မန်လီက ပြုံးပြီး "မင်း အခု လွတ်လပ်ပြီ"

ထို့နောက်တွင် သူက ချူးယွဲ့ကို စိုက်ကြည့်ရာ သူ့မျက်လုံးများတွင် အပြစ်များပြည့်နှက်နေသော နူးညံ့သိမ်မွေ့သောအကြည့်တစ်ခု "အားယွဲ့! ငါတောင်းပန်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအထိ ငါ့မျက်လုံးထဲမှာ ရှားအိုရှုပဲရှိနေပြီး မင်းကို

လျစ်လျူရှုထားခဲ့တယ်။
မင်းနဲ့အဆင်ပြေအောင် ငါ့ကို
အခွင့်အရေးပေးပါလား"

ထိုစကားကိုကြားလိုက်ရသောအခါ
ချူးယွဲ့၏မျက်လုံးအစုံမှ
မျက်ရည်စီးကြောင်းနှစ်ခု ချက်ချင်းပင်
လိမ့်ဆင်းလာသည်။

ပိုင်ဖုန်းကက စိတ်လှုပ်ရှားစွာ ပြောနေရင်း
ရှားအိုရှု၏လက်နှစ်ဖက်ကို
တင်းတင်းကြပ်ကြပ် ကိုင်ထားလိုက်ကာ

"ရှားအိုရှု! ငါတို့ နောက်ဆုံးတော့ လွတ်လွတ်လပ်လပ် အတူနေနိုင်ပြီ!"

သို့သော်လည်း တန်ရှားအိုရှု၏ အကြည့်များသည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားသည့် မန်လီ နှင့် ချူးယွဲ့ တို့အပေါ်တွင် ရှိနေသည်ကို သူ သတိမထားမိခဲ့ပေ။ ခဏအကြာတွင် အကြည့်ကို ရုတ်ကာ ပိုင်ဖုန်း၏ လက်နှစ်ဖက်ကို တင်းတင်းကြပ်ကြပ် ပြန်ဆုပ်ကိုင်ထားသည်။

"မင်းတို့နှစ်ယောက် အတူတူနေမှာလား။

ဟီးဟီး ... အဲဒါမျိုးမဖြစ်နိုင်ပါဘူး" ရုတ်တရက်

လှောင်ပြောင်သံများ ထွက်လာကာ

ထူးဆန်းသောဝတ်စုံကို ဝတ်ဆင်ထားသည့်

အမျိုးသားတစ်ဦး လူတိုင်းရှေ့တွင်

ပေါ်လာသည်။ ထိုလူငယ်က

ကျောက်စိမ်းရောင်အသားအရေ၊

နီထွေးသောနှုတ်ခမ်းအစုံနှင့်

ပုလဲဖြူကဲ့သို့ညီညာသောသွားများကို

ပိုင်ဆိုင်ထားသူဖြစ်၏။

သူ့အသွင်အပြင်က

အလွန်ချောမောလှပနေရော ဤနေရာရှိ

အခြားလူငယ်များအားလုံး သူနှင့်
လုံးဝမယှဉ်နိုင်ပေ။ အမျိုးသမီးများပင်လျှင်
သူတို့ကိုယ်သူတို့ အရုပ်စိုးလွန်းသည်ဟုပင်
ထင်သွားနိုင်ပေသည်။

"လုံယုရန်" ပိုင်ဖုန်းက
ထိုလူငယ်ကိုမြင်သောအခါ
မျက်စိမျက်နှာပျက်ကာ ထိတ်လန့်တကြား
အော်ပြောလိုက်သည်။ လုံယုရန်သည် သူတို့နှင့်
တစ်နေရာတည်းကနေ
ရောက်လာသူဖြစ်သည်။သို့သော်လည်း သူက
ငွေအဆင့်ဂိုဏ်းသာဖြစ်ပြီး တစ်ဖက်လူကတော့

ရှေ့အဆင့်ဂိုဏ်းမှ ဖြစ်ရာ လုံးဝ
နှိုင်းယှဉ်၍မရပေ။

ယန်ယဲ့ လည်း ထိုလူငယ်ကို ကြည့်လိုက်သည်။
အဆုံးတွင် သူအကြည့်ကို မရုပ်သိမ်းမီ
ထိုလူငယ်၏ရင်ဘတ်ကို
တစ်ချက်ကြည့်လိုက်သည်။

လုံယုရန်၏ အကြည့်များသည် တန်ရှားအိုရှု
အပေါ်သို့ ကျဆင်းသွားခဲ့ပြီး "မင်းက
တန်ရှားအိုရှု ထင်တယ်၊ ဟုတ်တယ်ဟုတ်။
မင်းသတိမထားမိပေမဲ့... ဟီး.... မင်းအဖေက

မင်းကို ငါနဲ့ စေ့စပ်ဖို့ ကမ်းလှမ်းထားတယ်။
ဟုတ်တယ်၊ ငါက သူများ
သုံးပြီးသားပစ္စည်းတွေကို စိတ်မဝင်စားဘူး။
(ငါက နွားမဟုတ်ဘူးလေ) ဒါပေမဲ့
မင်းရဲ့တန်ကလန်က ငါတို့ကလန်နဲ့
ပေါင်းစည်းဖို့ကြိုးစားနေတယ်။ တန်ကလန်က
တခြားယောက်ျားနဲ့ ပေါင်းပြီး ကလေးယူခဲ့တဲ့
အမျိုးသမီးနဲ့ ငါ့ကိုလက်ထပ်ပေးဝံ့တယ်”

တန်ရှားအိုရှု နှင့် ပိုင်ဖုန်း တို့၏ မျက်နှာများသည်
ချက်ချင်းပင် ဖြူဖျော့သွားကြသည်။

လုံယုရန်က အေးစက်စွာ ရယ်မောလိုက်ပြီး "အနာဂတ်မှာ တန်ကလန် နဲ့ ပိုင်ကလန်က ရှိနေတော့မှာမဟုတ်ဘူး။အထူးသဖြင့်တော့ မင်းရဲ့ ပိုင်ကလန် က လုံးဝပျောက်ကွယ်ရမယ်။ မဟုတ်ရင် မင်းဆိုတဲ့ပိုင်ဖုန်းက ငါလုံယုရန်ကို ဦးထုပ်စိမ်းဆောင်းခိုင်းတယ်လို့ တခြားသူတွေက ထင်သွားကြလိမ့်မယ်"

ပိုင်ဖုန်း၏ခန္ဓာကိုယ်သည် တစ်ချက်တုန်ခါသွားပြီး လုံယုရန် ရှေ့မှာ ချက်ချင်း ဒူးထောက်ထိုင်လိုက်သည် "အစ်ကို

လုံ၊ ကျေးဇူးပြုလို့ သနားပါ။ အစ်ကိုလုံ!
ငါတောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး သနားပါ"

"ကရုဏာပြရမလား" လုံယုရန်က
ဆက်ပြောလိုက်သည် "ငါက ရပါတယ်"

သူက တန်ရှားအိုရှုကို လက်ညှိုးထိုးပြပြီး
"မိန်းမတစ်ယောက်အနေနဲ့ မင်းရဲ့ဖြူစင်မှုကို
ထိန်းသိမ်းဖို့ ပျက်ကွက်ခဲ့တယ်၊ တရားမဝင်တဲ့
ဆက်ဆံရေးမှာ ပါဝင်ခဲ့ပြီး ကိုယ်ဝန်တောင်
ရခဲ့တယ်။ မင်းက သေဖို့ထိုက်တန်တယ်။
ငါ့လက်ကို မညစ်ပတ်ချင်လို့ မင်းကို

မသတ်ချင်ဘူး။ ပိုင်ဖုန်း! မင်းကို
အခွင့်အရေးမပေးဘူးလို့
မပြောနဲ့။သူ့ကိုသတ်လိုက်... ငါ ဒီကိစ္စကို
လွှတ်လိုက်မယ်"

ပိုင်ဖုန်း၏အမူအရာသည်
အလွန်ဆိုးရွားသွားကာ “အစ်ကိုလုံ!
တခြားမရှိတော့ဘူးလား ....”

"ငါနဲ့ ညှိနှိုင်းဖို့တောင် မကြိုးစားနဲ့" လုံယုရန်က
အေးစက်စွာပြောသည် "မင်းမလုပ်ရင် မင်းရဲ့

ပိုင်ကလန်က မကြာခင်
ပျက်စီးသွားမယ်ဆိုတာပဲ မြင်ရလိမ့်မယ်"

ပိုင်ဖုန်း၏ခန္ဓာကိုယ်က ပြင်းထန်စွာ
တုန်လှုပ်သွားသည်။ သူက တန်ရှားအိုရှုကို
မကြည့်ခင် အချိန်အတော်ကြာသွားသည်။
တန်ရှားအိုရှုကလည်း မျက်လုံးထဲ
ချစ်ခင်ကြင်နာမှုများ၊ စိတ်ပျက်အားငယ်မှုများ
ပြည့်နှက်နေပြီး "ပိုင်ဖုန်း!
ငါတို့အတူတူမနေနိုင်ရင် အတူသေရအောင်"

ပိုင်ဖုန်းက အချိန်အတော်ကြာအောင်
ရှုန်းကန်နေရသည်ကို သိသိသာသာမြင်ရသည်။
ရုတ်တရက် သူ့မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်သောအမူအရာ
တောက်ပလာသည်။ ထို့နောက်တွင်
သူ့လက်ထဲမှာ ဓားမြှောင်တစ်ချောင်းပေါ်လာပြီး
အေးစက်စက်ပြန်ပြောလိုက်၏ "
ကိုယ့်ဘာသာကိုယ်သတ်သေလိုက်"

ဤမြင်ကွင်းသည်
လူတိုင်း၏မျှော်လင့်ချက်ထက်
ကျော်လွန်သွားခဲ့သည်။

တန်ရှားအိုရှူ အပါအဝင် ဤနေရာကလူတိုင်း အံ့အားသင့်တုန်လှုပ်သွားကြသည်။

ဓားမြှောင်က တန်ရှားအိုရှူ၏လည်ပင်းကို ထိုးစိုက်ကာနီးအချိန်တွင် ကျယ်လောင်သောပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက် ပိုင်ဖုန်း၏ခန္ဓာကိုယ်သည် လွင့်ပျံသွားခဲ့သည်။

ပိုင်ဖုန်းက မြေပြင်ပေါ်ကနေ ထွားသွားပြီး သူ့ကို တိုက်ခိုက်လိုက်သော လုံယုရန် အား ထိတ်လန့်စွာ ကြည့်ပြီး "အစ်ကိုလုံ၊ မင်း...."

လုံယုရန်က သူ့ကို ဂရုမစိုက်ဘဲ စိုက်ကြည့်ကာ "တကယ်တော့ ငါ လိမ်နေတာလေ။ တန်ကလန်က တန်ရှားအိုရှုကို ငါနဲ့လက်ထပ်ခိုင်းမှာတဲ့လား။ မင်းရဲ့ ဝက်ဦးနှောက်ကို သုံးပြီးတွေးကြည့်လိုက်။ တန်ကလန်က ငွေအဆင့်ဂိုဏ်းလေးတစ်ခုပဲလေ။ ဒါကို ငါ့ရဲ့ လုံကလန်နဲ့ ဘယ်လိုလုပ်ပေါင်းစည်းနိုင်မလဲ"

ပိုင်ဖုန်းက ဒေါသတကြီး အော်ငေါက်လိုက်သည် "မင်းငါ့ကို လှည့်စားရဲတယ်လား"

လုံယုရန်က "ဒါဆို ဘာလဲ။ ငါ့ကိုကိုက်ချင်တာလား”

"မင်း...." ပိုင်ဖုန်း၏မျက်နှာသည် ဒေါသကြောင့်နီမြန်းနေသော်လည်း သူ ဒေါသမထွက်ဝံ့ပေ။ ထို့နောက်တွင် သူ့စိတ်ထဲ တစ်ခုခုကို တွေးမိသွားပုံရ၏။ ပိုင်ဖုန်းက

မျက်နှာတွင် စိတ်ပျက်လက်ပျက်အမူအရာပြည့်နေသည့် တန်ရှားအိုရှူ အား စိုက်ကြည့်ကာ "ရှားအိုရှူ! ငါ..."

တန်ရှားအိုရှူသည် ပါးစပ်ထောင့်တွင် လှောင်ပြောင်သဲ့သဲ့ဖြင့် သူ့ကို စိုက်ကြည့်ကာ "ငါ့ယောက်ျား...."

တစ်ချိန်တည်းမှာပဲ လုံယုရန်က “အခုတော့ မင်းအပေါ်ထားတဲ့ သူတွေအားလုံးဟာ အသားထဲကလောက်တွေပဲဆိုတာ

မင်းသဘောပေါက်သွားလောက်ပြီထင်တယ်။ မင်းက တချို့အခြေအနေ ဒါမှမဟုတ် သေခြင်း၊ရှင်ခြင်း အခြေအနေတွေမှာ စွန့်လွှတ်ခံရနိုင်တယ်မဟုတ်လား။ ဒါပေမဲ့ မင်းဟာ တကယ်ချစ်တဲ့သူကို စွန့်လွှတ်ပြီး သူ့နှလုံးသားထဲမှာ မင်းဆိုတာမရှိတဲ့သူကိုပဲ ရွေးချယ်ခဲ့တာ။ မင်းက သနားစရာကောင်းသလို ဝမ်းနည်းစရာပဲ”

"ရှားအိုရှု! ငါ့ကို အခွင့်အရေးပေးပါ" ပိုင်ဖုန်းက တန်ရှားအိုရှု ဆီသို့ ရုတ်တရက် လျှောက်သွားပြီး သူ့လက်နှစ်ဖြင့်

သူမ၏ပုခုံးပေါ်ဆုပ်ကိုင်ကာ "ငါ့အမှားတွေကို ငါနားလည်ပါတယ်။ ကျေးဇူးပြုပြီး ငါတို့ကလေးတွေကို မျက်နှာထောက်ထားပြီး ခွင့်လွှတ်ပေးပါ...."

ဆူး!

ပိုင်ဖုန်း၏အသံက ရုတ်တရက် ရပ်သွားသည်။သူက အထပ်ထပ်အခါခါ နောက်ပြန်ရွှေ့ရင်း သူ့လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားကာ

သူ့မျက်လုံးများသည် ထိတ်လန့်မှုနှင့် မယုံကြည်မှုများဖြင့် ပြည့်နှက်နေသည်။

၁၀၈၈

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၈ - လုယက်ရန်အကြံ

"စိတ်မပူပါနဲ့! ငါနင့်နောက်ကို အခုပဲလိုက်လာခဲ့ပါ့မယ်"

စကားပြောပြီးသည်နှင့်

သူမ၏လက်ကိုပြန်ကွေးကာ ကိုယ့်လည်ပင်းကို

ထိုးသွင်းလိုက်သည်။ တန်ရှားအိုရူက
မြန်ဆန်နေသဖြင့် အချိန်မှီမတားနိုင်လိုက်ပေ။
မန်လီ နှင့် လုံယုရန် တို့၏အမူအရာများ
ပြောင်းလဲသွားကြသည်။

သို့သော်လည်း ဓားမြှောင်က သူမ၏
လည်ပင်းကို ထိုးစိုက်ကာနီးတွင်
ဓားမြှောင်တစ်ချောင်းလုံး ရုတ်တရက်
အမှုန့်ဖြစ်သွားခဲ့သည်။

လုံယုရန် နှင့် အခြားသူများသည် ယန်ယဲ့ကို
စူးစူးစိုက်စိုက်ကြည့်နေစဉ်တွင်

သူတို့၏မျက်လုံးများက အနည်းငယ်
လေးနက်သော အမူအရာဖြင့်
ပြည့်နှက်နေပါသည်။

"ဒါက ထိုက်တန်လား" ယန်ယဲ့က
ခေါင်းခါလိုက်သည် “အဲဒါက သေချာပေါက်
မဟုတ်ဘူး။ နည်းနည်းလေးတောင် မဟုတ်ဘူး။
မင်းသေသွားရင် မင်းမိသားစု
ဒုက္ခရောက်လိမ့်မယ်။
မင်းကိုမချစ်တဲ့သူတစ်ယောက်အတွက်
မင်းမိသားစုကို ဒုက္ခပေးရတာ မိုက်မဲလိုက်တာ။
အခု မင်းသေချင်နေသေးရင်

ကိုယ့်ကိုယ်ကိုသတ်သေနိုင်တယ်။ စိတ်မပူပါနဲ့...၊ ဒီတစ်ခါတော့ ငါမင်းကို လုံးဝတားမှာမဟုတ်ဘူး။ နောက်ပြီး မင်းကို တားဖို့ ကြိုးစားတဲ့သူကို ငါတောင် ရိုက်နှက်မယ်"

ယန်ယဲ့သည် သူတို့၏ကိုယ်ပိုင်အရေးကိစ္စများကို ဝင်မစွက်ဖက်လိုသော်လည်း ယခုအခါ သူဝင်ပါသင့်သည်ဟု ခံစားမိသည်။ အကြောင်းအရင်းမှာ ဤလူများက မကြာခင်

သူ့တပည့်များ
ဖြစ်လာတော့မည်မဟုတ်ပါလား။

ယန်ယဲ့သည်
တိမ်ပင်လယ်အကယ်ဒမီ၏အပြင်စည်းခြံဝန်း
နည်းပြရာထူးကို လုံးဝ
အလေးအနက်ထားခဲ့သည်။ နောက်ဆုံးတွင်
၎င်းက သူနှင့် တိမ်ပင်လယ်အကယ်ဒမီကြား
ရန်ငြိုးဖွဲ့မှုနှင့် ဆက်စပ်နေသလို
ရှေးဟောင်းဓားကျောင်းတော်၏ဂုဏ်သိက္ခာနှင့်
လည်း သက်ဆိုင်ပါသည်။

တန်ရှားအိုရှုက မျက်နှာထက်
စိတ်ပျက်လက်ပျက်အမူအရာများ ပေါ်လာကာ
မြေပြင်ပေါ်သို့ လဲကျသွားခဲ့သည်။

မန်လီက ထိုမြင်ကွင်းကို အနည်းငယ်
သည်းမခံနိုင်ပုံရပြီး ရှေ့ထွက်လာခါနီးတွင်
ချူးယွဲ့က သူ့ကို နောက်ပြန်ဆွဲလိုက်သည်။
မန်လီက သူမကို ပြုံးပြလိုက်ပြီး တန်ရှားအိုရှု
ထံသို့ လျှောက်သွားကာ "ရှားအိုရှု! မင်းက
မင်းတို့ တန်ကလန်ရဲ့ မျှော်လင့်ချက်ပဲဆိုတာ
မင်းသိထားသင့်တယ်။ မင်းရဲ့မိဘနှစ်ပါးစလုံးက
မင်း တိမ်ပင်လယ်အကယ်ဒမီကို

တတ်နိုင်မယ်လို့ မျှော်လင့်နေကြတာ။ အခု မင်း ကိုယ့်ကိုယ်ကို သတ်သေလိုက်ရင် သူတို့ ဘာလုပ်ကြမလဲ။ မင်းမောင်လေးကော ဘာလုပ်မှာလဲ"

တန်ရှားအိုရှူက သူမ၏လက်ကို မြှောက်လိုက်ပြီး အဆုံးတွင် ချူးယွဲ့ကို မော့ကြည့်လိုက်သည်။ သူမက စကားတစ်ခွန်းမှမပြောဘဲ အဆုံးတွင် ကိုယ့်ကိုယ်ကိုသတ်သေချင်စိတ်များပျောက်ကွယ်သွားခဲ့သည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ရုတ်တရက်ပြောလာသည် "မှန်တယ်၊ ဘယ်သူကမှ သူတော်စင်မဟုတ်ဘူး၊ ဒါကြောင့် ဘယ်သူကမျှ အမှားလုပ်တာကို ရှောင်နိုင်မှာလား။ အမှားလုပ်မိတာကိုသိရင် ပြင်လိုက်ပါ” စကားပြောပြီးသည်နှင့် ယန်ယဲ့သည် သူ့ကိုယ်သူပင် အနည်းငယ်အံ့သြသွားမိသည်။ " ငါသရုပ်ဆောင်နေတဲ့ အပိုင်းက နည်းနည်းလေးပိုကောင်းသွားပြီလား။ ငါက နည်းပြမဟုတ်သေးဘူးလေ"

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။ ထို့နောက် သူ့ရှေ့က အနက်ရောင်ဝတ်ရုံလူငယ်ကို စိုက်ကြည့်ရင်း "မင်းသူတို့ရဲ့အမြုတေတွေကို မယူချင်ဘူးလား။ ကောင်းပြီ....၊ မင်းလိုချင်ရင် အခုလုပ်နိုင်တယ်။ ဟုတ်တယ်၊ မင်း သူတို့ကို အနိုင်ယူနိုင်တယ်။ မင်းသူတို့ကိုမသတ်ရင်ရပြီ"

ဤသည်ကိုကြားသောအခါ ဤနေရာရှိ အခြားသူများ အံ့သြသွားကာ ယန်ယဲ့ကို ထူးဆန်းသော အကြည့်များဖြင့် စိုက်ကြည့်ကြသည်။

မန်လီ နှင့် ချူးယွဲ့ တို့က ဤလူများကြားတွင် အားအနည်းဆုံး ဖြစ်ရာ ချက်ချင်းပင်သတိအပြည့်ဖြစ်သွားလေသည်။

အနက်ရောင်ဝတ်ရုံလူငယ်က မန်လီ တို့အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းယမ်းကာ "ငါ စိတ်မဝင်စားတော့ဘူး"

"ဒီနေရာနဲ့ သိပ်မဝေးတဲ့နေရာမှာ ဝံပုလွေတွင်းတစ်ခုရှိတယ်၊ အဲဒီမှာ ချီးမြှောက်ခြင်းနယ်ပယ်အဆင့် ဖေလေဝံပုလွေ အကောင် ၂၀ ကျော်ရှိတယ်။"

တစ်ချိန်တည်းမှာပဲ လုံယုရန်က ရုတ်တရတ်ပြောလာသည်။ "မင်းတို့ ၃ ယောက် ဒါကို စိတ်ဝင်စားလားလို့ တွေးမိတယ်"

လုံယုရန် ပြောလိုက်သည့် ၃ ယောက်ကတော့ အနက်ရောင်ရုံလူငယ်၊ ယန်ယွဲ့ နှင့် ခမ်းနားသောဝတ်ရုံနှင့် လူငယ်တို့သာ။

"၂၀ ကျော်လား"
ခမ်းနားသောဝတ်ရုံနှင့်လူငယ်၏ မျက်လုံးများ တောက်ပလာကာ "ဟီးဟီး...။ သားရဲအမြုတေ ၂၀ ကျော်။ ဒီလိုမျိုး အုပ်စုအနည်းငယ်ကို

သတ်လိုက်ရင် ငါတို့က အဆင့်
(၁)အခန်းထဲဝင်ဖို့ လုံလောက်လောက်ပြီ!"

ယန်ယဲ့က ရုတ်တရက် "အဆင့် ၁ အခန်းထဲကို
ဝင်ဖို့ အရမ်းခက်နေလား"

ခမ်းနားဝတ်ရုံနှင့်လူငယ်က
ယန်ယဲ့၏စကားကိုကြားလိုက်ရာ
အနည်းငယ်ကြောင်အမ်းအမ်းဖြစ်သွားသည်။
သူက အံ့သြနေသောအကြည့်နှင့်
ယန်ယဲ့ကိုစိုက်ကြည့်လိုက်၏။ ဒီအချိန်မှာ
အခြားသူများသည် လည်း ယန်ယဲ့ကို

ထူးဆန်းသောအကြည့်များဖြင့်
စိုက်ကြည့်ပြန်သည်။

လုံယုရန်က ယန်ယဲ့ကို စူးစိုက်ကြည့်ပြီး
"အစ်ကို၊ မင်း က လူသစ်စုဆောင်းရေး
စမ်းသပ်ပွဲမှာ ပါဝင်ဖို့ ဒီကိုလာတာ
မဟုတ်ဘူးလား"

“ငါ. ဟုတ်ပါတယ် ငါပါ" ယန်ယဲ့က
ကမန်းကတန်းပြောလိုက်သည်။  "ငါက
လုံးဝတရားဝင်ပါဝင်သူပါ"

လုံယုရန်က "ဒါဆို အကယ်ဒမီအကြောင်း
အများကြီး မသိဘူးလို့ ငါ ဘာလို့ခံစားရလဲ"

ယန်ယဲ့က “ငါ ဒီနေရာနဲ့
အရမ်းဝေးတဲ့နေရာကနေ  လာတာဆိုတော့
အဲဒါတွေ အကုန်လုံးကို သိပ်မသိပါဘူး။
ခွင့်လွှတ်ပါ!”

သူတို့အားလုံး
ယန်ယဲ့၏စကားကိုကြားသောအခါ
ရုတ်တရက်နားလည်လာကြသည်။ လုံယုရန်က
"အဆင့် ၁ အခန်းထဲ ဝင်ဖို့အတွက်

ချိုးမြောက်ခြင်းနယ်ပယ်အဆင့်
သားရဲအမြုတေ ၅၀
ထက်မနည်းစုဆောင်းနိုင်ရမယ်။ အစ်ကို၊
အဲဒါက ပြီးမြောက်ဖို့ ရိုးရှင်းတဲ့ ပန်းတိုင်လို့
မင်းထင်လား"

ယန်ယဲ့က ခေါင်းညိတ်ကာ "ဒါက မခက်ပါဘူး"

ဒီစကားကို ကြားသောအခါ လုံယုရန် နှင့်
အခြားသူများက မျက်နှာထက်
မမြင်နိုင်သောအမူအရာများပေါ်သည်။

ထို့နောက် အားလုံးက ယန်ယဲ့ကို
နားမလည်နိုင်သလို စိုက်ကြည့်ကြသည်။

တန်ရှားအိုရှ တစ်ယောက်သာလျှင်
တိတ်ဆိတ်နေသည်။
ယန်ယဲ့၏လက်သီးတစ်ချက်ဖြင့်
ရောမနတ်ဆိုးဝံပုလွေကြီးအား
သတ်ဖြတ်ခဲ့သည့်မြင်ကွင်းဟာ ယခုတိုင်
သူမစိတ်ထဲ မြင်နေသေး၏။ ထို့ကြောင့် သူမက
ယန်ယဲ့၏စကားကို လုံးဝ ယုံကြည်ခဲ့သည်။

မှန်ပါသည်။ သူမက သိနေသော်လည်း
ဒီအကြောင်းကို ထုတ်မပြောရဲပေ။
အဘယ်ကြောင့်ဆိုသော် သူမရှေ့တွင်
ရပ်နေသောလူက
အန္တရာယ်မရှိသယောင်ထင်ရသော် လည်း
ဒေါသထွက်လာပါက
အလွန်ကြောက်စရာကောင်းသည်ကို
သိနေသောကြောင့်ပင်။

ယန်ယဲ့က သူပြောသည့်စကားကို
ပြန်တွေးမိသွားပြီး

ရှက်ရွံ့စွာ ပြုံးလိုက်သည်
"ငါတို့အကုန်ပေါင်းရင် သားရဲအမြုတေ ၅၀ လောက်ကို စုစည်းဖို့ ငါတို့အတွက် မခက်ဘူးလို့ ငါပြောနေတာပါ"

လုံယုရန်က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"ဒါဆို မင်းတို့အားလုံး သဘောတူလား"

"ပြဿနာမရှိဘူး"
ခမ်းနားသောဝတ်ရုံနှင့်လူငယ်က
"လူတစ်ယောက်ချင်းစီရဲ့ခွန်အားက အဆုံးမှာကျတကယ်ကို အားနည်းလွန်းတယ်။

ငါတို့သာ ပူးပေါင်းလိုက်ရင် အရင်က
ငါတို့ရခဲ့တာထက် အများကြီး ပိုရနိုင်လိမ့်မယ်”

အနက်ရောင်ဝတ်ရုံလူငယ်က “ငါလည်း
ပြဿနာမရှိဘူး”

မန်လီက "အားလုံးပဲ၊ ဒါဆို ငါတို့
ထွက်သွားတော့မယ်" အမှန်တော့ သူသည်
ဤလူအုပ်စုကြားရှိနေချိန်
လုံးဝလုံခြုံသည်ဟု မခံစားရပေ။

သူစကားပြောပြီးသည်နှင့်
တန်ရှားအိုရှူကိုကြည့်ကာ "ရှားအိုရှူ! မင်း
ငါတို့နဲ့လိုက်မှာလား ဒါမှမဟုတ်
ကိုယ့်ဘာသာကို သွားမလား"

တန်ရှားအိုရှူက ချူးယွဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
"မင်းတို့နှစ်ယောက်လုံး
ကိုယ့်ဘာသာကိုယ်သွားကြပါ။ ငါ အစ်ကိုရဲ နဲ့
လိုက်ဖို့ ရည်ရွယ်ထားတာ"
ဒီအထိစကားပြောပြီးချိန်မှာတော့ ယန်ယဲ့
နှင့်အခြားသူများကို စိုက်ကြည့်ရင်း

"စိတ်မပူပါနဲ့။ ငါနင်တို့အားလုံးကို
ဒုက္ခမပေးပါဘူး"

လုံယုရန်က ခဏလောက် လေးလေးနက်နက်
တွေးတောပြီး “မင်း ငါတို့နဲ့ လိုက်လို့ရတယ်။
ဒါပေမဲ့

အန္တရာယ်တစ်ခုခုကြုံလာခဲ့ရင် ငါတို့က
မင်းကိုငရုစိုက်ပေးမှာမဟုတ်ဘူးနော်။ ပြီးတော့
သားရဲအမြုတေတွေလိုချင်ရင်
မင်းငါတို့ကိုကူညီဖို့လိုတယ်။ မဟုတ်ရင်
ငါတို့က မင်းကို ဘာမှပေးနိုင်မှာမဟုတ်ဘူး"

“ကောင်းပါပြီ” တန်ရှားအိုရှုက အလျင်စလို ခေါင်းညိတ်လိုက်သည်။

"ဂရုစိုက်ပါ" ထိုစကားပြောပြီးသည်နှင့် မန်လီနှင့် ချူးယွဲ့ တို့နှစ်ယောက်လုံး လူတိုင်းရှေ့ကနေ ပျောက်ကွယ်သွားခဲ့သည်။

"သွားကြရအောင်" လုံယုရန်က လူတိုင်းကို တစ်ချက်ကြည့်ကာ ပြောလိုက်၏။ သူပြောပြီးသည်နှင့် လူတိုင်းလည်း လှုပ်ရှားလိုက်ကာ အားလုံး

တဖျပ်ဖျပ်တောက်ပလာပြီး
နောက်ကနေလိုက်ပါသွားကြသည်။

သိပ်မကြာလိုက်ပေ။ သူတို့အုပ်စုက
ရှေ့ဆက်သွားနေရင်း ရုတ်တရက်
အစွမ်းထက်အော်ရာ တစ်ဒါဇင်ကျော်ကို
ခံစားမိလိုက်ကြသည်။

ထိုအထဲတွင်
နတ်ဆိုးသားရဲများ၏အော်ရာများအပြင်
လူသားများ၏အော်ရာလည်း ရှိနေပါသည်။

လုံယုရန်က နေရာတွင် ခဏရပ်ကာ "ငါတို့ အရမ်းနောက်ကျနေပြီ"

မျက်စိတစ်မှိတ်အတွင်းမှာပဲ သူ့မျက်လုံးများက တလက်လက် တောက်ပလာပြီး “မဟုတ်ဘူး၊ ငါတို့က အချိန်မီသေးတယ်! ဟီးဟီး....”

ထိုနေရာတွင် လူငယ် ၂ ဦး၊ အမျိုးသမီး ၁ ဦးရှိနေကာ နတ်ဆိုးသားရဲတစ်ဒါဇင်ကျော်နှင့် ပြင်းထန်သောတိုက်ပွဲ ဆင်နွှဲနေကြသည်။ နှစ်ဖက်စလုံး အပြင်းအထန်တိုက်ခိုက်နေကြပြီး မြေပြင်ပေါ်တွင်

နတ်ဆိုးသားရဲအသေကောင်အချို့လည်း
လဲလျောင်းနေပါသည်။ သို့ရာတွင်
အခြေအနေက ၎င်းတို့အတွက်
အလွန်ခက်ခဲနေသည်မှာ သိသာလှသည်။
နတ်ဆိုးသားရဲများ၏ပူးပေါင်းတိုက်ခိုက်မှုများ
က လူ ၃ ဦးကို ထွက်မသွားနိုင်အောင်
ပိတ်ဆို့နေကြသည်။ ထို့ကြောင့်
တိုက်ပွဲ၏အလှည့်အပြောင်းကို မပြောဘဲ
ထွက်ပြေးဖို့ပင် လုံးဝမဖြစ်နိုင်ပေ။
နောက်ဆုံးတွင် ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲများ၏ အမြန်နှုန်းသည်

လူသားအဆင့်တူပညာရှင်များထက်
လုံးဝမနိမ့်ကျပေ။

"ငါတို့က စောင့်ပြီး အကျိုးအမြတ်တွေ
ယူရအောင်" ခမ်းနားသောဝတ်ရုံနှင့်လူငယ်က
ပါးစပ်ထောင့်တွင် အနည်းငယ် မကောင်းသော
အပြုံးတစ်ခု ရှိနေသည်။

"ဟုတ်တယ်"
အနက်ရောင်ဝတ်ရုံလူငယ်ကလည်း
ခေါင်းညိတ်သဘောတူသည်။

ယန်ယဲ့က စကားမပြောပေ။

စမ်းသပ်ပွဲစတင်သည့်အချိန်မှစ၍

ရက်စက်ကြမ်းကြုတ်သည် သို့မဟုတ်

နည်းလမ်းပေါင်းစုံကို

အသုံးချနိုင်သည့်အရာတစ်ခုဟု ဆိုသင့်သည်။

ရက်စက်သော်လည်း အဆုံးသတ်တွင်

စမ်းသပ်ပွဲအောင်မြင်သူများဟာ

ထိပ်တန်းပါရမီရှင်များဖြစ်မည်ကို

သံသယမလိုတော့ပေ။

၁၀၈၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၈၉ - ငါ မင်းတို့ကို သင်ပြပေးမယ်

"ဖုန်းဝူချောင် လား..."

ယန်ယဲ့၏မျက်ခုံးများသည် အနည်းငယ် တွဲကျနေသည်။ သူက လုံယုရန် နှင့် အခြားလူများကို စိုက်ကြည့်ရာ သူတို့မျက်နှာပေါ်တွင် အနည်းငယ် ဆိုးရွားပြီး လေးနက်သော အမူအရာများ ရှိနေသည်ကို သတိပြုမိလိုက်၏။

“လူသစ်စုဆောင်းရေး စမ်းသပ်ပွဲမှာ ပါဝင်သူ
အများအပြားရှိပေမယ့် ၄ ယောက်ပဲ
အစွမ်းထက်ဆုံးလို့ယူဆနိုင်တယ်။ သူတို့ ၄
ယောက်က လီမိုကျန်း၊ ယူဝူကျောင်း၊ မိုရှင်းယု
နဲ့ ဖုန်းဝူချောင် တို့ပဲ။ သူတို့ထဲက
တစ်ယောက်စီက ပါရမီရှင်တွေကြားထဲက
ပါရမီရှင်တွေလို့သတ်မှတ်ခံထားရတယ်။
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲတွေကို မပြောဘဲ၊ သူတို့က
သိုင်းဧကရာဇ်အဆင့်
နတ်ဆိုးသားရဲတွေကိုတောင်
သတ်နိုင်စွမ်းရှိတယ်” လုံယုရန်က ယန်ယွဲ့

အံ့အားသင့်နေသည်ကို သတိပြုမိပြီး ရှင်းပြသည်။

"လီမိုကျန်း လည်း ဒီမှာပါလာတာလား" ယန်ယဲ့က ခဏလောက် လေးလေးနက်နက် စဉ်းစားပြီး "ဒါဆို ငါတို့နဲ့ ဘာဆိုင်လို့လဲ"

လုံယုရန်က ယန်ယဲ့ကို မကျေမနပ်ကြည့်လိုက်ရင်း ဆက်ပြောသည် "ငါတို့သာ လက်ရှောင်လိုက်ရင် ဖုန်းဝူချောင် သိသွားတာနဲ့ ငါတို့ကို အသက်ရှင်ခွင့်ပေးမယ်လို့

မင်းထင်နေတာလား။ ချီးပဲ… ဒီနေ့
ကံမကောင်းပါလား။ ငါတို့ ကောင်းတာတစ်ခုခု
ကြုံလာမယ်လို့ ထင်ခဲ့ပေမဲ့ အဲဒါအစား
ဒုက္ခဖြစ်မယ်လို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး” စကားပြောပြီးသည်နှင့်
လုံယုရန်က နတ်ဆိုးသားရဲအုပ်ထဲသို့
ခုန်ဝင်လိုက်သည်။

အနက်ရောင်ဝတ်လူငယ်နှင့်
ခမ်းနားသောလူငယ်သည်လည်း
ချက်ချင်းတိုက်ခိုက်လိုက်သည်။

ထိုအချိန်တွင် ယန်ယဲ့သည်
ခဏတာတုံ့သွားပြီးမှ ၎င်းတို့နောက်ကို
လိုက်ပါတိုက်ခိုက်လိုက်၏။

သူတို့ ၄ ယောက် ဝင်လိုက်သည်နှင့်
အခြေအနေသည် ချက်ချင်းပြောင်းသွားပြီး
နတ်ဆိုးသားရဲများအားလုံး
သေဆုံးသွားကြသည်။

နတ်ဆိုးသားရဲအားလုံးကို သတ်ပြီးနောက်
အဖွဲ့ကို ဦးဆောင်သူ အဖြူရောင်ဝတ်လူငယ်က
ယန်ယဲ့နှင့်အဖွဲ့ဆီသို့ လက်နှစ်ဖက်စုကာ

"ညီအစ်ကိုတို့! အကူအညီအတွက် ကျေးဇူးတင်ပါတယ်"

သူက ကျေးဇူးတင်ကြောင်း ပြောနေသော်လည်းနတ်ဆိုးသားရဲအမြုတေများအားလုံးကို သူ့အိတ်ကပ်ထဲသို့ ထည့်သိမ်းခဲ့သည်။

"ဘာလို့ သူတို့ကို ကျေးဇူးတင်တာလဲ။ အခြေအနေတွေကို အခွင့်ကောင်းယူပြီး အကျိုးအမြတ်တွေကို စုဆောင်းဖို့ အခွင့်အရေးကို စောင့်နေတာလေ။ သူတို့က

အရိပ်ထဲမှာ ပုန်းနေတာသိသာကြီးပဲ။
ငါ့ဝမ်းကွဲအစ်ကိုရဲ့နှာမည်ကို မကြားမိရင်
သူတို့က ငါတို့နှောက်ကျောကို
ဓားနဲ့ထိုးတာတောင် ဖြစ်နိုင်တယ်”
ဒီစကားများပြောလိုက်သူက အမျိုးသမီးပင်။
အမျိုးသမီးက အသက် ၂၀ ဝန်းကျင်ခန့်ရှိပြီး
အလွန်လှပသည်။ သို့သော်လည်း သူမ၏
မျက်နှာသည် အေးစက်စက် လှောင်ပြောင်သည့်
အမူအရာဖြင့် ဖုံးလွှမ်းနေသည်။ လုံယုရန် နှင့်
အခြားလူများက ချက်ချင်း
ဝင်မကူညီသည့်အတွက်
ဒေါသထွက်နေပုံရသည်။

ဒီစကားကို ကြားသောအခါ

အနက်ရောင်ဝတ်ရုံလူငယ်နှင့်

ခမ်းနားသောလူငယ်၏မျက်နှာများသည်

မှုန်ကုပ်ကုပ်ဖြစ်သွားသည်။ သူတို့

စကားပြောတော့မည်ဖြစ်သော်လည်း

လုံယုရန်က သူတို့ကို တားလိုက်ပြီး

"ကောင်းပါတယ်၊ ငါတို့က

လက်တစ်ဖက်ပဲငှားပေးလိုက်တာ။ အခုတော့

နှုတ်ဆက်ပါတယ်”

သူပြောပြီးသည်နှင့် လုံယုရန်က လူတိုင်းကို အချက်ပြပြီး နောက်ပြန်လှည့်ကာ ထွက်သွားဖို့ ပြင်သည်။

"ကောင်းလိုက်တဲ့ ပြေးလမ်း" အဖွဲ့ကို ဦးဆောင်သူ အဖြူရောင်ဝတ်ရုံလူငယ်က ပြုံးပြသည်။

ရုတ်တရက် အမျိုးသမီးက "ခဏနေဦး"

လုံယုရန် နှင့် အခြားလူများက သူမကို လှည့်မကြည့်မီ ရပ်လိုက်သည်။ အမျိုးသမီးက

ယန်ယဲ့၏လည်ပင်းကို ဖက်လျက်
နှစ်ခြိုက်စွာအိပ်ပျော်နေသော
ခရမ်းရောင်မင့်ခ်ကလေးအား
လက်ညှိုးထိုးပြကာ "အားလုံး
ထွက်သွားလို့ရပေမယ့် အဲဒီအကောင်လေးကို
ထားခဲ့လိုက်"ဟုပြောလိုက်လေသည်။

လုံယုရန် နှင့် အခြားသူများသည်လည်း
ချက်ချင်းပင် ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။
ယန်ယဲ့က ခေါင်းခါပြီး "မဟုတ်ဘူး၊ သူက ငါနဲ့
နေရတာ ပိုကြိုက်တယ်"

အမျိုးသမီးက မျက်လုံးထဲ
အေးစက်စက်အမူအရာများ ပေါ်လာကာ
ယန်ယဲ့ထံ လျှောက်လာပြီး "နင့်ဆီက
ငါတောင်းတာကို နင်ဂုဏ်ယူသင့်တယ်"

"အဲ့လိုမလုပ်ပါနဲ့... ဟုတ်ပြီလား" ယန်ယဲ့က
ဆက်ပြောလိုက်သည်။ "သူတို့က ငါ့ကို
နိမ့်ကျတဲ့အဆင့်တန်း ထားရှိသင့်တယ်လို့
ပြောခဲ့တယ်။ မင်းဒီလိုလုပ်ဖို့ တွန်းအားပေးရင်
ငါတကယ်ကို ခက်ခဲတဲ့ အနေအထားမှာ
ရှိနေလိမ့်မယ်"

အမျိုးသမီး၏မျက်နှာက ခက်ထန်သွားပြီး "ငါစိတ်စိတ်ပြောင်းသွားပြီ!"

ယန်ယဲ့က ပြုံးပြီး "ဘာလဲ"

သို့သော်လည်း သူမက “ဒီအငယ်လေးကို ပေးရုံတင်မကဘူး၊ နင်ပိုင်တဲ့ သားရဲအမြုတေတွေပါပေးပြီးမှထွက်သွား"

ယန်ယဲ့၏မျက်နှာပေါ် ရှိအပြုံးသည် ရုတ်တရက်ဆိုသလိုပင် အေးခဲသွားတော့သည်။

ထိုအမျိုးသမီးကိုကြားလိုက်သောအခါ သူတို့မျက်နှာပျက်သွားသည်။

ယန်ယဲ့က သူတို့ ၃ ယောက်ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး အန္တရာယ်ကြုံပြီး ငါတို့လက်ကိုတောင် ငှားလိုက်သေးတယ်။ ဒါပေမဲ့ ကျေးဇူးမတင်တဲ့အပြင် ကူတဲ့လက်ကိုပါ ပြန်ကိုက်နေတယ်။ အဲဒါက သိပ်ပြီး ခွင့်လွှတ်နိုင်စရာ မရှိဘူး မဟုတ်လား”

"ကျေးဇူးတင်ရမှာလား" အမျိုးသမီးနှင့် သူမနောက်ရှိ လူငယ်နှစ်ယောက်လည်း ရယ်စရာတစ်ခုခုကို ကြားလိုက်သလိုပင်၊ သူတို့မျက်နှာကလှောင်ပြောင်လှောင်ပြောင်မှုများ ပေါ်လာသည်။ အမျိုးသမီးက မောက်မာစွာဆက်ပြောလေသည်။

“ငါ့ဝမ်းကွဲအစ်ကိုကြောင့် နင်တို့အားလုံး ငါတို့ကို ကူညီတာမဟုတ်ဘူးလား။ ငါ့ဝမ်းကွဲအစ်ကိုရဲ့နာမည်ကြောင့်သာ မဟုတ်ရင် နင်တို့အားလုံးက ကူညီနေမှာ မဟုတ်ဘူး၊ ဒီအခြေအနေကို အခွင့်ကောင်းယူသွားလိမ့်မယ် မဟုတ်လား”

ဒီစကားပြောပြီးနောက် အမျိုးသမီးက
အေးစက်စွာရယ်မောရင်း “အဲလိုဖြစ်နေတော့
အားလုံးကို ဘာလို့ကျေးဇူးတင်ရမှာလဲ။
ကောင်းပြီ၊ အပိုစကားတွေရပ်လိုက်။ မချိမဆန့်
အရိုက်မခံချင်ရင်တော့ နင်ပိုင်တဲ့
သားရဲအမြုတေတွေနဲ့ နင့်ပုခုံးပေါ်တင်ထားတဲ့
အကောင်ငယ်လေး လွှဲပေးပါ။ မဟုတ်သေးဘူး၊
ငါက နင့်ကို ငါ့ဆီ
ဒူးထောက်လာပြီးပေးခိုင်းတာ"

ယန်ယဲ့က သက်ပြင်းချကာ "ငါက စကားနဲ့ပဲ အဓိကသင်ကြားပေးဖို့ ရည်ရွယ်ထားတာ။ ဒါပေမယ်လို့ အခုချိန်မှာတော့ ငါထင်ထားတာက လုံးဝ ဖြစ်မလာနိုင်လောက်ဘူး။ ဒီလိုဆိုမှတော့ သင်ကြားရေးကို ပထမအဆင့်နဲ့ သင်ပြဖို့ ဆုံးဖြတ်လိုက်ပြီ”

သူပြောပြီးသည်နှင့်....

ဖြောင်း!

ကြည်လင်ပြတ်သားသော ပါးရိုက်သံက
ပွဲတင်ထပ်လာပြီး အမျိုးသမီးဟာ ၁
ကီလိုမီတာထံ လွင့်ပျံသွားသည်။ သူမ
မြေပြင်ပေါ် ပြန်ကျမလာခင် အနီးအနားက
သစ်ပင်ပေါင်း ၂၀ နီးပါးနှင့် တိုက်ချခဲ့ကာ
နောက်ဆုံးမှ ပြုတ်ကျလာခဲ့သည်။

ဤနေရာမှ လူတိုင်း တုန်လှုပ်သွားကြသည်။

ပထမအချက်မှာ ယန်ယွဲ့၏ခွန်အားကြောင့်ပင်။
လူတိုင်း ယန်ယွဲ့ ဘယ်လိုတိုက်ခိုက်သည်ကို
လက်တွေ့ကျကျ မမြင်နိုင်ခဲ့သောကြောင့်

တုန်လှုပ်သွားခဲ့သည်။ ဒုတိယအချက်မှာ ယန်ယဲ့သည် အမျိုးသမီးကို အမှန်တကယ် တိုက်ခိုက်ဝံ့သောကြောင့် အံ့သြသွားကြသည်။ နောက်ဆုံးတွင် သူမသည် ဖုန်းဝူချောင်၏ဝမ်းကွဲညီမဖြစ်သည်။

"သူက ဖုန်းဝူချောင် လက်စားချေမှာကို မကြောက်ဘူးလား"

“မင်း သူမ ဘယ်သူဆိုတာ သိလား….” အဖွဲ့ကို ဦးဆောင်သူ အဖြူရောင်ဝတ်ရုံလူငယ်က စကားပြောဖို့ ပြင်လိုက်သော်လည်း သူ့ဗိုက်က

နာကျင်မှုကိုခံစားလိုက်ရကာ
စကားပင်မဆိုးသေး လေထဲသို့
လွင့်ပျံတက်သွားလေသည်။

သူလည်း မထင်မှတ်ထားသဖြင့်
မလွတ်မြောက်နိုင်ခဲ့ပါ။

သို့မဟုတ်၊ တစ်နည်းဆိုရသော် သူတို့က
ခုခံနိုင်စွမ်း လုံးဝမရှိခဲ့တာပါ။

လုံယုရန် နှင့် အခြားသူများသည်
ထိတ်လန့်တုန်လှုပ်သွားကာ ယန်ယဲ့ကို

ကြည့်နေသော သူတို့၏အကြည့်များက လေးနက်မှုများအပြည့် သတိထားနေမှုများပါ ရှိနေသည်။

ထိုအချိန်တွင် အမျိုးသမီးက နောက်တစ်ကြိမ် မတ်တပ်ရပ်လိုက်၏။ ဒီအချိန်မှာ အမျိုးသမီး၏မျက်နှာ ညာဖက်ခြမ်းက ဝက်ခေါင်းလို ရောင်ရမ်းနေပါပြီ…။

သူမက အတော်လေး မိန်းမောနေပုံပါ။ အချိန်အတန်ကြာမှသာ လက်ရှိအခြေအနေကို သတိပြန်ဝင်လာသည်။ အမျိုးသမီးက

ယန်ယဲ့ကို မကျေမနပ် စိုက်ကြည့်ကာ

ဒေါသူပုန်ထကာ “နင် ငါ့ကို ရိုက်ရဲလိုက်တာ!

နင်ငါ့ကို တကယ်ထိရဲတာလား။

ငါ့ဝမ်းကွဲအစ်ကို နင့်ကိုသတ်လိမ့်မယ် ။

နင့်မိသားစုတစ်ခုလုံးကို သတ်ပစ်မယ်"

ဖြောင်း!

စကားပင်မဆုံးလိုက်ပေ။ ရှင်းလင်းသော

ပါးရိုက်သံတစ်ချက် ထွက်ပေါ်လာကာ

အမျိုးသမီးက နောက်တစ်ကြိမ်

လွင့်ပျံသွားလေတော့သည်။

ဒီတစ်ကြိမ်မှာတော့
သူမ၏မျက်နှာဘယ်ဖက်ခြမ်းက
ဖောင်းကြွလာပါသည်။ ထို့ကြောင့်
အမျိုးသမီးကဝက်ခေါင်းနှင့်တူသည်မဟုတ်ဘဲ
ပိုးတုံးလုံးနှင့်ပင်တူနေတော့သည်။

ယန်ယဲ့က အမျိုးသမီး ဆီ
တစ်လှမ်းချင်းလျှောက်လာပြီး
"မင်းနာမည်ဘယ်လိုခေါ်လဲ"

“နင်….” အမျိုးသမီးက ယန်ယဲ့ကို ဒေါသတကြီး စိုက်ကြည့်ကာ တစ်ခုခုပြောဖို့ ပြင်လိုက်၏။ သို့သော်လည်း ယန်ယဲ့က သူ၏ညာလက်ကို မြှောက်လိုက်ရာ အမျိုးသမီး၏နူးညံ့သိမ်မွေ့သောခန္ဓာကိုယ်လေးကို တုန်ယီသွားစေသည်။ သူမက စကားပြန်မပြောရဲတော့ဘဲ “ငါ… ငါ… ငါ့နာမည်က ရှပင်းဝေ ပါ။ ဖုန်းဝူချောင်က ငါ့ဝမ်းကွဲအစ်ကို...."

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "မင်းတို့မိသားစုက ဖောက်ပြန်ခဲ့တာ သိသာတယ်။ အဲ့ဒါကြောင့်

မင်းလိုလူတစ်ယောက်ကို
အခုလိုဖြစ်လာစေတာပဲ။
ငါလုပ်လေ့ရှိတဲ့အရာတွေအတိုင်းသာဆိုရင်
မင်းလိုလူတွေကို
ချက်ချင်းသတ်ပစ်မိမှာသေချာတယ်။
ဒါပေမယ်လို့ မင်းကို မှန်မှန်ကန်ကန်နဲ့
သင်ပြပေးဖို့ ဆုံးဖြတ်ပြီးပြီ။မင်း
ငါသင်ပြပေးတာကို လက်ခံမှာလား"

“ငါ….” ရှပင်းဝေက ငြင်းဆန်ဖို့ပြင်သော်လည်း
ယန်ယဲ့၏ညာလက်က
အနည်းငယ်လှုပ်သွားသည်ကို သတိပြုမိပြီး

ပါးစပ်ထောင့်များပြင်းထန်စွာ
လှုပ်ယမ်းသွားကာ “ငါ… ငါလက်ခံပါတယ်"

ယန်ယဲ့က ခေါင်းညိတ်ပြရင်း ပြုံးလိုက်ပြီး
ကျန်လူငယ် ၂ ယောက်ကို စိုက်ကြည့်ကာ
"မင်းတို့၂ ယောက်ကော ဘယ်လိုလဲ"

အဖွဲ့ကိုဦးဆောင်သူ
အဖြူရောက်ဝတ်လူငယ်က "ဖုန်းဝူချောင်က
မင်းသာ ရှပင်းဝေကို ဒီလိုမျိုး
ဆက်ဆံတာသိရင် ခွင့်လွှတ်မှာ မဟုတ်ဘူး"

ယန်ယဲ့က ရုတ်တရက် နေရာကနေ ပျောက်သွားပြီး အဖြူရောင်ဝတ်လူငယ်ရှေ့ရောက်သွားသည်။ထို့နောက်တွင်မူ လူတိုင်း ယန်ယဲ့ဟာ အဖြူရောင်ဝတ်လူငယ်၏ဆံပင်ကိုဆွဲပြီး မြေပြင်နှင့် ရိုက်ချလိုက်ကြောင်း မြင်တွေ့လိုက်ကြသည်။

ဘုန်း!

အဆက်မပြတ်ထုရိုက်နေပြီးနောက်

အကူအညီတောင်းခံသံများ၊

နာကျင်စွာအော်သံများထွက်ပေါ်လာကာ
မြေပြင်သည်လည်း အက်ကွဲသွားသည်။

အော်ဟစ်သံက ကျယ်လောင်စွာ
ထွက်ပေါ်နေပြီး အကြိမ် တစ်ဒါဇင်ကျော်အထိ
ထပ်ခါထပ်ခါ ရိုက်နှက်နေပုံရသည်။
မြေပြင်တစ်ခုလုံး ကွဲအက်သွားကာ
အဖြူရောင်ဝတ်လူငယ်၏အော်ဟစ်သံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။ “
အဝေးကကြည့်နေတဲ့ ညီအစ်ကိုတွေ၊ ငါတို့က
ဖုန်းဝူချောင်ရဲ့မိတ်ဆွေတွေပါ။ ငါတို့ကို
မင်းတို့လက်ဌားရင် အစ်ကိုဖုန်းဝူချောင်က

သေချာပေါက် ဆုချမှာပါ” ရုတ်တရက် အဝေးမှ အသံတစ်ခု ထွက်ပေါ်လာသည်။

၁၀၉၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၀ -

ကျေးဇူးသိတတ်သင့်တယ်မဟုတ်လား

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ ပတ်ဝန်းကျင်ရှိလူတိုင်း တုန်လှုပ်သွားကြသည်။ အထူးသဖြင့် ရှပင်းဝေ အတွက်၊ သူမ

အတော်လေး တုန်လှုပ်သွားခဲ့ပါသည်။
ခန္ဓာကိုယ်တစ်ခုလုံး ပင်လျှင် သိသိသာသာ
တုန်ယီလာပါတော့သည်။
တစ်ချိန်တည်းမှာပင် သူမ ယန်ယဲ့၏သင်ပြမှုကို
သဘောတူလိုက်သည်က ကံကောင်းသည်ဟု
ခံစားလိုက်ရသည်။

“ငါ… ငါ… ငါလက်ခံတယ်….” မြေပြင်ဆီမှ
အားပျော့သော အသံတစ်သံ
ထွက်ပေါ်လာသည်။

ယန်ယဲ့က ရပ်လိုက်ပြီး ထိုလူငယ်ကို ဘေးသို့ ပစ်ချလိုက်သည် ။ ဤအခိုက်အတန့်တွင် လူငယ်၏ တစ်ကိုယ်လုံး ရောင်ရမ်းနေပြီး သူ၏ အလင်းဝင်ပေါက် ခုနစ်ပေါက်မှ သွေးများ စီးကျနေသည်။ ကံကောင်းထောက်မစွာ လူငယ်က အသက်ရှင်နေပါသေးသည်။

ယန်ယဲ့က သူ့လက်နှစ်ဖက်ကို ပွတ်သပ်ပြီးပြောလိုက်လေသည်။ "ဒါဆို ပိုကောင်းတာမဟုတ်ဘူးလား။ မင်းငါ့ကို လက်သီးနဲ့ထိုးခိုင်းတာ ဘာကြောင့်လဲ" ဒီအထိစကားပြောပြီးချိန်မှာတော့

မီးခိုးရောင်ဝတ်လူငယ်ကို ထပ်မံ
စိုက်ကြည့်နေသည်။

မီးခိုးရောင်ဝတ်လူငယ်က တုန်တုန်ယင်ယင်နဲ့
“ငါ… သင်ယူဖို့ ဆန္ဒရှိတယ်။
လုံးဝဆန္ဒရှိပါတယ်...."

ယန်ယဲ့က ခေါင်းညိတ်ပြီး ပြုံးလိုက်သည်
“ကောင်းလိုက်တာ၊ မင်းမှာ
အလားအလာရှိတယ်။ အခုပဲ
ဖြစ်ပျက်ခဲ့တာတွေအကြောင်း
ပြောကြရအောင်။ ငါတို့က မင်းတို့အားလုံးကို

ကယ်တင်ခဲ့တယ်။ ဒါပေမယ်လို့ မင်းတို့က ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောဆိုဖို့ ငြင်းဆိုခဲ့ရုံတင်မကဘူး၊ ငါတို့ကို လှည့်စားပြီး ငါတို့ရဲ့ပိုင်ဆိုင်မှုတွေကိုပါ သိမ်းယူချင်ခဲ့တာ။ ငါ့ကိုပြောပါ... ဒါမျိုးလုပ်သင့်ရဲ့လား"

အားလုံး ကမန်းကတန်း ခေါင်းယမ်းလိုက်ကြသည်။

ယန်ယဲ့က ဆက်ပြောလေသည် "မင်းတို့မှာ တခြားသူတွေရဲ့အကူညီမှုကြောင့် အားလုံး မကြောက်ဘူးဆိုတာ ငါသိတယ်။ ဒါပေမဲ့

ရက်စက်ကြမ်းကြုတ်တဲ့လူ ဒါမှမဟုတ်
ကျောထောက်နောက်ခံ
ကြီးကြီးမားမားရှိတဲ့သူနဲ့တွေ့ရင်
မင်းတို့အားလုံး ဘယ်လိုသေရမလဲဆိုတာ
စဉ်းစားဖူးကြလား။ ဒီအချိန်လိုပါပဲ၊
ငါ့ခွန်အားက မင်းတို့အားလုံးထက်
သာလွန်တယ်။ ကျိုးကြောင်းဆီလျော်အောင်
ညှိနှိုင်းခဲ့ရင် အားလုံး အဆင်ပြေသွားမှာ
မဟုတ်ဘူးလား”

“မှန်တယ်… မင်းမှန်တယ်။ လုံးဝမှန်တယ်..”
မီးခိုးရောင်ဝတ်လူငယ်က အမြန်ခေါင်းညိတ်
သဘောတူလိုက်သည်။

ယန်ယဲ့က အဖြူရောင်ဝတ်ရုံလူငယ်နှင့်
ရှပင်းဝေ ကို ကြည့်ပြီး
"မင်းတို့နှစ်ယောက်ကော ဘယ်လိုထင်လဲ"

"အင်း…နင်ပြောတာမှန်တယ်"
ရှပင်းဝေ၏အသံသည် ယန်ယဲ့
ဒေါသထွက်မှာကို အလွန်ကြောက်နေသကဲ့သို့
လုံးဝကို ပျော့ပြောင်းလှသည်။

“မှန်တယ်….”
အဖြူရောင်ဝတ်လူငယ်၏အသံသည်
အလွန်အားနည်းသွားပြီး
သေလုမျောပါးဖြစ်နေပုံပါ။

ယန်ယဲ့က ခေါင်းညိတ်ပြီး “မင်းတို့ ၃
ယောက်လုံးက မှန်တယ်လို့ထင်တဲ့အတွက်
ငါ့ကိုပြောပါ။ ငါတို့ ကယ်တင်တာခံရပြီးရင်
မင်းတို့ဘာလုပ်သင့်လဲ"

"မင်းရဲ့ကြင်နာမှုကို ငါတို့ပြန်ဆပ်သင့်တယ်" မီးခိုးရောင်ဝတ်လူငယ်က သားရဲအမြုတေ (၅)လုံးကို အမြန်ထုတ်ယူလိုက်ပြီး ယန်ယဲ့ထံ ပေးပို့လိုက်ကာ "လူတစ်ယောက်ဟာ ကျေးဇူးကန်းလို့မရပါဘူး။ မင်း ငါတို့ကို ကယ်တင်ခဲ့တာမို့ မင်းရဲ့ကြင်နာမှုကို ငါတို့ ပြန်ဆပ်သင့်တယ်.... အစ်ကိုကြီး၊ ဒါတွေက စောစောက ငါရခဲ့တဲ့ သားရဲအမြုတေတွေပါ။ မင်း အဲဒါတွေကို လက်ခံရမယ်။ မင်းမလုပ်ရင် ငါ့ကိုယ်ငါ အထင်အမြင်သေးသလိုမျိုး ဖြစ်သွားလိမ့်မယ်..."

ယန်ယဲ့က တစ်ချက် ရယ်ပြီး
"မင်းနာမည်ဘယ်လိုခေါ်လဲ"

မီးခိုးရောင်ဝတ်လူငယ်က "အစ်ကိုကြီး!
ငါ့နာမည်က မူဆာ”

"မူဆာ တဲ့လား" ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“ဒါက နာမည်ကောင်းပဲ။ မင်းမှာ
အလားအလာရှိတယ်"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏အ
ကြည့်သည် အဖြူရောင်ဝတ်ရုံလူငယ် နှင့်

ရှပင်းဝေ ထံ ရောက်သွားသည်။ ရှပင်းဝေက ခဏာတာတုံ့ဆိုင်းသွား၏။ ထို့နောက် သားရဲအမြုတေ (၅)လုံးကို ထုတ်ယူကာ ယန်ယဲ့ ထံ ပေးလိုက်ပြီး "ကျေးဇူးတင်ပါတယ်...."

အဖြူရောင်ဝတ်ရုံလူငယ်ကလည်း တုန်ရီနေသောလက်ဖြင့် သားရဲအမြုတေ (၅)လုံးကို ပေးအပ်လိုက်သည်...။

ယန်ယဲ့သည် သားရဲအမြုတေများကို လက်ခံယူပြီး

"ကောင်းလိုက်တာ၊ မင်းတို့အားလုံးက ငါကယ်ရကြိုးနပ်ပါတယ်လေ။ ငါ့ရဲ့ကြိုးစားအားထုတ်မှုကိုလည်း မဖြုန်းတီးခဲ့ဘူး"

ဒီစကားများ ပြောနေရင်း သားရဲအမြုတေ (၃)လုံးစီကို လုံယူရန် နှင့် အခြားသူများကို ပစ်ပေးလိုက်ကာ

"ဒါက ငါတို့ရဲ့လျော်ကြေးပဲ။ မရှက်ပါနဲ့"

လုံယုရန် နှင့် အခြားလူများသည်
သူ့စကားကြောင့်
ဘာပြောရမှန်းပင်မသိတော့ပေ။

"ဟီးဟီး။ ဒီမှာ ဘာဖြစ်တာလဲ" ရုတ်တရက်
ရယ်သံတစ်ချက်ထွက်လာပြီးနောက်
ဓားတစ်လက်ကိုင်ထားသည့်
လူငယ်တစ်ယောက် သူတို့ရှေ့မှာ
ပေါ်လာခဲ့သည်။

ထိုလူငယ်က ပတ်ဝန်းကျင်ရှိ
နတ်ဆိုးသားရဲအသေကောင်များကို

စိုက်ကြည့်ကာ “ဒီနေရာက ထွက်လာတဲ့
အသံတွေ အများကြီးကြားလိုက်တယ်၊
ဒါကြောင့် တစ်ယောက်ယောက်က
နတ်ဆိုးသားရဲတွေနဲ့ သေချာပေါက်
တွေ့နေပြီဆိုတာ သိလိုက်တာပဲ။
ကံဆိုးလိုက်တာ၊ ငါနောက်ကျနေသေးတယ်"
လူငယ်က ဤစကားများပြောနေရင်း
အဆုံးတွင် သူ့အကြည့်က ရှပင်းဝေ အပေါ်သို့
မရောက်ခင် ယန်ယွဲ့တို့အုပ်စုကို
တစ်ချက်ကြည့်လိုက်သည်။ "မင်း... မင်း
ရှပင်းဝေ လား"ဟုပြောရင်း သူ့မျက်လုံးထဲ၌

အံ့အားသင့်စရာ အရိပ်အယောင်များ ရှိနေသည်။

ရှပင်းဝေက ကမန်းကတန်း ခေါင်းညိတ်ပြီး "အစ်ကိုကြီး ယုဖုန်း! .... ငါ...." ဟု ပြောပြီးချိန်မှာတော့ ပါးပြင်ပေါ်ကနေ မျက်ရည်များ ချက်ချင်း စီးကျလာပါတော့သည်။ သို့သော်လည်း စကားတစ်ခွန်းမှ မပြောရဲပေ။

ထိုမြင်ကွင်းကြောင့် လူငယ်က
မျက်နှာပျက်သွားပြီး “ဘယ်သူလုပ်တာလဲ”
ဟုမေးလိုက်သည်။

“ငါ….” ရှပင်းဝေ၏မျက်ရည်များသည် ပို၍ပင်
လျင်မြန်စွာ စီးကျလာသည်။

ယန်ယွဲ့သည် သူမမျက်နှာပေါ်မှ
မျက်ရည်များစီးကျလာသည်ကိုမြင်လိုက်ချိန်တွ
င် သူက အပြစ်တစ်ခုကျူးလွန်မိသလို
အနည်းငယ်ခံစားမိသွားသည်။

နတ်ဘုရားများ၏ကောင်းချီးကိုပင် ခံယူမည့်
သူမကို သူက တစ်ခုခုလုပ်လိုက်သလိုပင်။

လူငယ်၏မျက်နှာသည် လုံးဝအံ့မှိုင်းသွားသည်။
သူကယန်ယဲ့ နှင့်အုပ်စုကို
တစ်ချက်ကြည့်လိုက်ပြီး "စိတ်မပူပါနဲ့။ မင်းက
အစ်ကိုဖုန်း ရဲ့ဝမ်းကွဲညီမမို့ ငါ့ဝမ်းကွဲညီမပဲ။
မင်းကို အနိုင်ကျင့်တဲ့သူက ငါနဲ့ အစ်ကိုဖုန်းကို
အနိုင်ကျင့်တာနဲ့အတူတူပဲ။ ဘယ်သူက မင်းကို
အနိုင်ကျင့်တာလဲဆိုတာ ပြောပါ။ အဲဒီလူက
စီရင်စုရဲ့ ထိပ်သီးပါရမီရှင် ၅ ယောက်နဲ့

သိနေရင်တောင် ဒီနေ့မင်းအတွက်
တရားမျှတမှုကို ငါရှာပေးမယ်"

ရှပင်းဝေက ပါးပြင်ပေါ်သို့ မျက်ရည်များ
ဆက်လက်စီးကျနေချိန်တွင် ခေါင်းယမ်းကာ
မျက်လုံးပြူးပြီး ယုဖုန်းကို
အတတ်နိုင်ဆုံးတားဆီးလိုက်လေသည်။

သူမ ပြဿနာရှာခဲ့သည့်လူက
မည်မျှထိကြောက်စရာကောင်းသည်ကိုမသိ
သော်လည်း ၎င်းဟာ ယုဖုန်း
ရင်ဆိုင်နိုင်သူမဟုတ်ပေ။

ကံဆိုးစွာပဲ ယုဖုန်း၏မျက်နှာသည် ပို၍ပင်
ပြင်းထန်လာသည်။ သူက
ယန်ယဲ့နှင့်သူ့လူများကို ကြည့်လိုက်ပြီး
“မင်းတို့ဘယ်လိုတွေတောင်
သတ္တိကောင်းနေတာလဲ။ သူ့ကို
အနိုင်ကျင့်လိုက်ကတည်းက
သူမဘယ်သူလဲဆိုတာ မင်းသိလား။ သူမက
ဖုန်းဝူချောင်ရဲ့ဝမ်းကွဲညီမ ပဲ။ ဖုန်းဝူချောင်က
ဘယ်သူလဲ သိလား။ သူက ငါတို့
တိမ်ပင်လယ်အကယ်ဒမီရဲ့
အပြင်စည်းခြံဝန်းမှာ
အနာဂတ်နံပါတ်တစ်ပါရမီရှင်နော်”

စကားပြောနေစဉ်မှာပဲ သူက ယန်ယဲ့နှင့် အခြားသူများကို တစ်ချက်ကြည့်လိုက်ပြီး "ဘယ်သူလုပ်တာလဲ။ကိုယ့်ကိုယ်ကို ရှေ့ထွက်ပြီး လက်တွေဖြတ်လိုက်။ မဟုတ်ဘူး၊ ခြေတွေ၊လက်တွေ အကုန်ဖြတ်။ ပြီးရင် ညီအစ်ကိုဖုန်း ရောက်လာတဲ့အထိကို စောင့်”

လုံယုရန် နှင့် အခြားသူများသည် ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့က ခေါင်းခါပြီး “ငါ့ဆီက သင်ယူချင်တဲ့ တခြားတစ်ယောက်ရှိနေတာထင်တယ်။ အခု

မင်းကို မေးခွန်းတစ်ခု မေးရဦးမယ်။ မင်းလည်း ငါ့ဆီက ပညာသင်ယူဖို့ ဆန္ဒရှိလား"

ထိုစကားကို ကြားလိုက်သည့်အခါ မြေပြင်ပေါ်တွင် လဲကျနေသော အဖြူရောင်ဝတ်ရုံလူငယ်၏ခန္ဓာကိုယ်သည် ချက်ချင်းပင် တုန်လှုပ်သွားတော့သည်။

"ပညာသင်ယူရမှာလား" ယုဖုန်း၏ပုံရိပ်က ယန်ယွဲ့ဆီသို့ လွင့်မျောလာပြီး "ငါက ဘာပညာမှ မလိုဘူး၊ ဒါပေမဲ့ မင်းက မလုပ်သင့်တာကို လုပ်နေတယ်။ ဒီနေ့တော့

မင်းအမေကိုယ်စား မင်းကို
ပညာသင်ပေးရမယ်"

အုန်း!

ပုံရိပ်တစ်ခုက ချက်ချင်းပင် လေထဲသို့
လွင့်ပျံသွား၏။ မှန်းကြည့်စရာပင်မလိုပါ၊
ထိုပုံရိပ်က ယုဖုန်း ပင် ဖြစ်သည်။

"တစ်ချက်တည်းနဲ့။
တစ်ချက်တည်းနဲ့တွယ်လိုက်ပြန်ပြီ"

ဤအခိုက်အတန့်တွင် အားလုံး
မတုန်လှုပ်တော့ဘဲ လုံးလုံး
အံ့သြသွားကြသည်။ ယုဖုန်းက
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်မြင့် ဖြစ်သည်။
သို့သော်လည်း သူက
ထိုလူ၏လက်သီးတစ်ချက်ကိုပင်
ခုခံနိုင်စွမ်းမရှိခဲ့ပေ။

"သူက ဘယ်လောက်တောင် သန်မာနေသလဲ"

ယုဖုန်းက မြေပြင်ပေါ်သို့ ပြုတ်ကျလာရင်း
လုံးဝ မှင်တက်သွားသည်။

အဘယ်ကြောင့်ဆိုသော် သူ့ခန္ဓာကိုယ်တစ်ခုလုံး လွင့်ပျံထွက်မသွားခင် ယန်ယဲ့ ဘယ်လိုတိုက်ခိုက်လိုက်သည်ကို မမြင်လိုက်သောကြောင့်ပါ။

အချိန်တော်တော်ကြာသည့်နောက် ယုဖုန်းက မတ်တပ်ထရပ်လိုက်သည်။ ထိုအခိုက် ယန်ယဲ့က သူ့ရှေ့ရောက်လာပြီး ယုဖုန်း၏ဆံပင်များကို ဆုပ်ကိုင်လိုက်ကာ "မင်းကြည့်ရတာ တကယ်ပညာမလိုဘူးထင်တယ်"

သူပြောပြီးသည်နှင့် ယုဖုန်းကို ဆွဲမြောက်
မြေပြင်နှင့် ထုရိုက်လိုက်သည်။

ဘုန်း!

ယန်ယဲ့က ယုဖုန်း၏ခန္ဓာကိုယ်ကို ဆွဲမကာ
မြေပြင်နှင့် အကြိမ် ၁၀၀ နီးပါး
ထုရိုက်ပေးလိုက်သည်။

အစပိုင်းတွင် ယုဖုန်းက
နာကျင်စွာအော်ဟစ်နေသေးသည်။

သို့သော်လည်း ခဏအကြာတွင်မူ
အသံပင်မထွက်နိုင်တော့ပေ။

ယန်ယဲ့သည် ယုဖုန်း၏ခေါင်းကိုကိုင်ထားပြီး
ရုတ်တရက် အားကုန်ဖြစ်ညှစ်ကာ
အဝေးသို့လွှင့်ပစ်လိုက်သည်။ ထို့နောက် သူက
ရှပင်းဝေ တို့ အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး
"တွေ့လား...။ နိမ့်ကျတဲ့အဆင့်အတန်းကို
ဘယ်လိုထိန်းသိမ်းရမလဲဆိုတာ မသိရင်၊
အဲဒါက မင်းတို့အားလုံးအတွက်
ဖြစ်နိုင်ချေများတယ်”

ရှပင်းဝေ နှင့် အခြားသူများ ချက်ချင်း
တုန်လှုပ်သွားကြသည်။ ဒီတစ်ကြိမ်မှာတော့
အားလုံး အမှန်တကယ်
ကြောက်ရွံ့သွားကြသည် ။

"မင်းပြောတာအရမ်းမှန်တယ်" ရုတ်တရက်
လူငယ်တစ်ယောက် အဝေးကနေ လမ်း
လျှောက်လာသည်။

လူငယ်က အနက်ရောင်ဝတ်စုံကို
ဝတ်ဆင်ထားပြီး လည်ပင်းတွင် အရှည် ၁၀
စင်တီမီတာကျော် အမာရွတ် ရှိနေသည်။
ထိုအရာက အတော်လေးကို

ကြောက်စရာကောင်းသည့် မြင်ကွင်းပါ။
ဤအခိုက် လူငယ်၏မျက်လုံးများသည်
ယန်ယဲ့ကို စူးစိုက်ကြည့်နေပြီး
ကြောက်မက်ဖွယ်ရာ သတ်ဖြတ်လိုစိတ်များ
ရှိနေသည် ။

အနက်ရောင်ဝတ်လူငယ်၏ ဘေးနားမှာတော့
အစိမ်းရောင်ဝတ်လူငယ်တစ်ဦး ရှိနေသည်။
အစိမ်းရောင်ဝတ်လူငယ်သည်
နောက်ကျောတွင်
ဓားသေတ္တာတစ်ခုလွယ်ထားကာ သူ့မျက်နှာက

အေးစက်စက်အမူအရာများ အပြည့်ရှိနေသည်။

၁၀၉၁

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၁ - အကြီးအကဲရှီ

“ဝမ်းကွဲအစ်ကို….” ရှပင်းဝေ၏မျက်လုံးများမှ မျက်ရည်များ တလဟောစီးကျလာကာ ချက်ချင်းပင် ဖုန်းဝူချောင်၏ရင်ခွင်ထဲသို့

ခုန်ဝင်ကာ တင်းတင်းကြပ်ကြပ်
ဖက်ထားလိုက်သည်။ ဒီအချိန်မှာ
သူမ၏မျက်နှာက မျက်ရည်များ
စမ်းရေအလားတသွင်သွင် စီးကျလာသည်။

လုံယုရန် နှင့် အခြားသူများ၏ အမူအရာများ
သိသိသာသာ ပြောင်းလဲသွားကာ
အနက်ရောင်ဝတ်လူငယ်ကို အံ့အားသင့်စွာ
စိုက်ကြည့်နေကြသည်။
အနက်ရောင်ဝတ်လူငယ်က ဒဏ္ဍာရီဆန်သော
ဖုန်းဝူချောင် ဖြစ်နေလိမ့်မည်ဟု သူတို့
မထင်ထားကြပေ။

ဖုန်းဝူချောင်က စီရင်စု၏ထိပ်သီးပါရမီရှင်

(၅)ဦးလောက် မကျော်ကြားသော်လည်း

တိမ်ပင်လယ်မြို့တော်တစ်ဝိုက် ကီလိုမီတာ

ရာနှင့်ချီသော ဧရိယာတွင်း

အလွန်လူသိများသည်။ သူသည်

ချီးမြှောက်ခြင်းနယ်ပယ်သာ ဖြစ်သော်လည်း

အတိတ်တစ်ချိန်က

သူတော်စင်တစ်ပိုင်းအဆင့်ကို

တိုက်ခိုက်ခဲ့ဖူးသည်။

လုံယုရန် နှင့် အခြားသူများသည် အတော်လေး
သန်မာသော်လည်း သူတို့နှင့်
သူတော်စင်တစ်ပိုင်းအဆင့်ကြား
ကွာဟချက်က အလွန်ကြီးမားဆဲဖြစ်သည်။
ဖုန်းဝူချောင်က သူတို့ မော်ကြည့်နိုင်သည့်
တည်ရှိမှုသာ ဖြစ်ခဲ့သည်။ထို့ကြောင့် သူတို့က
ငြိမ်သက်စွာ မနေဝံ့တော့ဘဲ
ရှပင်းဝေ၏အဖွဲ့နှင့်
ပူးပေါင်းဖို့ပင်တွေးမိလိုက်ကြသည်။

ယခုအချိန်တွင် ဖုန်းဝူချောင်ကို မြင်လိုက်သဖြင့်
မကြောက်ဟု ပြောနေပါက လုံးဝကို

အလိမ်အညာစကားသာဖြစ်ပါလိမ့်မည်။

သို့သော် သူတို့က ဖုန်းဝူချောင်ကို ကြောက်နေသည့်တိုင် တစ်ယောက်မှ ရှေ့မထွက်ရဲကြပေ။ ထိုအစား သုံးယောက်လုံး ယန်ယဲ့အနားတိုးကပ်လာပြီး အဆုံးထိတိုင်အောင်ထောက်ခံဖို့သာ ရွေးချယ်ကြသည်။

အနက်ရောင်ဝတ်လူငယ်က ရှပင်းဝေ၏နောက်ကျောကို ဖြည်းညှင်းစွာ ပွတ်သပ်ရင်း "မကြောက်နဲ့။ အစ်ကို

ဒီမှာရှိနေတုန်း မင်းကိုဘယ်သူမှ
အနိုင်ကျင့်လို့မရဘူး"

ရှုပင်းဝေက ယန်ယွဲ့ကို လက်ညှိုးထိုးပြရင်း
ငိုသည်။ သို့သော်လည်း ယန်ယွဲ့၏အကြည့်ကို
သတိပြုမိသောအခါ သူမလက်ကို
အမြန်ပြန်ရုတ်လိုက်ပြီး  စကားမပြောဝံ့ဘဲ
ဆက်ငိုနေလေသည်။

"ဒီလောက်တောင်ကြောက်သွားတာ....၊
ဝမ်းကွဲညီမလေးက ဘယ်လောက်ထိ

ရက်ရက်စက်စက် အနိုင်ကျင့်ခံခဲ့ရတာလဲ"
အနက်ရောင်ဝတ်လူငယ်၏ မျက်နှာသည်
ပို၍ပင် မည်းမှောင်လာသည်။ သူက
ခေါင်းမော့ကာ ယန်ယဲ့ကိုစိုက်ကြည့်လာပြီး
"သူမ ငယ်ငယ်ကတည်းက ငါတောင် သူ့ကို
ဆူပူကြိမ်းမောင်းဖို့ နှလုံးသားမရှိခဲ့ဘူး၊ ဒါပေမဲ့
မင်း သူ့ကို တကယ်ရိုက်ရဲတယ်။ ဟားဟား!
ငါ့ကိုပြောပါ မင်းဘယ်လိုသေချင်လဲ"

ယန်ယဲ့က ရှပင်းဝေကို စိုက်ကြည့်ပြီး "ငါ
မင်းကို အနိုင်ကျင့်ခဲ့တာလား"

ယန်ယဲ့သည် သူမကို
စိုက်ကြည့်နေသောကြောင့်
ရှပင်းဝေဇေါ်ခန္ဓာကိုယ်လေးက တုန်ယီနေကာ
အသံတစ်ချက်မျှပင် မထွက်ဝံ့တော့ပေ။

ယန်ယဲ့က ပုခုံးတွန့်ပြီး "တကယ်တော့ ငါက
သူ့အကျိုးအတွက် လုပ်ခဲ့တာပဲ"

"သူ့ကောင်းစားရေးအတွက်
မင်းသူ့ကိုရိုက်တာလား" ဖုန်းဝူချောင်က
ဒေါသတကြီးနှင့် “ကောင်းပြီ!

အရမ်းကောင်းတယ်! မာနကြီးတဲ့လူက ဘယ်လိုလဲဆိုတာ ငါသိချင်တယ်” ဤစကားများပြောလိုက်ရင်း ရှပင်းဝေကို အသာလေးဖယ်လိုက်ပြီး ယန်ယွဲ့ ဆီသို့ လျှောက်သွားကာ "ကဲ၊ မင်းရဲ့အကျိုးအတွက် ငါလည်း လုပ်ချင်တယ်"

သို့သော် ဒီအချိန်မှာ အဝေးကနေ အသံတစ်သံထွက်လာသဖြင့် ဖုန်းဝူချောင်လည်း ခဏရပ်လိုက်ရသည်။ အသံက "အရှူး၊ နင့်ကို ဘယ်သူက

စော်ကားတာလဲ။နင့်ကြည့်ရတာ
အရမ်းဒေါသထွက်နေပုံပဲ"

အသံ နီးလာသည်နှင့် တပြိုင်နက်
အမျိုးသမီးတစ်ဦး က ဤနေရာသို့
ရောက်လာသည်။ အမျိုးသမီးသည်လည်း
အနက်ရောင်ဝတ်ရုံကိုဝတ်ဆင်ထားပြီး
လက်ထဲ၌ အနက်ရောင်ထီးတစ်လက်ကို
ကိုင်ထားကာ သူမ၏မျက်နှာပေါ်တွင်
ချစ်စဖွယ်အပြုံးတစ်ခု ချိတ်ဆွဲထားသည်။

ဖုန်းဝူချောင်က အံ့အားသင့်နေသောလေသံဖြင့်
"မိုရှင်းယု လား "

မိုရှင်းယု ဟုခေါ်သော အမျိုးသမီးက ပြုံးပြီး
စကားမပြောခင် ရှပင်းဝေကို ခဏလောက်
ငေးကြည့်ရင်း “စိတ်ဝင်စားဖို့ကောင်းတယ်။
နင့်ရဲ့အဖိုးတန်ဝမ်းကွဲညီမကို
တစ်ယောက်ယောက်က တကယ်ထိရဲတယ်"
ဒီအထိစကားပြောပြီးချိန်မှာတော့ ယန်ယဲ့ကို
လှည့်ကြည့်လိုက်ပြီး "နင်လုပ်လိုက်တာလား"

ယန်ယဲ့သည် မိုရှင်းယုကို
တစ်ချက်ငေ့ကြည့်လိုက်ရင်း
ခေါင်းညိတ်လိုက်သည်။

ပြောစရာမလိုအောင်ပင်၊ ဖုန်းဝူချောင် နှင့်
ဤမိုရှင်းယု က ထူးခြားလှသည်။
နှစ်ယောက်လုံးက
အဆင့်နိမ့်ချီးမြှောက်ခြင်းနယ်ပယ်
ဖြစ်သည့်တိုင်အောင် သူတို့၏အော်ရာက
သိုင်းကျောဇ်အချို့ထက်ပင်
ပိုသန်မာနေသေးသည်။

မိုရှင်းယု၏ပါးစပ်ထောင့်တွင် ပြင်းထန်သော အပြုံးတစ်ခု ထွက်ပေါ်လာသည် "မိန်းမတွေကို ရိုက်နှက်တတ်တဲ့ ယောကျ်ားတွေကို ငါမုန်းတယ်။ ဘာကြောင့်လုပ်လုပ် သေဒဏ်နဲ့ ထိုက်တန်တယ်"

ထိုစကားပြောပြီးသည်နှင့်တစ်ပြိုင်နက် သူမ၏လက်ထဲမှထီးကို တစ်ချက်ယမ်းလိုက်ရာ ဒါဇင်ချီသော ငွေရောင်အလင်းတန်းများ လင်းလက်လာပြီး ယန်ယွဲ့ဆီသို့ ပေါက်ကွဲထွက်လာသည်။

ယန်ယဲ့က ထူးခြားဟန်မပြပေ။
သူ၏ညာလက်ကိုအသာ ဝှေ့ယမ်းလိုက်ရာ
ငွေရောင်အလင်းတန်းများက ချက်ချင်းပင်
လုံးလုံးလျားလျား ပျံ့ကျဲသွားသည်။

ဤမြင်ကွင်းကို မြင်သောအခါ မိုရှင်းယု နှင့်
ဖုန်းဝူချောင် တို့နှစ်ယောက်စလုံး မျက်လုံးများ
အနည်းငယ် ကျဉ်းမြောင်းသွားသည်။

"အစ်ကိုဖုန်း၊ အလှမယ်မို။
မင်းတို့ကိုကြည့်ရတာ

ထူးခြားတဲ့ပညာရှင်တစ်ယောက်နဲ့
တွေ့နေတာထင်တယ်" ထိုအချိန်တွင်
အစိမ်းရောင်ဝတ်လူငယ်က စကားစလာသည်
“ငါက ဝင်စွက်ဖက်ဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့
အလှမယ်မို နဲ့တော့
ငါစိတ်သဘောထားချင်းတူတယ်။
ဘာပဲဖြစ်ဖြစ် မိန်းမတွေကို ရိုက်နှက်တာက
မှားတယ်”

သူစကားပြောနေစဉ်တွင်
အစိမ်းရောင်ဝတ်လူငယ်က
လက်ညှိုးနှင့်လက်ခလယ်ကိုဖိကပ်ကာ

ယန်ယဲ့ဆီသို့ ညွှန်လိုက်သည်။
သူ့နောက်ကျောရှိ ဓားသေတ္တာထဲကနေ
ဓားအလင်းတန်းများ ဖြာထွက်လာသည်။
ထို့နောက် ဓားအလင်းတန်းများက
ကောင်းကင်ယံအထက်ကနေ
နတ်လျှပ်စီးကြောင်းများ
ကျဆင်းလာသကဲ့သို့ပင်၊ ယန်ယဲ့ ဆီသို့
စုပြုံကျဆင်းလာပါတော့သည်။

"အဆင့် ၉ အထွတ်အထိပ် ဓားစိတ်ဆန္ဒ"
ဤမြင်ကွင်းကြောင့် မိုရှင်းယု နှင့် ဖုန်းဝူချောင်

တို့၏မျက်လုံးထဲတွင်
လေးနက်သောအမှုအရာများပေါ်လာခဲ့သည်။

သို့သော်လည်း ယန်ယဲ့သည် လက်နှစ်ချောင်းကို
ဆန့်ထုတ်ကာ ပေါ့ပေါ့တန်တန်
ဆုပ်ကိုင်ထားသည်။ အဆင့် ၉ ဓားစိတ်ဆန္ဒဖြင့်
မြှင့်တင်ထားသည့် ဓားက
သူ့လက်ချောင်းနှစ်ခုကြားတွင်
စက္ကူတစ်ရွက်အလား ကပ်ညိနေလေသည်။

ယန်ယဲ့က ခေါင်းခါလိုက်ပြီး
"မင်းရဲ့ခြားစိတ်ဆန္ဒက လုံလုံလောက်လောက်
အားမကောင်းသေးဘူး။
များများလေ့ကျင့်ရမယ်...."

အားလုံး စကားမပြောနိုင်ကြ။

ဒီတစ်ကြိမ်မှာတော့
လူတိုင်း၏မျက်လုံးများသည်
လေးနက်သောအမူအရာ အပြည့်နှင့်ပါ။

အထူးသဖြင့် အစိမ်းရောင်ဝတ်လူငယ် ပါ။
သူ့မျက်နှာက လုံးဝကိုလေးနက်နေပါသည်။

ဒီအချိန်မှာပဲ ယန်ယွဲ့သည်
သူ၏လက်ချောင်းများကို ပွတ်ဆွဲလိုက်ရာ
ဓားက အစိမ်းရောင်ဝတ်လူငယ်ဆီသို့
အလင်းတန်းတစ်ခုသဖွယ်
တန်ပြန်တိုးဝင်သွားလေသည်။
အစိမ်းရောင်ဝတ်လူငယ်၏အမူအရာက
ပြောင်းလဲသွားပြီးနောက် သူ့ခန္ဓာကိုယ်ထဲရှိ
ဆန်းကြယ်ချီစွမ်းအင်များက
သူညာဖက်လက်ထဲသို့ တိုးဝင်လာသည်။

ထို့နောက် သူ့လက်က ရှေ့ကို
ဆန့်ထွက်သွားကာ ပျံ့သန်းဝင်လာသော ဓားကို
ဖမ်းကိုင်လိုက်သည်။

အောင်း!

ဓားက ပြင်းထန်စွာတုန်ခါသွားပြီး
အစိမ်းရောင်ဝတ်လူငယ်၏ ညာဖက်လက်ဟာ
ချက်ချင်းပင် ကွဲထွက်သွားပါတော့သည်။
ထို့အပြင် ဓားကနေ သယ်ဆောင်လာသော
တန်ပြန်အားလှိုင်းက

အစိမ်းရောင်ဝတ်လူငယ်ကို
နောက်အတော်ဝေးဝေးထိ
လွင့်ထွက်သွားစေသည်။

"မင်း....' အစိမ်းရောင်ဝတ်လူသယ်က
ယန်ယွဲ့ကို အံ့အားသင့်စွာ စိုက်ကြည့်ရင်း
နောက်ဆုံးတွင် သူ့ကိုယ်သူ ရပ်တန့်လိုက်သည်။
ဒီအချိန်မှာ သူက
ယန်ယွဲ့၏တိုက်ခိုက်မှုတစ်ချက်ကိုပင်
ခံနိုင်ရည်မရှိသော ကြောင့် ယုံကြည်မှု
ပြိုလဲသွားသည်။

ဖုန်းဝူချောင်က "မင်းက ဘယ်သူလဲ"

ယန်ယဲ့က ပြုံးပြီး "ဘာလို့ တွေးမကြည့်တာလဲ"

“ခန့်မှန်းဖို့ မလိုပါဘူး။ မင်းက စမ်းသပ်ပွဲမှာ လုံးဝမပါဝင်ဘူး" ရုတ်တရက် အသံတစ်ခု ထွက်ပေါ်လာပြီးနောက် အဘိုးအိုတစ်ယောက်က လူတိုင်းရှေ့တွင် ပေါ်လာသည်။

"အကြီးအကဲရှီ" ဤနေရာမှ လူတိုင်း
အဘိုးအိုအား လေးလေးစားစား
ဦးညွှတ်ကြသည်။ ဖုန်းဝူချောင်
တို့လိုမောက်မာနေသူများပင် ခြွင်းချက်မရှိပေ။
အကြီးအကဲရှီ က
အပြင်စည်းခြံဝန်း၏အကြီးအကဲတစ်ဦးသာဖြစ်
သော်လည်း အပြင်စည်းခြံဝန်းတွင်
အာဏာစက်ကြီးမားသည်။ အားလုံးက
စမ်းသပ်ပွဲ၌ ပါဝင်နေသူဖြစ်ရာ မကြာခင်
သူတို့ဝင်ရတော့မည့် အပြင်စည်းခြံဝန်းက
အကြီးအကဲတစ်ယောက်ကို
မစော်ကားဝံ့ကြပေ။

ယန်ယဲ့က အဘိုးအိုကို တစ်ချက်ကြည့်လိုက်ပြီး
“မင်းက ဘယ်သူလဲ” ဟုမေးလိုက်ပါသည်။

အဘိုးအိုက လျှောင်ပြောင်ရယ်မောလေသည်
“ငါ့လို အပြင်စည်းခြံဝန်းရဲ့
အကြီးအကဲကိုတောင် မမှတ်မိဘူးလား။
ဘယ်လောက်ရယ်စရာကောင်းလိုက်လဲ။
မင်းက ငါ့တိမ်ပင်လယ်အကယ်ဒမီကို ဘယ်လို
ခိုးဝင်ရဲတာလဲ။ ဒါကို မင်းတစ်ယောက်တည်းနဲ့
လုပ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး။ ဒါကြောင့်

နာခံစွာနဲ့ မင်းမှာ တခြားအဖော်တွေရှိရင်
ငါ့ကိုပြောပါ”

ယန်ယဲ့က လုံယုရန်ကို လှည့်ကြည့်ပြီး
"အပြင်စည်းခြံဝန်းမှာ နည်းပြဆရာတွေက
ပိုပြီးအာဏာရှိသလား ဒါမှမဟုတ်
အကြီးအကဲတွေက ပိုအဆင့်မြင့်လား"ဟု
မေးသည်။

လုံယုရန်က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်သည်။ ခဏတာ

တုံ့ဆိုင်းနေပြီးမှ “ဆရာတွေက
ပိုအဆင့်မြင့်တယ်။ နည်းပြဆရာက
အပြင်စည်းခြံဝန်းတစ်ခုလုံးကို အုပ်ချုပ်ရလို့
အကြီးအကဲတွေထက် ပိုအာဏာရှိတယ်။ မင်း
ငါတို့အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာကို
သိနေတာလား"

"အိုး....၊ ဒါဆို နည်းပြဆရာရဲ့အဆင့်အတန်းက
အကြီးအကဲတွေရဲ့အထက်မှာ ရှိတာပေါ့...."
ယန်ယွဲ့က ခေါင်းညိတ်ပြီး "တကယ်တော့
ဒီလူအိုကြီးကို...."

"တကယ်တော့ သူက တပည့်သစ်ခေါ်ယူတဲ့ စမ်းသပ်ပွဲမှာ ပါဝင်ဖို့လာခဲ့တဲ့ ကျောင်းသားပဲ" ဒီအချိန်မှာပဲ အာကာသဟင်းလင်းပြင်ထဲကနေ အသံတစ်သံထွက်ပေါ်လာသည် "သူက အရင်ကမဟုတ်ပေမယ့် အခုရှိနေပြီ"

အကြီးအကဲရှီ၏အမူအရာသည် ချက်ချင်းပင်ပြောင်းလဲသွားသည် "ဒါက စည်းမျဉ်းစည်းကမ်းတွေကို ဆန့်ကျင်တာပဲ"

သို့သော် မည်သည့်အသံမှ
ပြန်လည်ဖြေကြားခြင်းမရှိပေ။

အကြီးအကဲရှိ၏မျက်နှာသည် ပို၍ပင်
ဆိုးရွားလာခဲ့သည်။

ယန်ယဲ့က ကောင်းကင်ယံအထက်ကို
မျှော်ကြည့်ပြီးနောက် သူက ပြုံးလိုက်ရင်း
"ကောင်းပြီလေ…၊ ငါလက်ခံတယ်" အစောပိုင်း
စကားပြောခဲ့သူက
သူ့ကိုယ်ပိုင်အဆင့်အတန်းကို

သတိပြုမိထားကြောင်း သူသိနေသည်။ ထိုလူ ရှေ့ထွက်လာရခြင်းက သူဟာ အကယ်ဒမီ၏အဖွဲ့ဝင်များကို ဆက်ပြီးရိုက်နှက်နေမှာစိုးနေသောကြောင့်ပါ။

အကြီးအကဲရှီ က ယန်ယဲ့ကို စိုက်ကြည့်ကာ "မင်းကြည့်ရတာ အကယ်ဒမီမှာ ကျောထောက်နောက်ခံ ရှိပုံပဲ"

ယန်ယဲ့က ပြုံးသည် "ဒါက အဆင်ပြေပါတယ်"

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၂ - ရွှေနတ်ဆိုးဝံပုလွေတောင်တန်း

လှုပ်ရှားပြီ

အကြီးအကဲရှီက ယန်ယဲ့ကို

မှုန်ကုပ်ကုပ်အမူအရာဖြင့် စိုက်ကြည့်ကာ

“မင်းက အကယ်ဒမီမှာ

ကျောထောက်နောက်ခံရှိလို့

မောက်မာနိုင်တယ်လို့ မထင်နဲ့။

အပြင်စည်းခြံဝန်းက ငါရှိမန်ဖုန်း ပိုင်တယ်။ မင်း
စမ်းသပ်ပွဲကို အောင်မလားဆိုတာ
မပြောတတ်ဘူး ဆိုရင်တောင် ငါ မင်းကို
သတ်နိုင်သေးတယ်။
မင်းရဲ့ကျောထောက်နောက်ခံအတွက်....ဟမ့်။
ငါလည်း အကယ်ဒမီမှာ
ကျောထောက်နောက်ခံမရှိဘူးလို့
မင်းထင်လား"

"မင်းတကယ်ဒီလိုဖြစ်ချင်တာလား"
ဟုပြောရင်းယန်ယွဲ့၏မျက်နှာပေါ် ရှိ
အပြုံးသည်

တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။
အဘိုးအိုက သူ့ကိုခြိမ်းခြောက်နေသဖြင့်
သတ်ဖြတ်လိုသော်လည်း
လျှို့ဝှက်ဆန်းကြယ်သောအသံက သူ့ကို
တောင်းဆိုထားသည်ဖြစ်ရာ
စိတ်ကိုမနည်းပြန်ထိန်းထားလိုက်ရသည်။

“မဟုတ်ဘူး”
အကြီးအကဲရှိ၏ပါးစပ်ထောင့်တွင်
အေးစက်သော အပြုံးတစ်ခု ထွက်ပေါ်လာပြီး
"ဒါပေမဲ့ မင်းကို ငါဘာမှမလုပ်ပါဘူးလေ။
မင်းက ရဲယန် မဟုတ်လား။

မင်းစောင့်နေရုံပဲ....”

"ကြည့်ရတာ ငါတို့ ဘာမှလုပ်စရာမလိုဘူး" ဖုန်းဝူချောင်က အေးစက်စွာ ရယ်မောလိုက်သည်။ ထို့နောက် တစ်ဖက်လှည့်ကာ မိုရှင်းယုနှင့် အခြားလူများနှင့်အတူ အကြည့်ချင်းဖလှယ်လိုက်သည်။

လုံယုရန်က ယန်ယဲ့ကို ရုတ်တရက်ပြောလိုက်၏ "ငါတို့တော့ ပြီးပြီ"

ယန်ယဲ့က အံ့သြသွားပြီး "ဘာလို့လဲ"

လုံယုရန်က "အပြင်စည်းခြံဝန်းမှာ နည်းပြဆရာ မရှိဘူးဆိုတော့ အပြင်စည်းခြံဝန်းက အကြီးအကဲတွေပဲ

အကြွင်းမဲ့အာဏာကို ပိုင်ဆိုင်တယ်လို့ ပြောလို့ရတယ်။ ဒါဆို မင်းသူ့ကို စော်ကားလို့ မပြီးသေးဘူးလား။ ပြီးတော့ အကယ်ဒမီက ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနဲ့ နှစ်ပေါင်းများစွာတိုင် ဆက်သွယ်လာခဲ့တာလေ။

အကြီးအကဲရှိက ဒီတောင်တန်းမှာရှိတဲ့ နတ်ဆိုးဗိုလ်ချုပ်တစ်ယောက်ယောက်နဲ့ သေချာပေါက်သိနေမှာပဲ။ မင်း အကယ်ဒမီကို ဝင်ပြီးတဲ့အထိ စောင့်နေစရာတောင် မလိုတော့ဘူး။ သူက နတ်ဆိုးဗိုလ်ချုပ်ကို အကြောင်းကြားလိုက်တာနဲ့ မင်း သေချာပေါက် သေရလိမ့်မယ်...."

ဝေါင်း!

လုံယုရန်၏စကားပင် မဆုံးသေး၊
အဝေးဆီကနေ ဟိန်းသံတစ်ချက်
ထွက်ပေါ်လာသည်။ ထို့နောက်တွင်တော့
သိုင်းကေရာဇ်အထွတ်အထိပ်အဆင့်
နတ်ဆိုးဝံပုလွေကြီးတစ်ကောင်က
နတ်ဆိုးဝံပုလွေ ၄၀ ကျော်ကို ဦးဆောင်ကာ
ပြေးထွက်လာခဲ့သည်။

သူတို့ပစ်မှတ်က ယန်ယဲ့၏အဖွဲ့ကိုပါ။

"ဒီလူအိုကြီးက ငါ့အပေါ်
ညစ်ပတ်တဲ့လှည့်ကွက်တွေ ကစားနေတာလား"
ယန်ယဲ့သည် သူတို့ဆီသို့ ဦးတည်လာနေသော
နတ်ဆိုးဝံပုလွေများကို စိုက်ကြည့်ရင်း
သူ့မျက်လုံးများတွင် အေးခဲနေသော
အရိပ်အယောင်တစ်ခု ရှိနေသည်။

“ပြေးတော့” လုံယုရန်က လေးလံစွာ
ပြောလိုက်သည်။ နောက်ဆုံးတွင်
၎င်းတို့အုပ်စုက
သိုင်းဂေရာဇ်အထွတ်အထိပ်အဆင့်
နတ်ဆိုးသားရဲနှင့်

ချီးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲ
၄၀ ကျော်ကိုအနိုင်ယူဖို့ အခွင့်အရေးမရှိပေ။

ခမ်းနားသောဝတ်ရုံဝတ်လူငယ်နှင့်
အနက်ရောင်ဝတ်လူငယ်ကလည်း
ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"ဘာလို့ ထွက်ပြေးရမှာလဲ"
စကားပြောပြီးသည်နှင့် ယန်ယွဲ့၏ပုံရိပ်သည်
ရှေ့သို့ တိုးလာကာ
သိုင်းကေရာဇ်အထွတ်အထိပ်အဆင့်

နတ်ဆိုးဝံပုလွေခေါင်းဆောင်အား
တိုက်ခိုက်လိုက်ကြောင်း
သူတို့မြင်လိုက်ရသည်။

တန်ရှားအိုရူ နှင့် လုံယုရန် တို့နှစ်ယောက်လည်း
 ဤမြင်ကွင်းကိုမြင်သောအခါ
မျက်နှာပျက်သွားပြီး ဆက်မကြည့်ရဲတော့ဘဲ
တစ်ဖက်လှည့်လိုက်ကြသည်။

အုန်း!

သို့ပါသော်လည်း
သူတို့ထင်ထားသည့်အတိုင်းမဟုတ်ခဲ့ပေ။
ရုပ်ပျက်ဆင်းပျက် လွင့်ထွက်သွားသည့်ပုံရိပ်က
ယန်ယဲ့မဟုတ်ပါ။ ထိုအစား
သိုင်းကေရာဇ်အထွတ်အထိပ်အဆင့်
နတ်ဆိုးဝံပုလွေခေါင်းဆောင်သာဖြစ်သည်။

ဘုန်း! ဖောင်း! ဖောင်း!

ရောမပုံရိပ်ကြီးများ အဆက်မပြတ်
လွင့်ပျံနေကာ

ပေါက်ကွဲသံကြီးများစွာပင် ဆက်တိုက်ထွက်ပေါ်လာသည်။ အချိန် ၁၀ မိနစ်မပြည့်ခင်မှာပဲ သိုင်းကေရာဇ်အထွတ်အထိပ်အဆင့် နတ်ဆိုးဝံပုလွေခေါင်းဆောင် အပါအဝင် နတ်ဆိုးသားရဲများအားလုံး အသတ်ခံလိုက်ရလေတော့သည်။

အနက်ရောင်ဝတ်ရုံလူငယ်က ဤမြင်ကွင်းကိုမြင်ပြီးနောက် "ဒီရဲယန်က လူသားမဖြစ်နိုင်ဘူး"

ခမ်းနားသောဝတ်ရုံနှင့်လူငယ်ကလည်း
ခေါင်းညိတ်ကာ “အမှန်ပဲ” ဟု
သဘောတူလိုက်သည်။

လုံယုရန်က ယန်ယွဲ့ကို
အချိန်တော်တော်ကြာသည်ထိ
လေးလေးနက်နက်
စိုက်ကြည့်လိုက်သော်လည်း စကားတစ်ခွန်းမှ
မပြောပေ။

ယန်ယဲ့သည် လက်နှစ်ဖက်ကိုအသာတီးပြီး
စကားပြောခါနီးတွင် သူ့အမူအရာက
ရုတ်တရက် ပြောင်းလဲသွားကာ
ကောင်းကင်ဆီသို့ အလိုလို
မျှော်ကြည့်လိုက်သည်။

ဟောက်!

ပြင်းထန်သောဟိန်းဟောက်သံက လေထဲသို့
ပဲ့တင်ထပ်ကာ ကောင်းကင်တစ်ခုလုံးပင်
တုန်ခါသွားခဲ့သည်။

ဂါး! အူး! ဝူး…!

တောင်တန်းတစ်လျှောက် မရေမတွက်နိုင်သော ဟိမ်းသံများ
ကျယ်လောင်လာစွာထွက်ပေါ် ပြီးနောက်
တောင်တန်းတစ်ခုလုံး တုန်လှုပ်သွားကာ
ပတ်ဝန်းကျင်တစ်ခုလုံးမှ
နတ်ဆိုးသားရဒများ၏ ဟိန်းသံများကို
ကြားလိုက်ရလေသည်။

“ကောင်းကင်ဝက်ပါ ပျက်စီးသွားပြီ။

နတ်ဆိုးဝံပုလွေတွေ အကုန် ထွက်လာကြပြီ…

.” လုံယုရန်၏အမူအရာသည်

ဆိုးဆိုးရွားရွားပြောင်းလဲသွားကာ

တုန်လှုပ်ချောက်ချားစွာဖြင့် ပြောနေခဲ့သည်။

"ဒါဆို ရွှေနတ်ဆိုးဝံပုလွေဘုရင်က

တိမ်ပင်လယ်မြို့တော် နဲ့

တိမ်ပင်လယ်အကယ်ဒမီကို တိုက်ခိုက်ဖို့

ရည်ရွယ်ထားတာလား"

ရုတ်တရက် ကောင်းကင်ယံအထက်၌

ကျယ်လောင်သော အသံတစ်ခု

ထွက်ပေါ်လာသည် "စမ်းသပ်ပွဲမှာ ပါဝင်နေတဲ့ အကယ်ဒမီကျောင်းသားတွေ! အားလုံး အကယ်ဒမီကို မြန်မြန် ပြန်လာကြတော့..."

သို့သော်လည်း အသံပင်မဆုံးသေးပေ၊ ဝံပုလွေတစ်ကောင်၏ ဟိန်းသံ ထွက်ပေါ်လာပြီး အသံက ပြန့်ကျဲသွားပါတော့သည်။

ယန်ယဲ့က "ရွှေနတ်ဆိုးဝံပုလွေတောင်တန်း နဲ့ တိမ်ပင်လယ်အကယ်ဒမီရဲ့ ဆက်ဆံရေးက အတော်လေးရင်းနှီးခဲ့တာ မဟုတ်လား"

"အဆင်ပြေတာလား" လုံယုရန်က ခေါင်းခါလိုက်ပြီး "လူသားနဲ့ နတ်ဆိုးတွေက ဘယ်လိုလုပ် ခင်မင်ရင်းနှီးတဲ့ ဆက်ဆံရေးရှိနိုင်မလဲ။ နှစ်ဖက်စလုံး လုံခြုံငြိမ်းချမ်းစွာရပ်နေတဲ့အကြောင်းအရင်းက တစ်ဖက်နဲ့တစ်ဖက် ဘာမှမလုပ်နိုင်လို့ပဲ။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ကြောက်နေကြတယ်။ အခု

ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
အကယ်ဒမီရဲ့လူသစ်စုဆောင်းတဲ့အချိန်မှာ
ရုတ်တရက်ကြီး တိုက်ခိုက်လာတယ်ဆိုတော့
သူတို့က အနိုင်ရဖို့ ယုံကြည်နေမယ်ထင်တယ်"

ယန်ယွဲ့သည် ပတ်ဝန်းကျင်ဆီသို့
လှည့်ပတ်ကြည့်နေရင်းမှ မျက်လုံးများကို
အနည်းငယ်မှိတ်ထားသည်။ သူ့မျက်လုံးများကို
နောက်တစ်ကြိမ်မဖွင့်မီ
အချိန်အတော်ကြာအောင် တိတ်ဆိတ်နေပြီးမှ
“ဒီနေရာမှာ ထူးဆန်းပြီးအစွမ်းထက်တဲ့
ဝက်ပါတစ်ခုရှိနေတယ်။ အဲဒါက

ဝိညာဉ်စွမ်းအင်တွေကို ဖိနှိပ်ထားနိုင်တယ်။
ငါ့ရဲ့ဝိညာဉ်စွမ်းအင်နဲ့တောင် မီတာ ၃၀၀
အဝေးကိုရောက်သွားရင် ဘာကိုမှ
မမြင်နိုင်တော့ဘူး။ ကြည့်ရတာ
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
ကြိုပြီးပြင်ဆင်ထားတာဖြစ်မယ်"

တန်ရှားအိုရှုက ရုတ်တရက်မေးလိုက်သည်
"အခု ငါတို့ ဘာလုပ်ရမလဲ"

လိုယုရန် နှင့် အခြားသူများကလည်း အကြည့်ချင်းဖလှယ်ကာ ယန်ယဲ့ကို ကြည့်နေကြသည်။
ခမ်းနားသောဝတ်ရုံနှင့်လူငယ်က "မင်းက ဒီမှာ အသန်မာဆုံးပဲ၊ ဒါကြောင့် မင်းပဲ ဆုံးဖြတ်ချက်တွေ ချသင့်တယ်"

ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး "ငါတို့က တောင်တန်းရဲ့အပြင်ဖက်မှာရှိတဲ့ တိမ်ပင်လယ်မြို့တော်ကို ရောက်ဖို့ တော်တော်ခက်တယ်။ ဒါပေမဲ့ ငါတို့ အဲဒီကို ပြန်ရမယ်။ ဒါ့အပြင် ပျံသန်းမယ်ဆိုရင်

ပစ်မှတ်အလိုလိုဖြစ်သွားမှာဆိုတော့
ဒီအတိုင်းလမ်းလျှောက်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိဘူး"

တန်ရှားအိုရှူက "ငါတို့ ဘာလို့ အကယ်ဒမီကို
ပြန်သွားရမှာလဲ" ဟု ရုတ်တရက်
မေးလိုက်သည်။

ယန်ယွဲ့က "ဒါက တိမ်ပင်လယ်အကယ်ဒမီ
ဒါမှမဟုတ် ရွှေနတ်ဆိုးဝံပုလွေတောင်တန်းရဲ့
အင်အားက အနည်းဆုံးကီလိုမီတာ ၁

သန်းကျော်ရှိတယ်။ ဒီလိုပလက်တီနမ်အဆင့်

အင်အားစု နှစ်ခုကြားက စစ်ပွဲမှာ

မင်းဘယ်ကို ထွက်ပြေးမလဲ။ ဒါ့အပြင်

မင်းတို့အားလုံးကို အကယ်ဒမီရဲ့

ကျောင်းသားတစ်ဝက်လို့

သတ်မှတ်နိုင်တယ်။ အခု အကယ်ဒမီ

ဒုက္ခရောက်နေတဲ့အခါ မင်းတို့အားလုံး

ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးဖို့

ရည်ရွယ်ထားတာလား”

တန်ရှားအိုရှူက ယန်ယွဲ့ကို
ကြောက်ရွံ့စိတ်အနည်းငယ်ဖြင့် စိုက်ကြည့်ရင်း
"ငါ...အဲလို မဟုတ်ဘူး.... မြို့ကို
နတ်ဆိုးသားရဲတွေ ဝိုင်းရံထားမယ်လို့
ငါထင်တယ်။ ငါတို့ အခု မြို့ကို ပြန်သွားရင်
သူတို့နဲ့ ထိပ်တိုက်ရင်ဆိုင်ရမှာ မဟုတ်ဘူးလား။
ငါတို့အားလုံး
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်တွေချည်းပဲ။
ပလက်တီနမ်အဆင့် အင်အားစုချင်း
စစ်ဖြစ်နေတာကို ဘယ်လိုလုပ် ဝင်ပါနိုင်မှာလဲ"

"သူမ မှန်တယ်" လုံယုရန်က
ခေါင်းညိတ်သဘောတူသည် "ငါတို့ အခု
မြို့ကိုပြန်သွားရင် အဲဒီနတ်ဆိုးသားရဲတွေနဲ့
သေချာပေါက်ထိပ်တိုက်တွေ့လိမ့်မယ်။
တကယ်လို့သာ ကံဆိုးပြီး
သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲတစ်ကောင်နဲ့ တွေ့ခဲ့ရင်
ငါတို့တွေ အသာလေးအသတ်ခံရလိမ့်မယ်”

"ဒါဆို မင်းတို့အားလုံး ဘာဆက်လုပ်ဖို့
ရည်ရွယ်ထားလဲ" ယန်ယဲ့က
ဆက်ပြောလိုက်၏

"ပုန်းဖို့နေရာရှာနေတာလား။ ဒါမှမဟုတ် ထွက်ပြေးမှာလား။ ကိုယ့်ပတ်ဝန်းကျင်ကို စစ်ဆေးလို့တောင်မရတာ မင်းတို့အားလုံး ဒီတောင်တန်းကနေ လွတ်အောင် ဘယ်လိုထွက်ပြေးကြမလဲ"

အားလုံးတိတ်ဆိတ်သွားကြသည်။

ယန်ယဲ့က ရပ်မနေဘဲ "ငါတို့အုပ်စုက တကယ်ကို မသန်မာပေမဲ့ ငါတို့က အားနည်းနေတာလား။ ငါတို့က

အားနည်းနေရင်တောင်

ကိုယ့်လာသတ်နေတာလေ။ ဒီလိုဆိုတော့

သူတို့ကို

ငါတို့ဘာလို့ပြန်မသတ်တာလဲ။အစောတုန်းက

ချီးမြှောက်ခြင်းနယ်ပယ်အဆင့်

နတ်ဆိုးသားရဲတွေကို မတွေ့လို့

မင်းတို့စိတ်ပူနေတာမဟုတ်လား။ အခု သူတို့က

မင်းတို့ပတ်ပတ်လည်မှာရှိနေပြီလေ။

ဒါ့ပြင်မြို့တော်ကို ပြန်ရောက်ရင် အကယ်ဒမီက

ပညာရှင်တွေ စေလွှတ်ပြီး ငါတို့ကို

ကယ်တင်ပေးမှာသေချာပါတယ်။

ရှေ့နတ်ဆိုးဝံပုလွေတောင်တန်းက

တိမ်ပင်လယ်အကယ်ဒမီနဲ့ တိမ်ပင်လယ်မြို့ကို
ခဏလေးနဲ့ ဖျက်ဆီးပစ်နိုင်လောက်အောင်
အစွမ်းထက်တယ်လို့ ငါတော့ မယုံဘူး”

အနက်ရောင်ဝတ်ရုံလူငယ်က ယန်ယဲ့ကို
စိုက်ကြည့်မလာခင် အချိန်အတော်ကြာ
တိတ်ဆိတ်ငြိမ်သက်သွားကာ “ငါ့နာမည်
ဟဲရှာပါ။ ငါမင်းနဲ့လိုက်ခဲ့မယ်"

ခမ်းနားသောဝတ်ရုံနှင့်လူငယ်ကလည်း
“သူတို့က ငါ့ကို ဟောင်ရှုအိုင်ပို လို့ ခေါ်ပေမဲ့

မင်း ငါ့ကို ဟောင်ရှူအိုင် လို့ ခေါ် နိုင်တယ်။ ငါလည်း မင်းနဲ့လိုက်ခဲ့မယ်"

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး လုံယုရန် နှင့် တန်ရှားအိုရူ ကို ကြည့်လိုက်ကာ "ငါ သေချာပေါက် အကယ်ဒမီကို ပြန်သွားနေတာပါ။ မင်းတို့နှစ်ယောက်လုံး ငါ့နောက်ကိုလိုက်နိုင်သလို မလိုက်ချင်ရင် ထွက်သွားနိုင်ပါတယ်။ ဒါပေမဲ့ အကယ်ဒမီက ဒီလိုအခြေအနေတွေ ကြုံလာတဲ့အခါ မင်းတို့နှစ်ယောက်လုံးထွက်သွားရင် အကယ်ဒမီရဲ့နာမည်ပျက်စာရင်းသွင်းမယ်လို့

အာမခံပါတယ်။ ဒါကို မင်းတို့က
ခြိမ်းခြောက်မှုတစ်ခုအနေနဲ့ ယူဆလို့ရတယ်"

လုံယုရန်က ယန်ယဲ့ကို ကြည့်လိုက်ပြီး
"ငါလည်း မင်းနဲ့လိုက်ခဲ့မှာပါ"

တန်ရှားအိုရှုက အမြန်ခေါင်းညိတ်ကာ
"ငါလည်း ပါပါတယ်"

###Book.63